အုန်းဖုံးကျေးရွာ

သပိတ်ကျင်းမြို့နယ်

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း

(၂၀၁၆- ၂၀၂၀)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

အုန်းဖုံးကျေးရွာ၊ သပိတ်ကျင်းမြို့နယ်

(မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ

မာတိကာ

မာတိကာ ၁

စကားချီး ၄

အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့် အစီအစဉ် ၆

၁။ နိဒါန်း- ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု ၆

(က) ရည်ရွယ်ချက်နှင့် ကျိုးကြောင်း ဖော်ပြချက်

(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

၂။ ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ ၈

(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား

(ခ) သဘာဝအရင်းအမြစ်များ

၃။ ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ ၈

(က) လူဦးရေဆိုင်ရာ အချက်အလက်များ

(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

(ဃ) ကျန်းမာရေးနှင့် အာဟာရ

(င) ပညာရေးနှင့် ကျွမ်းကျင်မှုများ

(စ) ကျားမဆိုင်ရာ ဆက်နွယ်မှု

၄။ ကဏ္ဍအသီးသီး၏ လက်ရှိ ဖွံ့ဖြိုးမှု အခြေအနေ ၁၀

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

(ဂ) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာ စီမံခန့်ခွဲမှု

(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

(ဆ) လူငယ်နှင့် ယဉ်ကျေးမှု

(ဇ) အခြေခံ အဆောက်အဦများလက်လှမ်းမီမှု - လမ်း၊ တံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

၅။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ ၁၅

(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

၆။ ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ ၁၆

၇။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များနှင့် ဗဟိုအဆင့် မူဝါဒများအကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ ၁၈

၈။ ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ ၁၉
(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်
(ခ) ကဏ္ဍနှင့် ရင်းနှီးမြုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စု သတ်မှတ်ခြင်း
(ဂ) ဦးစားပေး စီမံချက်များ
(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

၉။ ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ် ၂၇

၁၀။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ ၂၈
(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ
(ခ) ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်းများ
(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ
(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန် အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ

၁၁။ စီမံကိန်း ကြီးကြပ်စစ်ဆေးခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း ၃၀
(က) ကြီးကြပ်စစ်ဆေးခြင်း
(ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း
(ဂ) နည်းပညာဆိုင်ရာ အကူအညီ

နောက်ဆက်တွဲ

နောက်ဆက်တွဲ (၁) စီမံကိန်း ဇယားများ ၃၂
(၁) လူမှုစီးပွားရေး အခြေအနေ
ဇယား ၁ လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ
ဇယား ၂ လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား
ဇယား ၃ ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု
ဇယား ၄ ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ
ဇယား ၅ ဥစ္စာဓန အဆင့် အခြေအနေ
ဇယား ၆ ကျေးရွာ၏ ဝမ်းစာဖူလုံမှု အခြေအနေ
ဇယား ၇ ကူညီ စောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှုအခြေအနေ
ဇယား ၈ ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ
ဇယား ၉ ထိခိုက်သက်ရောက်မှု ခံရနိုင်သည့် အုပ်စု
(၂) ကဏ္ဍအသီးသီး၏ လက်ရှိ ဖွံ့ဖြိုးမှု အခြေအနေ
ဇယား ၁၀ ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ
ဇယား ၁၁ ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ
ဇယား ၁၂ ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု
ဇယား ၁၃ ကျေးရွာ၏ ရေအရင်းအမြစ် နှင့် ရေသွင်းဧရိယာ
ဇယား ၁၄ အဓိကသီးနှံများနှင့် အထွက်နှုန်း
ဇယား ၁၅ ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု
ဇယား ၁၆ သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ
ဇယား ၁၇ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား ၁၈ မွေးမြူရေးနှင့်ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ

ဇယား ၁၉ မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ
ဇယား ၂၀ မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား ၂၁ စိုက်ပျိုးမွေးမြူရေး မဟုတ်သော အသက်မွေးလုပ်ငန်းများ
ဇယား ၂၂ စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် အခွင့်အလမ်း၊ ပြဿနာနှင့်အခက်အခဲများ
ဇယား ၂၃ ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ
ဇယား ၂၄ ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း
ဇယား ၂၅ သဘာဝပတ်ဝန်းကျင်နှင့် သဘာဝ အရင်းအမြစ် စီမံခန့်ခွဲမှုအတွက်လက်ရှိ အလေ့အကျင့်နှင့် အခက်အခဲများ
ဇယား ၂၆ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အခက်အခဲများနှင့် သဘာဝဘေးအန္တရာယ်လျော့ချရေး အစီအမံများ
ဇယား ၂၇ မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်ပညာ ပြီးစီးမှုနှုန်း
ဇယား ၂၈ ကျောင်းအပ်နှုန်း
ဇယား ၂၉ စာသင်ကျောင်းဆောင် အခြေအနေ
ဇယား ၃၀ ပညာရေး အခက်အခဲနှင့် ပြဿနာများ
ဇယား ၃၁ အဖြစ်များသော ရောဂါများ
ဇယား ၃၂ ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ
ဇယား ၃၃ သောက်သုံးရေ ရရှိမှု
ဇယား ၃၄ သန့်ရှင်းရေး အခြေအနေ
ဇယား ၃၅ ကျေးရွာ၏ လမ်း၊ တံတားတည်ရှိမှု အခြေအနေ
ဇယား ၃၆ ရေကြောင်း သယ်ယူပို့ဆောင်ရေး
ဇယား ၃၇ သယ်ယူပို့ဆောင်ရေးယာဉ်များ
ဇယား ၃၈ လျှပ်စစ်မီးရရှိမှု အခြေအနေ
ဇယား ၃၉ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာ အခြေအနေ
ဇယား ၄၀ ယာဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေး အခြေအနေ
ဇယား ၄၁ ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမီမှု
ဇယား ၄၂ မှုခင်းဖြစ်ပွားမှု အခြေအနေ
နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေမည့်အခြေအနေ ကောင်း များ၊ အဟန့်အတားနှင့် ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ ၆၆
ဇယား ၄၃ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ
ဇယား ၄၄ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက်အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ
နောက်ဆက်တွဲ (၃)ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ) ၆၈
ဇယား ၄၅ ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ)
ကိုးကားစာရင်း ၇၇
အပိုင်း (ခ) စီမံချက်ဆိုင်ရာ အချက်အလက် ၇၈
စီမံချက်ဆိုင်ရာ အချက်အလက် ပုံစံ

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၁၅/၁၆ ဘဏ္ဍာရေးနှစ်မှ ၂၀၁၉/၂၀ခုနှစ် အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော လူထုကိုယ်တိုင်ပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဖြစ်ပါတယ်။ ကနဦးအနေဖြင့်စီမံချက်ဖြစ်မြောက်ရေးအတွက်လိုအပ်သော နည်းပညာများပံ့ပိုးပေးသော မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါ သည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသောကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများကိုလည်းကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုကိုယ်တိုင်စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင်စနစ်တကျပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင်ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေး ကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကိုသိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက် ရရှိနိုင်သောနေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သောကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောစီမံကိန်းကို ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက် များထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်းပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင် သွားရပါမည်။

ဤဖွံ့ဖြိုးရေးစီမံကိန်းတွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မြို့နယ်အဆင့်အစိုးရဌာနများ၏ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ဆောင်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန် အတွက်ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤစီမံကိန်းတွင်အပိုင်း (၂) ပိုင်းပါရှိပါသည်။ အပိုင်း (က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်တို့ ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်းအစီအစဉ်များ၊ ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့်လုပ်ငန်းဆောင် ရွက်မှုအဆင့်ဆင့်တို့ကို

အဓိကဖော်ပြထားပါသည်။ အပိုင်း(ခ) သည် စီမံချက်ဆိုင်ရာအချက်အလက်၊ အကြောင်းအရာများ ဖြစ်ပြီး အဆိုပြု စီမံချက်လုပ်ငန်းများ၏ အသေးစိတ်အချက် အလက်များ ပါဝင်ပါသည်။

၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
အုန်းဇုံးကျေးရွာ၊
သပိတ်ကျင်းမြို့နယ်။

အပိုင်း (က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့်လုပ်ငန်းအစီအစဉ်

၁။ နိဒါန်း

(က) ရည်ရွယ်ချက်နှင့် ကျိုးကြောင်းဖော်ပြချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ ပြည်ပအဖွဲ့အစည်းများ၏နိုင်ငံအတွင်း ဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံးကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲအကောင်ထည်ဖော်မည့် အစီအစဉ်သစ်ဖြစ်ကြောင်းသိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူကိုယ်တိုင် တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်က ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရေး အတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ် ရေးဆွဲပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုးဆိုင်ရာကိန်းဂဏန်း၊ သတင်းအချက်အလက်များ ပြုစုရန် အရေးကြီးပုံကို အလေးထားမိလာကြပါသည်။ ထို့အပြင်ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများ စသည်တို့ထံမှ လိုအပ်သော ကိန်းဂဏန်း၊ သတင်းအချက်အလက်များ ရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်း အကောင်ထည်ဖော်ရန် လိုအပ်သော နည်းပညာများ ရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင် ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသော ပြဿနာများ၊ ထိုပြဿနာများ ဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကို အပံ့အပိုးဖြစ်စေသော အချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ (၅)နှစ်တာကာလအပြီးတွင် ရရှိအောင်ဆောင်ရွက်လိုသည့် ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ကျေးရွာအနေနှင့် ဆောင်ရွက်မည့် နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်းဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများလုပ်ဆောင်ရန် လိုအပ်သောအရာများနှင့်ငွေကြေးရရှိနိုင်မည့် လမ်းကြောင်းများကို လည်း ဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သော အစိုးရဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အရပ်ဖက် လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့် ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏ အာရုံစိုက်မှုကိုရစေပြီးကျေးရွာဖွံ့ဖြိုးရေးနှင့် ပတ်သက်သူမှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏အသုံးဝင်မှုများကို သိရှိစေရန်မျှော်လင့်ပါသည်။

(ခ) နိုင်ငံတော်အစိုးရအဖွဲ့များအတွက် အသုံးဝင်မှု

ကျွန်ုပ်တို့၏ကျေးရွာအဆင့်အားထုတ်မှုများအတွက် မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာအကူအညီများကို စုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကို မြို့နယ်အဆင့်၊ ပြည်နယ်နှင့်တိုင်းအဆင့်၊ ပြည်ထောင်စု အဆင့် အစိုးရအဖွဲ့အစည်းများအား တင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏လိုလားချက်နှင့် ၎င်းတို့၏ စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs) ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင်အဖွဲ့အစည်းများသည် ကျေးရွာလူထု၏ အမှန်တကယ် လိုအပ်ချက်များနှင့် ဦးစားပေး ဆောင်ရွက်ရမည့် လုပ်ငန်းများအား ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာ လိုအပ်ချက်များအတွက် သတင်းအချက်အလက်များ ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအား သိရှိလာခြင်းကြောင့် ကျွန်တော်တို့ ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏သုတေသနလုပ်ငန်းများကို စီစဉ်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့် ပြည်သူ့အရေးရပ်တည်မှုပေးသည့်အဖွဲ့အစည်းများအနေဖြင့်ယုံကြည်ရလောက်သည့် သတင်းအချက်အလက် များကို ရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့်ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာငွေကြေးဆိုင်ရာအဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာအစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်း ပေါင်းစည်းဆောင်ရွက်မှု ပိုမိုကောင်းမွန်စေပြီးကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ် ညှိနှိုင်းစီစဉ်မှုများ ပြုလာနိုင်ပါမည်။

(ဂ) စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

ယခင်က ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ ကိုယ်တိုင် တတ်နိုင်သော ငွေကြေး၊ အစိုးရနှင့် အခြားအဖွဲ့အစည်းများထံမှ ရနိုင်မည့် အကူအညီများကို အခြေခံကာ ဦးစားပေးစီမံကိန်းများ ချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲ ကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထားပါ သည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့်ရရှိပြီး အမြင်ရှင်းလင်းမှုရစေကာဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကိုအဓိကနေရာတွင်ထားရှိခြင်းဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကို လူထုပါဝင်၍ စုစည်းခြင်း၊ ဦးစားပေးရွေးချယ် ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကို တိတိကျကျ ပံ့ပိုးပေးရာ ရောက်ပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးအစီအစဉ်ကို အကောင်အထည်ဖော်ရာတွင်ပစ္စည်းအခက်အခဲ၊ ငွေကြေးအခက်အခဲ၊ နည်းပညာအခက်အခဲများရှိနေပါသည်။ သို့ဖြစ်၍ လက်တွေ့အကောင်အထည်ဖော်ရာတွင် ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေး လိုအပ်ချက်များအား အများဆုံးနှင့် အထိရောက်ဆုံး ဖြည့်ဆည်းနိုင်မည့် စီမံကိန်းများကို ဦးစားပေး ရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏စွမ်းရည်နှင့် လိုအပ်သော အရင်းအနှီးများ ပြည့်စုံမှုပေါ်မူတည်၍နောင်တွင်တဖြည်းဖြည်းတိုးချဲ့ဆောင်ရွက်သွားမည့် အစီအစဉ်မျိုး ဖြစ်ပါသည်။

၂။ ကျေးရွာ၏ တည်နေရာ၊ ပထဝီအနေအထားနှင့် သဘာဝအရင်းအမြစ်များ

(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား

အုန်းဖုံးကျေးရွာသည် မန္တလေး၊ မိုးကုတ်လမ်းအနီးတွင် တည်ရှိပါသည်။ သပိတ်ကျင်းမြို့နယ်၏ အရှေ့မြောက်ဘက်ပိုင်းတွင် တည်ရှိပြီး၊ သပိတ် ကျင်း မြို့မှ ၁၄ မိုင်ခန့်၊ ဧရပ်ကွင်းမှ ၁ မိုင် ၄ ဖာလုံ၊ မန္တလေးမြို့မှ ၇၂ မိုင်ခန့်ကွာဝေးပါသည်။ ကျေးရွာသည် ယေဘုယျအားဖြင့် အအေးပိုင်း ဒေသတွင် ကျရောက်ပြီး၊ နွေရာသီတွင် အပူလွန်ကဲပြီး၊ ဆောင်းရာသီတွင် အအေး လွန်ကဲမှုရှိသော ရာသီဥတု ဖြစ်ပါသည်။ မိုးနည်းရပ်ဝန်းတွင် ကျရောက်သဖြင့် ခြောက်သွေ့သော ရာသီ ဥတု ကို ခံစားရပါသည်။ မြို့နယ်တွင် ရွာ သွန်း မြဲ မိုးရေချိန်သည် ၄၄ လက်မဖြစ်ပြီး၊ တစ်နှစ်ပတ်လုံး မိုးရွာသွန်း မှုမှာ ပုံမှန်အားဖြင့် မိုးရွာရက် ၄၁ ရက် ရွာသွန်းပါသည်။ ၂၀၁၀ခုနှစ် မြို့နယ်၏ အမြင့်ဆုံးပျမ်းမျှ အပူချိန် ၃၀.၁ ဒီဂရီစင်တီဂရိတ်ရှိပြီး၊ အနိမ့်ဆုံးပျမ်းမျှ အပူချိန်သည် ၂၄.၂ ဒီဂရီစင်တီဂရိတ် ရှိပါသည်။

(ခ) သဘာဝအရင်းအမြစ်များ

ကျေးရွာရှိ စိုက်ပျိုးမြေများသည် မြေဆီမြေဩာ အသင့်အတင့် ကောင်းမွန်သော စိုက်ပျိုးမြေများဖြစ်ကြပါသည်။ ကျေးရွာရှိ လယ်မြေများသည် ဆည်ဒိုချောင်း၊ တောင်ကျချောင်းများမှ ချောင်းရေကို အမှီပြုပြီး စိုက်ပျိုးနိုင်ပါသည်။ ကျေးရွာအနီးတွင် ချောင်းကြီးကြိုးဝိုင်း သစ်တော ဧရိယာတွင် တည်ရှိ သည်။ ကျေးရွာပိုင် သစ်တော (၁၂၅ဧက) ခန့်ရှိပြီး၊ ကျွန်း၊ ပျဉ်းကတိုး၊ သစ်ရာ၊ အင်ကြင်း အစရှိသည့် သစ်မာသစ်များအပြင် အင်၊ မျှင်ဝါးနှင့် ဝါးဖြူများရှိပါသည်။ ထို့အပြင် ကျေးရွာ အနီးသဲချောင်း/ကျင်းမှ သဲထုတ်လုပ်ပြီး(ဆောက်လုပ်ရေးလုပ်ငန်းသုံး၊ လမ်းခင်း လုပ်ငန်းသုံး) သဲများကို ရောင်းချနိုင်ပါသည်။ ချောင်းကြီး ကြိုးဝိုင်းသစ်တောမှ တောထန်း၊ တပင်ရွှေထီး၊ တပင်တိုင်မြနန်း ၊ ဆေးမြင်းခွာ စသည့် ပရဆေးပင်များနှင့် ဝဥတို့ကို ရရှိပါသည်။

၃။ ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ

(က) လူဦးရေနှင့် လူဦးရေဆိုင်ရာအကြောင်းအရာများ

ကျေးရွာတွင် မိသားစု (၁၃၅) စုရှိပြီး လူဦးရေစုစုပေါင်း (၆၁၇) ဦးရှိပါသည်။ ပျမ်းမျှတစ်မိသားစုလျှင် (၄.၆) ဦးခန့်ရှိပါသည်။ ကျေးရွာတွင် အလုပ်လုပ်နိုင်သောလူဦးရေ (၆၅.၂%) ရှိပြီး လူဦးရေစုစုပေါင်း၏ (၃၄.၈) % သည် မှီခိုသူများ ဖြစ်ကြပါသည်။

(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

ကျေးရွာသည် လယ်ယာဥယျာဉ်ခြံမြေစိုက်ပျိုးခြင်း ကိုအဓိက လုပ်ကိုင်ကြပြီး၊ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်သူ (၅၂.၆%) ရှိပါသည်။ အခြားအိမ် ထောင်စုများသည် ရွှေလုပ်ငန်း၊ အခြားကြံ့ရာကျပန်းလုပ်ငန်းများကို လုပ်ကိုင်အသက်မွေးဝမ်းကျောင်းပြုကြ ပါသည်။ အိမ်ထောင်စု (၁၃၅)စု၏ (၄၀%) နှုန်းမှာ အဆင်ပြေသောအိမ်ထောင်စုများဖြစ်ကြပြီး၊ စိုက်ပျိုးမြေဧက (၁၀ - ၁၅) ဧကခန့်ပိုင်ဆိုင်ကြပြီးငွေကြေးနှင့် ရင်းနှီးလုပ်ရသော လုပ်ငန်းများနှင့်အရောင်းအဝယ်လုပ်ငန်းများ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေး (နွား ၊ ဝက် ၊ ဒေသကြက်) များကို မွေးမြူခြင်းကို လုပ်ကိုင်ကြပါသည်။ ကျေးရွာတွင်မြေယာပိုင်ဆိုင်မှု လုံးဝမရှိသည့် အိမ်ထောင်စု(၄၇.၄%)ရှိပါသည်။ မြေ(၅) ဧကအောက်

ဆင်းရဲသားတောင်သူ၊ တောင်သူငယ်(၃၁.၉%)ရှိပြီး ထိုဆင်းရဲသား တောင်သူငယ်များသည် ခိုင်းကျွဲ၊ ခိုင်းနွားမပြည့်စုံခြင်း၊သွင်အားစုများ အပြည့်အဝ မထည့်နိုင်ခြင်းတိုကြောင့် စိုက်ဧက ပိုင်မှုမြေအားလုံးကို ပုံမှန်မစိုက်ပျိုးနိုင်ပါ။

(ဂ) ဆင်းရဲမွဲတေမှု၊ ထိခိုက်လွယ်မှုအခြေအနေ

ကျေးရွာလူထု အများစုသည် ဆင်းရဲသည်ကို တွေ့ရှိရပါသည်။ စစ်တမ်းကောက်ယူခြင်းအရ အဆင့် ၂ဆင့်လုံးရှိ အိမ် ထောင်စုများသည် နပ်ကျော်စားခြင်း၊ လျှော့စား ခြင်း၊ အခြားအစားအစာကို ပြောင်းလဲစားသုံးခြင်းမရှိကြဘဲ ပုံမှန် ၃ နပ်ပြည့်အောင်စားနိုင်ကြပါသည်။ နမူနာအိမ်ထောင်စုအများ၏ ၄.၅% သည် ၃ လအောက်နှင့် ၅ လအောက်အကြွေးမယူ၊ မချေးမငှားဘဲ စားနိုင်ကြပြီး၊ အများစုသောအိမ်ထောင်စုများသည် ၆ လမှ ၁၂ လအထိ စားသောက်နိုင်ကြပါသည်။ အဆင့် ၃ နှင့် ၄ အိမ်ထောင်စုများ၏ ၁၈.၁% သည် ၁ ရက်စာ နှင့် ၂ရက်မှ ၇ ရက်စာသိုလှောင်နိုင်ကြပြီး၊ ၃၆.၇% သည် ၈ ရက်မှ ၃၀ ရက်အထိဝမ်းစာသိုလှောင်နိုင်ကြပါသည်။ ကောက်ယူခဲ့သော အိမ်ထောင်စု၏ ၂၇.၃% သည် ၁ လကျော်စာ သိုလှောင်နိုင်ကြပါသည်။ စစ်တမ်းကောက်ယူခြင်းအရ အိမ်ထောင်စုအများစု ၁၈.၁%သာ အကြွေးလက်ရှိတင်ရှိနေပြီး၊ ၈၁.၈% သည် အကြွေးမြီ မကင်းကြပါ။ အနည်းဆုံး ၂ သောင်း မှ အများဆုံး ၅ သိန်းအထိ ရှိကြပါသည်။

ကျေးရွာရှိ မြေယာမဲ့၊ ကျပန်း၊ လက်လုပ်လက်စား မိသားစုများနှင့် တောင်သူငယ် မိသားစုများသည် ရာသီဥတုမမှန်ခြင်း ဝင်ငွေရအလုပ်ပုံမှန်မရှိခြင်း၊ ကုန်ဈေးနှုန်းမြင့်မားပြီး ဝင်ငွေနှင့် ထွက်ငွေ မျှတမှုမရှိခြင်းများကြောင့် ဝမ်းစာအခက်အခဲများနှင့် ကြုံတွေ့နိုင်ပါသည်။ ရွှေတူးလုပ်ငန်းများနှင့် အခြားဒေသများသို့ ကြုံရာကျပန်း သွားရောက်လုပ်ကိုင်သူအများစုမှာ လူငယ်များဖြစ်ပြီး မူးယစ်ဆေးဝါး၊ အလောင်းကစား နယ်မြေများ ဖြစ်သောကြောင့် လူကုန်ကူးခံရနိုင်ခြင်းနှင့် ကူးစက်ရောဂါကူးစက်ခံရနိုင်ခြင်းများကြုံတွေ့နိုင်ပါသည်။ ထို့အပြင် ရွှေတူးသည့်အခါ ကျောက်များကို ထိုးတွင်းဖောက်ခဲ့ရာတွင် အသုံးပြုသည့် ဗဟန်းအမှုန့်သည် အသက်ရှူလမ်းကြောင်း ထိခိုက်ခြင်းနှင့် လုပ်ငန်းခွင် ထိခိုက်မှုများများစွာကြုံတွေ့ရပြီး ကျေးရွာတွင် အဆုတ်ထိခိုက်ပြီး လူငယ်၊ လူလတ်ပိုင်း အသက်ဆုံးရှုံးသည်များ ကြုံတွေ့ရပါသည်။

(ဃ) ကျန်းမာရေးနှင့် အာဟာရ

ကျေးရွာတွင် ရာသီအကူးအပြောင်းတွင် ဖြစ်တတ်သော ရာသီတုပ်ကွေးနှင့် ငှက်ဖျားရောဂါများဖြစ်ကြပါသည်။ သစ်တောပြုန်းတီးလာပြီး၊ ခြင်ခိုအောင်မှု နည်းပါးလာခြင်း၊ ငှက်ဖျားတိုက်ဖျက်ရေးစီမံချက်များ လုပ်ဆောင်လာခြင်း၊ ကျန်းမာရေးဗဟုသုတများ များလာခြင်းတို့ ကြောင့် လျော့ကျလာပါသည်။ ကွင်းဆင်းလေ့လာချက်အရ ကျေးရွာသူ/သားများသည် ယေဘုယျအားဖြင့် အာဟာရပြည့်ဝကြပါသည်။ သို့သော် အာဟာရပြည့်ဝမှုကို လေ့လာရန်အချိန်ပေး လုပ်ဆောင်ရန်လိုအပ်ပါမည်။

(င) ပညာရေးနှင့် ကျွမ်းကျင်မှု

ကျေးရွာတွင် စာမတတ်သူဦးရေ (၄)ဦး ရှိပြီး ဘုန်းကြီးကျောင်း ပညာရေး (၄၃)ဦးရှိပါသည်။ ကျေးရွာသား အများစုသည် အခြေခံစာရေးစာဖတ်တတ်သူများ ဖြစ်ကြပါသည်။ ကျေးရွာတွင် မူလတန်းပညာပြီးဆုံးသူများသည် ကျောင်းနေရွယ်လူဦးရေ၏ ၇၆.၃% ရှိပါသည်။ အလယ်တန်းပညာ ပြီးဆုံးသူများသည် ၈.၁ %၊ အထက်တန်းပညာရေးပြီးဆုံးသူများသည် ၃.၃% ရှိပါသည်။

ကျေးရွာတွင် ဘွဲ့ရရှိသူ ကျား (၆)ဦးနှင့် မ(၇)ဦးစုပေါင်း (၁၃)ဦးရှိပြီး၊ အထက်တန်း ပညာရေး ပြီးဆုံးသူ ကျား(၆)ဦးနှင့် မ(၁၃) ဦးရှိပါသည်။ ကျေးရွာတွင် (၅နှစ်မ ၉ နှစ်) အရွယ် ကလေးများ အားလုံး မူလတန်းကိုတက်ရောက်နေကြပြီး၊ ၁၀နှစ်မှ ၁၄ နှစ်အရွယ် တစ်၀က်နီးပါးသည် အလယ် တန်းပညာရေးလက်လှမ်းမီပါသည်။ အထက်တန်းတက်ရောက်နေသူ (၁၁) ဦးရှိပြီး၊ ဧရပ်ကွင်း ကျေးရွာအထက်တန်းကျောင်းတွင် တက်ရောက်ပညာသင်ကြားနေကြပါသည်။ တက္ကသိုလ်တက် ရောက်နေသူ ကျား(၆)ဦးနှင့် မ(၁၁) ဦးတို့သည် မန္တလေးရတနာပုံတက္ကသိုလ်တွင် တက်ရောက် ပညာသင်ကြားနေကြပါသည်။ ပန်းရံ၊ လက်သမားစသော ကျေးရွာ တွင်းအသက်မွေးဝမ်းကျောင်း များတွင် လုပ်ကိုင်နေသော ကျွမ်းကျင် အလုပ်သမားများရှိပါသည်။

(စ) ကျားမဆိုင်ရာဆက်နွယ်မှု

ကျားမဆိုင်ရာဆက်နွယ်မှုသည် များစွာကွာခြားမှုမရှိပါ။ လူဦးရေဆိုင်ရာ အချက်အလက် အရ အလုပ်လုပ်နိုင်သောလူဦး ရေတွင်လည်း အမျိုးသမီး၊ အမျိုးသားများ ပါ၀င်မှုသည် ကွာခြားမှု ကျဉ်းမြောင်းပါသည်။ ထို့အပြင် အမျိုးသမီးများသည် လူငယ်ပရဟိတအဖွဲ့၊ ဓမ္မစကြာအဖွဲ့များတွင် ပါ၀င်လုပ်ဆောင်ကြပါသည်။ သို့သော်ကျေးရွာစီမံ ခန့်ခွဲမှု ကဏ္ဍတွင် ထုံးတမ်းဓလေ့အရအမျိုးသမီး ပါ၀င် မှု မတွေ့ရပေ။

၄။ ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ

(က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှုစနစ်

ကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးကိုလုပ်ဆောင်နေသော အဖွဲ့များ (၁၁) ဖွဲ့ရှိပြီး၊ အဖွဲ့များသည် အဖွဲ့လုပ်ငန်းတာဝန်များကို ဦးဆောင်လုပ်ကိုင်ခြင်းနည်းပြီး ကျေးရွာအုပ်ချုပ်ရေးအဖွဲ့များ၊ ရပ်မိရပ်ဖအဖွဲ့များ၏ ဦးဆောင်မှုနှင့် တိုက်တွန်း အကြံပြုချက်များဖြင့်သာ လုပ်ကိုင်ဆောင်ရွက်ကြ ပါသည်။ ထို့ကြောင့်အဖွဲ့၀င်များသည် အဖွဲ့တာဝန်များကို တာဝန်သိမှုတာဝန်ယူမှု အားနည်းပါ သည်။ အဖွဲ့တွင် ဦးဆောင်နိုင်စွမ်းရှိသူများမှ အဖွဲ့တာဝန်များကို လုပ်ဆောင်ရသောကြောင့် တာဝန်များ၍ လုပ်ငန်းစွမ်းဆောင်နိုင်စွမ်းအားနည်းသွားပါသည်။ လုပ်ငန်းလိုအပ်ချက်အရ အဖွဲ့ချင်း ချင်းချိတ်ဆက်ဆောင်ရွက်မှုရှိသော်လည်း အဖွဲ့၀င်များသည် ပူးပေါင်းပါ၀င်မှုအားနည်းပါသည်။ ကျေးရွာရှိ အဖွဲ့များသည်အဖွဲ့၏ လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် သီးခြား ဆောင်ရွက် လုပ်ကိုင်ကြပါသည်။ ထို့ကြောင့် ကျေးရွာမှ လုပ်ငန်းစဉ်အလိုက် ဖွဲ့စည်းထားသော လုပ်ငန်းအကျိုးဆောင်အဖွဲ့များကို အဖွဲ့အစည်းဆိုင်ရာ စီမံခန့်ခွဲမှုနှင့် လုပ်ငန်း စွမ်းရည်မြင့်တင်ရေး ဆိုင်ရာ နည်းပညာ သင်တန်းများ ရရှုရန် ချိတ်ဆက် ဆောင်ရွက်ပေးရန် လိုအပ်ပါသည်။

(ခ) သီးနှံ၊ သားငါးထုတ်လုပ်ရေးကဏ္ဍ

ကျေးရွာတွင် လယ်မြေဧက (၉၆) ဧကရှိပြီး လယ်မြေအားလုံးသည် မိုးရေနှင့် ဆည်ဒိုချောင်း၊ တောင်ကျချောင်းများမှ ချောင်းရေကို အမှီပြုပြီးစိုက်ပျိုးကြရပါသည်။ ကျေးရွာရှိတောင်သူများ သည် စပါး၊ နှမ်း၊ မြေပဲ၊ ထောပတ်ပဲ တို့ကို အဓိကစိုက်ပျိုးကြပြီး ပဲတီစိမ်း၊ မတ်ပဲ၊ စီပီပြောင်း တို့ကို လည်းစမ်းသပ် စိုက်ပျိုးပြီး၊ ဟင်းသီးဟင်းရွက်များဖြစ်သည့် (ခရမ်းချဉ်၊ ခရမ်း၊ ငရုပ်၊ တိုင်ထောင် ပဲနှင့် မုန်လာ) စသည့် ရာသီစားသုံးပင်များကိုလည်းစိုက်ပျိုးကြပါသည်။ ထို့ပြင်ဥယျာဉ်ခြံ ပင်များ

ဖြစ်သည့် စိန်တလုံးသရက်၊ သနခါး၊ ကြယ်ပဲ၊ သံပုရာ၊ နဂါးမောက်နှင့် နှင်းဆီ၊ သပြေနှင့် သစ္စာပန်း များကိုလည်း သီးညှပ်စိုက်ပျိုးကြပါသည်။ ဆည်ဒိုဆည်သည် တောင်သူများသည် စနစ်တကျ မပြုပြင်နိုင်ခြင်း၊ အရင်းအနှီး မတတ်နိုင်ခြင်းများကြောင့် ပြုပြင်ခြင်းမလုပ်နိုင်တော့ပါ။ မိုးရေဖြင့် သာလယ်များကို စိုက်ပျိုးကြရပြီးမိုးခေါင်သည့် အချိန်များတွင် သီးနှံအောင်မြင်မှုနည်းပြီး အထွက် နှုန်းလျော့နည်းလာပါသည်။ ရာသီဥတုမမှန်ခြင်း၊ စိုက်ပျိုးရေမလုံလောက်ခြင်းများကြောင့် စပါး သီးနှံတွင်အထွက်နှုန်းလျော့နည်းပါသည်။ စိုက်ပျိုးသီးနှံများတွင် ပိုးမွှားရောဂါကျရောက်သော ကြောင့်သီးနှံအထွက်နှုန်းကျဆင်းပါသည်။ တောင်သူအများစုသည်ပိုးနှင့် ရောဂါကောင်းစွာ ခွဲခြားမ သိခြင်းနှင့် ဆေးဝါးများကို စနစ်တကျ မသုံးစွဲနိုင်ခြင်းတို့ကြောင့် သီနှံများပိုးမွှားရောဂါမှ ကောင်းစွာ မကာကွယ်နိုင်ပါ။ ထို့ကြောင့် သီးနှံအထွက်နှုန်း ကျဆင်းပါသည်။ စိုက်ပျိုးသီးနှံများကို တောဝက်နှင် တောရိုင်းဆင်များ ဖျက်ဆီးခြင်းကြောင့် သီးနှံများပျက်စီးခြင်းနှစ်စဉ် ကြုံတွေ့ရပါသည်။ ထို့ကြောင့် ယာမြေများတွင် ပဲစဉ်းငုံသီးနှံနှင့် ပြောင်ဖူးသီးနှံများ စိုက်ပျိုးဖြစ်ထွန်းသော်လည်း တောဝက်နှင့် ဆင်ရိုင်းအန္တရာယ်များသောကြောင့် မစိုက်ပျိုးကြပါ။ ကျေးရွာရှိ တောင်သူများသည်ခိုင်းကျွဲ၊ ခိုင်းနွား အပြည့်အစုံမရှိခြင်း၊ စိုက်ပျိုးရေးအရင်းအနှီး မပြည့်စုံခြင်း စိုက်ပျိုးမြေအားလုံးကို ပုံမှန်မစိုက်ပျိုး နိုင်ခြင်း၊ သီးထပ်မစိုက်ပျိုးနိုင်ခြင်း၊ လုပ်သားရှာပါးခြင်း၊ ရာသီအလိုက်ဝင်ငွေရသီးနှံများ မစိုက်ပျိုး နိုင်ခြင်းနှင့် စနစ်တကျမစိုက်ပျိုးနိုင်ခြင်းတို့ကြောင့် သီးနှံအထွက်နှုန်းကျပြီး ဝင်ငွေလျော့နည်းလာ ပါသည်။ ထို့ကြောင့် ကျေးရွာရှိတောင်သူများကို စိုက်ပျိုးရေးနည်းပညာ(ဘက်စုံ စိုက်ပျိုးနည်း စနစ်နှင့် ဘက်စုံသီးနှံပိုးမွှား ရောဂါကာကွယ်နည်းစနစ် နှင့် သဘာဝမြေဩာ ပြုလုပ်နည်းများ) နှင့် စိုက်ပျိုးရေးအရင်းအနှီး ရရှိနိုင်သောဌာနဆိုင်ရာများ၊ အဖွဲ့အစည်းများနှင့်ချိတ်ဆက် ဆောင်ရွက်ပေး ရန်လိုအပ်ပါသည်။ ထို့အပြင်ဆည်ဒိုဆည်နှင့် တစ်နိုင်တစ်ပိုင် ကိုယ်ထူကိုယ်ထဆည်များပြုပြင် နိုင်ရန်နည်းပညာနှင် အကူအညီးပံ့ပိုးမှုများ ရရှိနိုင်သော သက်ဆုင်ရာ ဌာနများ၊ အဖွဲ့အစည်းများနှင့် ချိတ်ဆက် ဆောင်ရွက်ရန်လိုအပ်ပါသည်။

ကျေးရွာတွင် နွား၊ ဂက်၊ ကျွဲ၊ ကြက်များကို တစ်နိုင်တစ်ပိုင် မွေးမြူကြပါသည်။ ဆိတ်ကို မွေးမြူသည့်အလေ့အထနည်းပါသည်။ အဓိကတော့ ဆိတ်မွေးရန် အရင်းအနှီးမတတ်နိုင်ခြင်း၊ စားကျက်ရှားပါးခြင်း၊ လူတစ်ယောက် အချိန်ပေးရခြင်းစသော အကြောင်းများကြောင့် မမွေးမြူကြ ပါ ။ တစ်နိုင်တစ်ပိုင် တိရစ္ဆာန်မွေးမြူရေးအတွက် ကျေးရွာတွင် ရေလုံလောက်စွာရရှိပါသည်။ ထို့အပြင် ကျေးရွာအနီးအနားတွင် မြက်ရိတ်၍ရခြင်း၊ လယ်များမှ ကောက်ရိုးပေါများစွာ ရရှိနိုင်ပါ သည်။ ဝက်စာအတွက် ကျေးရွာတွင် ဆန်စက်များရှိပြီး ဆန်ကွဲဖွဲနု၊ ဆလပ်များ ပေါများစွာ ရရှိနိုင်ပါ သည်။ ကျေးရွာတွင် တိရစ္ဆာန်ရောဂါ ကျရောက်မှုများ နှစ်စဉ်ဖြစ်ပွားမှုမရှိဘဲ ဇရပ်ကွင်းကျေးရွာ တိမွေးကု ဆရာဝန်နှင့် လက်လှမ်းမီမှု ရှိပါသည်။ ရောင်းချရန်အတွက် ဇရပ်ကွင်းနှင့် ဂုမိုင်တို့တွင် ဒိုင်များရှိပြီး ကျေးရွာတွင် လာရောက်ဝယ်ယူသဖြင့် အလွယ်တကူ ရောင်းချနိုင်ပါသည်။ ကျေးရွာ တွင် တစ်ပိုင်တစ်နိုင် မွေးမြူရန်အတွက် လုံလောက်သော အိမ်ခြံဝင်းများ ရှိပြီး အဆောက်အဦးများ ဆောက်လုပ်ရန်အတွက် သစ်ဝါးများပေါများပါသည်။ သို့သော် ကျေးရွာတွင် ကြက်ရောဂါ ကျရောက် မှု သည် နှစ်စဉ်လို ဖြစ်ပွားပြီး ကျွဲနွားရောဂါ ကျရောက်မှုသည် တစ်ခါတစ်ရံ ဖြစ်ပွား တတ် ပါသည်။ ကျွဲနွားများသည် ခွာနာလျှာနာအဖြစ်များလေ့ရှိပြီး ကြက်များသည် လည်လိမ်တန်းကျနာနှင့် အခြား ရောဂါများဖြင့် နှစ်စဉ်သေဆုံးနှုန်းရှိပါသည်။ တိမွေးကုဦးစီးဌာနနှင့်ချိတ်ဆက်ပြီး ကာကွယ်ဆေးထိုး

ဆောင်ရွက်ခြင်း မရှိသကဲ့သို့ တစ်ပိုင်တစ်နိုင် စီးပွားဖြစ် မွေးမြူရန်နည်းပညာများနှင့် ကုသရန် အထွေထွေ ဗဟုသုတများ လက်လှမ်းမီမှုမရှိ ဖြစ်နေပါသည်။ ကျေးရွာသည်တိရစ္ဆာန်မွေးမြူရေး အတွက်အခွင့်အလမ်းများစွာရှိပြီး လုံလောက်သောအရင်းအနှီးနှင့် မွေးမြူရေးနည်းပညာ၊ မြို့နယ် တိမွေးကုဉီးစီးဌာနနှင့် ကာကွယ်ဆေးထိုးလက်လှမ်းမှီပါကပိုမိုအောင်မြင်သော တစ်ပိုင်တစ်နိုင် စီးပွားဖြစ်လုပ်ငန်းကိုရရှိပါမည်ဖြစ်ပါသည်။

(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားစီးပွားရေးလုပ်ငန်းများ

ကျေးရွာသည် ကုန်ထုတ်လုပ်ငန်းများ ထုတ်လုပ်သည်ကို မတွေ့ရဘဲ၊ ရွှေတူးခြင်း၊ မီးသွေး ဖုတ်၊ သစ်ဝါးခုတ်ခြင်း၊ သဲရောင်းဂယ်ရေးစသော သဘာဝအရင်းအမြစ်များပေါ်တွင် အဓိကမှီခို လုပ်ကိုင်ကြပါသည်။ ကျေးရွာရှိ လက်လုပ်လက်စားနှင့် နွမ်းပါးမိသားစုများသည် တစ်နိုင်တစ်ပိုင် အသေးစား စားသောက်ကုန်ခြောက်နှင့် လူသုံးကုန်ပစ္စည်းများ၊ အဝတ်အထည်၊ အိုးခွက်ပန်းကန် များကို ကျေးရွာတွင်း၊ ပတ်ဝန်းကျင် ကျေးရွာများနှင့် ရွှေလုပ်ကွက်များသို့ သွားရောက်ရောင်း ချနိုင်ပါသည်။ အရင်းအနှီးမရှိကြသောကြောင့် အသေးစားအရောင်းအဝယ် မလုပ်ဆောင်နိုင်ကြပါ။ ဒေသခံများ တစ်နိုင်တစ်ပိုင် ရွှေတူးလုပ်ကိုင်ရန် လုပ်ငန်းဂရုံများမရှိ၍ လုပ်ငန်းလုပ်ကိုင်ခြင်းမရှိပါ။ ကျေးရွာ ဒေသခံများကို လုပ်ငန်းလုပ်ကိုင်ခွင့်ရှိပါက ကျေးရွာရှိ ကျပန်းအလုပ်သမားသည် နေ့စား လုပ်သားမဟုတ်ဘဲ လုပ်ငန်းအကျိုးတူခံစားခွင့် အချိုးဖြင့် အလုပ်ရရှိပြီး ဝင်ငွေပိုကောင်းလာပါမည်။ ထို့ကြောင့် ဒေသခံများကို တစ်နိုင်တစ်ပိုင် ရွှေလုပ်ငန်းလုပ်ကိုင်ခွင့် ဂရုံများချပေးနိုင်ရန်နှင့်၊ နွမ်းပါးမိသားစုများ တနိုင်တပိုင် အသေးစားအရောင်းအဝယ် လုပ်ငန်းနှင့် အသေးစားကိုယ်ပိုင် ကုန်ထုတ်လုပ်ငန်းများ လုပ်ဆောင်နိုင်ရန် အရင်းအနှီး၊ နည်းပညာရရှိရန် ချိတ်ဆက်ဆောင်ရွက်ရန် လိုအပ်ပါသည်။

(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်စီမံခန့်ခွဲမှု

တောင်ယာခြေများသည် တောင်ကုန်း တောင်စောင်းများတွင် တည်ရှိပြီး မိုးများသည့် အချိန် များတွင် ရေတိုက်စားမှုများပြီး တောင်သူများအနေဖြင့် ပြုပြင်ထိန်းသိမ်းခြင်းအားနည်း သော ကြောင့် မြေဆီမြေဩဇာပျက်စီးခြင်း အသင့်အတင့်ရှိပါသည်။ ကျေးရွာရှိတောင်သူများသည် စိုက် ပျိုးရေး ပိုးသတ်ဆေးများကို ပုံမှန်မသုံးစွဲပါ။ လိုအပ်လို့သုံးစွဲပါကဆေးဘူး များကိုကျင်းတူး မြေမြှပ် ခြင်း၊ မီးရှို့ခြင်းများလုပ်ဆောင်သောကြောင့် ထိခိုက်မှုအနည်းငယ်သာရှိပါသည်။ ချောင်းရေများတွင် ရွှေလုပ်ကွက်များမှ ဓာတုဆေးများပါသောကြောင့် ချောင်းရေတင် စိုက်ပျိုးသီးနှံများ ပျက်စီးခြင်း မြင့်မားပါသည်။ ကျေးရွာရှိ စွန့်ပစ်အမှိုက်များကို ချောင်းများတွင်စွန့်ပစ်ခြင်းကြောင့် ရေကြောင်း များပိတ်ဆို့ခြင်နှင့် ရေမသန့်ရှင်းမှုကို ပိုမိုဖြစ်နိုင်ပါသည်။ တောမီးလောင်လေ့ရှိပြီး၊ ကျေးရွာသို့ မကူး စက် နိုင်ရန် နှစ်စဉ် မီးတားလမ်း များ ဖောက်လုပ် ကြပါသည်။ အခြားကြိုတင်စီမံခန့်ခွဲမှုများ မရှိပါ။

(င) ဘဏ်လုပ်ငန်း နှင့် ငွေကြေးဆိုင်ရာဝန်ဆောင်မှု

ကျေးရွာတွင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ချေးငွေမှ ချေးငွေရရှိသူ တောင်သူ (၁၃)ဦးရှိ ပြီး လယ်တစ်ဧကလျှင် တစ်သိန်းကျပ်နှုန်း ရရှိပါသည်။ ကျေးရွာတွင်သမချေးငွေရရှိပါသည်။ သမ ချေးငွေတွင် အဖွဲ့ဝင်ဦးရေ (၄၇) ဦးရှိပြီး (၅၀၀၀၀) ကျပ် ရရှိပြီး အတိုးနှုန်းမှာ (၂ကျပ်ခွဲ) ရှိပါသည်။ သမချေးငွေတွင် တရုတ်လုပ်ငန်းရှင်များထံမှချေးငွေရရှုပါသည်။ သမငွေစုငွေချေး အဖွဲ့သည် အသေး စားတစ်ပိုင်တစ်နိုင် မည်သည့်စီးပွားရေးလုပ်ငန်းအတွက်မဆိုချေးခြ်ရပြီး ဆယ်ဦးတစ်ဖွဲ့ ဝိုင်းကြီးချုပ်

စနစ်ဖြင့် အာမခံကာ အပေါင်ပစ္စည်း မလိုဘဲ ငွေထုတ်ချေးနိုင်ပါသည်။ ထို့အပြင် ကျေးရွာသားများ အနေဖြင့် အခြားချေးငွေ ရရှိနိုင်သောနေရာမှာ မြစိမ်းရောင် စီမံကိန်းမှဖြစ်ပါသည်။ ဆယ်ဦးတစ်ဖွဲ့ ဝိုင်းကြီးချုပ်စနစ်ဖြင့် အဖွဲ့လိုက်အာမခံကာ ငွေထုတ်ချေးကြပါသည်။ ငွေထုတ်ချေးရာတွင် အာမခံ ပစ္စည်းလိုအပ်မှုမရှိဘဲ ကော်မတီမှ ချေးငွေအသုံးပြုမှုကို စီစစ်ကာလုပ်ငန်းကြီးကြပ်မှုဖြင့် ဆောင်ရွက် ပါသည်။ ကျေးရွာသားများသည် အရေးပေါ် ချေးငွေလိုအပ်ပါက ဧရပ်ကွင်းကျေးရွာ ရွှေအပေါင် ဆိုင်များတွင် ပစ္စည်းပေး၍ ငွေချေးကြပြီး ချေးငွေကာလကို သတ်မှတ်ထားခြင်း မရှိဘဲ အတိုးနှုန်းကို သုံးလတစ်ကြိမ်ပေးသွင်းခြင်းအားဖြင့် ငွေချေးယူနိုင်ကြပါသည်။ ယခုအခါတွင် ကျေးရွာသားများ အတွက် သင့်တင့်လျောက်ပတ်သော ချေးငွေကို လက်လှမ်းမီမှုရှိသော်လည်း ဆင်းရဲသော မိသားစု များအတွက် လုံလောက်သော ချေးငွေရရှိရန် လိုအပ်နေပါသေးသည်။

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

ကျေးရွာတွင် အခြေခံပညာ မူလတန်းကျောင်းရှိပြီး၊ မူလတန်းပညာလက်လှမ်းမီမှုရှိ ပါသည်။ ကျောင်းဆောင်နှစ်ဆောင်ရှိပြီး ကျောင်းဆောင်သစ် တိုးချဲ့ပြုပြင်ခြင်း ဆောက်လုပ်နေ လျှက် ရှိပါသည်။ ကျောင်းဆောင်လုံလောက်မှု ရှိသော်လည်း စာသင်ခုံ လုံလောက်မှု မရှိသေးပေ။ ကလေးများသည် စာသင်ခုံ မလုံလောက်သည့်အတွက် ကြပ်ညှပ်ထိုင်ပြီး ပညာသင်ကြား နေရကာ စာသင်ခုံ (၁၀) စုံမျှ လိုအပ်နေပါသေးသည်။ပညာသင်ကြားပေးနေပါသော ဆရာ/မ ဦးရေ (၅) ဦး ရှိပြီး လက်ရှိကျောင်းသား အရေအတွက်နှင့် လုံလောက်မှုရှိပါသည်။ ကျေးရွာ၏ ကျောင်းယင်လုံ အိမ်သာသည် ပျက်စီးနေပြီး ကလေးများအတွက် လုံခြုံစိတ်ချရခြင်းမရှိပေ။ ကလေးများသည် မူလတန်း အောက်မြင်ပြီးလျှင် ဧရပ်ကွင်းကျေးရွာ အထက်တန်းကျောင်းတွင် အလယ်တန်းနှင့် အထက်တန်းကို တက်ရောက်ပညာ သင်ကြားကြပါသည်။ ကျောင်းသားမိဘများ အနေဖြင့် အလယ် တန်း ပညာရေးအတွက် အခက်အခဲ မဖြစ်သော်လည်း အထက်တန်း ပညာရေးတွင် ကျောင်းစရိတ် မတတ်နိုင်မှုများ ရှိပါသည်။ ကလေးများ၏ ပညာရေးကဏ္ဍတိုးတက်ရန်အတွက် ကျေးရွာမူလ တန်းကျောင်းတွင် ဆရာ/မများသည် ပညာသင်ကြားမှု အရည်အသွေး မြှင့်တင်ရန်လိုအပ်ပြီး အထက်တန်းကျောင်းများတွင်လည် ဆရာ/မများ၏ ပညာသင်ကြားခြင်းဆိုင်ရာ အခန်းကဏ္ဍများကို ပိုမိုဆောင်ရွက်ခြင်းဖြင့် ကလေးများ၏ ပညာရေး မြှင့်တင်လာနိုင်ပါသည်။

ကျေးရွာသားများသည် ကျန်းမာရေးမကောင်းသည့်အခါ ဧရပ်ကွင်းကျေးရွာ ပုဂ္ဂလိက ဆေးခန်းသို့ သွားရောက်ပြသကြပါသည်။ ဧရပ်ကွင်းကျေးလက်ကျန်းမာရေးဌာန နှင့် လက်လှမ်းမှီမှု ရှိပါသည်။ ကျေးရွာတွင် ကျန်းမာရေးလုပ်သား တစ်ဦးရှိပြီး ကျန်းမာရေးလုပ်သား ထံတွင်လည်း သွေးပေါင်ချိန်ခြင်း၊ အပူချိန်တိုင်းခြင်း၊ အကိုက်အခဲများအတွက် ဆေးပေးခြင်းစသည့် ဝန်ဆောင် မှုများရနိုင်ပါသည်။ ကျေးရွာနှင့် တစ်မိုင်ခန့်ဝေးသော ကွင်းသုံးဆယ်ကျေးရွာတွင် ကျေးလက် ကျန်းမာရေး ဆေးပေးခန်းရှိပြီး သားဖွားဆရာမသည် ကျေးရွာရှိကလေးငယ်များနှင့် ကိုယ်ဝန် ဆောင်မိခင်များအား လစဉ်ကာကွယ်ဆေးများကို လာရောက်ထိုးနှံ့ တိုက်ကျွေးပေးပါသည်။ ကလေး ငယ်များနှင့် မိခင်များအတွက် စောင့်ရှောက်မှုကို လက်လှမ်းမီမှုရှိပါသည်။ အမျိုးသမီးများ မီးဖွား လျှင် ဧရပ်ကွင်းကျေးရွာ ကျေးလက်ကျန်းမာရေးဌာနမှ သူနာပြုဆရာမ ဆေးခန်းတွင် မီးဖွားနိုင်ကြ ပါသည်။ ကွင်း(၃၀)ကျေးရွာ ကျန်းမာရေးဆေးပေးခန်းသည် ကျေးရွာနှင့်မဝေးသော်လည်း လမ်းပမ်းဆက်သွယ်ရေး မကောင်းသည့်အတွက် ကျေးရွာသားများ သွားရောက်ခြင်း မပြုလိုပေ။ ကျေးရွာသားများသည် ကျန်းမာရေးနှင့်ပတ်သက်သောဝန်ဆောင်မှုများကို လက်လှမ်းမီမှု ရှိပါသည်။

ကျေးရွာတွင် ဘုံရေတွင်း (၂)တွင်းရှိပြီး နှစ်ပတ်လည် ရေအသုံးပြု၍ ရပါသည်။ ရေအရည်အသွေးကောင်းပါသည်။ ရေတွင်းမှရေကို ကန်ဖြင့်သိုလှောင်ပြီး ကျေးရွာသားများ အသုံးပြုနေကြပါ သည်။ ထို့အပြင် ကျေးရွာတွင်ရေကန်နှစ်ကန်ရှိပြီး၊ ရွာလယ်ပိုင်းနှင့် ရွာခြောက်ပိုင်းတို့မှ မိသားစုများအသုံးပြုနိုင်ကြပါသည်။ ကျေးရွာတောင်ပိုင်းတွင်မူ အိမ်ခြေ (၂၂) အိမ်ရှိပြီး ထိုအိမ်စုများသည် ချောင်းရေကိုသာ အသုံးပြုနေကြပါသည်။ မိုးရာသီတွင်မိုးရေခံ၍ သောက်ရေသုံးရေ အဖြစ်အသုံးပြုပြီးဆောင်းနှင့် နွေရာသီတွင်ချောင်းရေကို လက်ယက်တွင်းပြုလုပ်ပြီး အသုံးပြုနေကြပါသည်။ ကျေးရွာ အိမ်ထောင်စုများ အားလုံး ယင်လုံအိမ်သာကို အသုံး ပြု ကြပါသည်။

(ဆ) လူငယ်၊ ယဉ်ကျေးမှု၊ အားကစား

ကျေးရွာတွင် လူငယ်များ အပန်းဖြေနိုင်ရေးအတွက် ကျေးရွာတွင်း ဟာသပြဇာတ်ရုံများ၊ ရုပ်ရှင်ရုံများ မရှိသော်လည်း ကျေးရွာနှင့်အနီး ဧရပ်ကွင်းကျေးရွာ လက္ခရည်ဆိုင်များနှင့် ကျေးရွာတွင်း အိမ်ကြည့် ဗွီဒီယိုများမှ ရုပ်သံအစီအစဉ်များ၊ ကမ္ဘာ့ဖလားဘော်လုံးပွဲများကို အပမ်းဖြေကြည့်ရှုနိုင်ပါသည်။ ကျေးရွာလူငယ်များသည် သာရေး၊ နာရေး၊ အလှူပွဲ၊ ရှင်ပြုပွဲများတွင် တက်ကြွစွာပါဝင်ကြပါသည်။ ကျေးရွာလူငယ်များသည် ကျေးရွာတွင်း ပိုက်ကျော်ခြင်းကစားခြင်း၊ ကျောင်းဘောလုံးကွင်းတွင် ကလေးများ ကျောင်းလွှတ်ချိန်၌ ဘောလုံးကစားတို့ကို ဆောင်ရွက်နိုင်ကြပါသည်။ ကျေးရွာလူငယ်များသည် ကျေးရွာဆရာတော်၏ ဦးဆောင်မှုဖြင့် ပြာသိုလတွင် အမေများနေ့ကို နှစ်စဉ်ကျင်းပကြခြင်း၊ ထိုပွဲတွင် စာပေဟောပြောပွဲများ ကျင်းပခြင်း၊ ကလေး၊ လူငယ်များစာစီစာကုံးပြိုင်ပွဲများ၊ ကျဘန်းစကားပြောပြိုင်ပွဲများကျင်းပခြင်း၊ ဆုပေးခြင်း အစီအစဉ်တို့ကို ပျော်ရွှင်တက်ကြွစွာ ပါဝင်ဆောင်ရွက်နိုင်ကြပါသည်။ နွေရာသီကျောင်းပိတ် ရက်တွင် ယဉ်ကျေးလိမ္မာသင်တန်းများ ဖွင့်လှစ်သင်ကြားခြင်းတို့ကိုလည်း ဆောင်ရွက်သဖြင့် လူငယ်များ လက်လှမ်းမီမှုရှိပါသည်။ ကျေးရွာစာကြည့်တိုက်ကို ကျေးရွာဘုန်းတော်ကြီးကျောင်းမှ ဦးပဉ္စင်းတစ်ပါးက စာကြည့်တိုက်မှူးအဖြစ် ဆောင်ရွက်ပြီး အခမဲ့ ဖတ်ရှုနိုင်ပါသည်။ကျေးရွာလူငယ်များအသိပညာရရန် အထောက်အပံ့ကောင်းများ လက်လှမ်းမှီသော်လည်း တည်ငြိမ်သော အသက်မွေးဝမ်းကျောင်း ပြုနိုင်ရန်အတွက် ကျွမ်းကျင်မှု သင်တန်းများ၊ အသက်မွေးဝမ်းကျောင်း သင်တန်းများ ပံ့ပိုးပေးနိုင်ပါက လူငယ်များအတွက် ပိုမိုကောင်းမွန်သော အသက်မွေးဝမ်းကျောင်းမှုကို ရရှိနိုင်မည် ဖြစ်ပါသည်။

(ဇ) အခြေခံအဆောက်အဦများလက်လှမ်းမှီမှု၊ လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး

ကျေးရွာတွင် တည်ရှိသော လမ်းများသည် ကျောက်ခင်းလမ်း ဖြစ်ပြီး နှစ်ပတ်လည် သွားလာရ ကောင်းမွန်ပါသည်။ ကျေးရွာနှင့် ဧရပ်ကွင်းသို့ ချိတ်ဆက်သောလမ်းမှာ (၁မိုင်၇ဖာလုံ) ရှည်လျားပြီးကျောက်ခင်းလမ်းဖြစ်ပါသည်။ ရွာချင်းဆက်လမ်းသည်နှစ်စဉ်မိုးရာသီတွင် ရေကြီးမြုပ်လေ့ရှိပြီး ရေတိုက်စားမှုကြောင့် ကျောက်ကြမ်းများပေါ်ကာ ကလေးများ ကျောင်းသွားရခက်ခဲပါသည်။ ဆိုင်ကယ်ယာဉ်များ မကြာခဏ တိမ်းမှောက်မှုရှိကာ အန္တရာယ်များ ဖြစ်လေ့ရှိပါသည်။ ထို့အပြင် ကျေးရွာရွာလယ်ပိုင်းနှင့် ကျေးရွာတောင်ဘက်ပိုင်း ကြားတွင် ဖြတ်စီးသော ချောင်းတစ်ခု ရှိပြီးထိုချောင်း ရေကျချိန်တွင် ကလေးများ ကျောင်းတက်၍မရပေ။ ထိုနေရာကို ကျေးရွာသားများသည် အလှူး(၁၀၀)ပေ၊ အနံ (၄)ပေ ရှိသော တံတားတစ်ခု တည်ဆောက်ရန် စီစဉ်ထားရှိပါသည်။ ထိုတံတား တည်ဆောက်ပြီးသွားပါက ကလေးများသည် အန္တရာယ်ကင်းစွာ ကျောင်းရောက်နိုင်ပြီး

လမ်းပမ်းဆက်သွယ်ရေး ပိုမို ကောင်းမွန်မည် ဖြစ်ပါသည်။

ကျေးရွာတွင် လျှပ်စစ်မီးကို ယခုလက်ရှိ(၅၈)အိမ် မီးလင်းပြီးဖြစ်ပါသည်။ လျှပ်စစ်မီး အသုံးပြုနိုင်ခြင်း မရှိသေးသော အိမ်ထောင်စုများသည် ဆိုလာနှင့် ဒီဇယ်အင်ဂျင် ခါတ်ခဲခြောက်မီး၊ ဖယောင်း တိုင်မီးတို့ကို အသုံးပြုကြပါသည်။ ကျန်ရှိသောအိမ်ထောင်စုများသည် မီးသွယ်တန်းစရိတ်ကို ထည့်ဝင်နိုင်ခြင်း မရှိဘဲလျှပ်စစ်မီးလင်းရန် ခက်ခဲနေပါသည်။ ကျေးရွာအိမ်ထောင်စုအားလုံး မီးလင်းပါက ထင်းလောင်စာ အသုံးပြုမှု နည်းပါးလာပြီး သဘာဝပါတ်ဝန်းကျင် ထိန်းသိမ်းမှုများ ကောင်းလာခြင်းနှင့် လူနေမှုအဆင့်အတန်းများ မြင့်မားလာမည် ဖြစ်ပါသည်။ ကျေးရွာအနီးတွင် မြန်မာ့ဆက်သွယ်ရေး၊ အော်ရီဒူး တာဝါတိုင်များ ရှိသော်လည်း ထိုတာဝါတိုင်များမှ ဆက်သွယ်မှု ကွန်ယက်များ ကောင်းမွန်မှု မရှိဘဲ တယ်လီနော တစ်မျိုးတည်းသာ ဆက်သွယ် အသုံးပြုနိုင်ပါသည်။

(ဈ) တည်ငြိမ်းအေးချမ်းမှုနှင့် ပြည်သူလုံခြုံရေး

ကျေးရွာနှင့် တစ်မိုင်လေးဖာလုံအကွာတွင် ဇရပ်ကွင်းရဲစခန်းရှိပြီး ကျေးရွာသားများ၏ လုံခြုံရေးအတွက် လက်လှမ်းမီမှုရှိပါသည်။ ကျေးရွာတွင် ကြီးမားသောမှုခင်းဆိုင်ရာပြဿနာ ဖြစ်ပွားမှုများမရှိပါ။ ကျေးရွာသည်မန္တလေးနန်းတည်နှစ်ထက် တစ်နှစ်စောပြီး တည်လာခဲ့သော ကျေးရွာဖြစ်၍ ကျေးရွာသားများသည် အချင်းချင်းချစ်ခင်ရင်းနှီးမှု ရှိ၍ စည်းလုံးချင်ခင် ကြပါသည်။ လူကြီးမိဘများ၏ စည်းလုံးမှုအောက်တွင် နေထိုင်ကြပြီး ကျေးရွာတွင်းရှိ မိရိုးဖလာလုပ်ငန်းများကိုသာ နေထိုင်လုပ်ကိုင် စားသောက်ကြသဖြင့် မှုခင်းဆိုင်ရာပြဿနာဖြစ်ပွားမှုများနည်းပါးပါသည်။

၅။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

ကွင်းဆင်းတွေ့ရှိချက်များ၊ အမြင်များကိုအခြေခံ၍ ကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေများ၊ အဟန့်အတားများနှင့် စိန်ခေါ်မှုများကိုအောက်တွင် ဖော်ပြထားပါသည်။

(က) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

ကျေးရွာတွင် စွမ်းဆောင်ရည်ရှိပြီးလက်ရှိလုပ်ဆောင်နေသော အဖွဲ့အစည်းများရှိပါသည်။ ဆည်ဒိုချောင်း၊ ကြက်လျှာတော၊ ထန်းတပင်ချောင်း) များမှ ချောင်းရေရှိစိုက်ပျိုးနိုင်ပါသည်။ မျိုးစေ့ချကိရိယာ(စပါး)ကို တောင်သူတစ်ဦး၏ လယ်တွင်စိုက်ခွာနမှ စမ်းသပ်စိုက်ပျိုးနေပြီး၊ ကျေးရွာအတွက်မျိုးစေ့ချကိရိယာသုံးရန် အခွင့်အလမ်းတစ်ခုဖြစ်ပါသည်။ မွေးမြူရေးတိရစ္ဆာန်တိုးချဲ့မွေးမြူရန်အစာရေပေါပါသည်။ ဇရပ်ကွင်း(၂မိုင်)တွင် တိကုဆရာဝန်ရှိ၍ ကာကွယ်ရေး၊ ကုသရေးလက်လှမ်းမီပါသည်။ သဘာဝခါတ်သတ္တု (ရွှေ၊ သဲ) များရှိခြင်းသည် ကျေးရွာလူထုအတွက် အလုပ်အကိုင်အခွင့်အလမ်းကောင်းပါသည်။ လျှပ်စစ်မီးရရှိခြင်း၊ ပညာရေးအတွက် ကျေးရွာတွင်မူလတန်း၊ ကျေးရွာအနီးဇရပ်ကွင်းကျေး ရွာတွင်အလယ်တန်း၊ အထက်တန်း လက်လှမ်းမီပါသည်။ ကျေးရွာတွင် လက်ရှိလျှပ်စစ်ရရှိသုံးစွဲနေခြင်းသည် အခြားအိမ်ထောင်စုများ လျှပ်စစ်မီးသုံးစွဲရန် အခြေအနေကောင်းတစ်ရပ်ဖြစ်ပါသည်။

(ခ) အဟန့်အတားများ၊ ကျော်လွှားရမည့်စိန်ခေါ်မှုများ

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ဆောင်ရွက်ရာတွင် ကျေးရွာအဆင့်တွင် အောက်ပါအဟန့်အတားများ၊ စိန်ခေါ်မှုများ ရင်ဆိုင်ရပါသည်။

စီမံအုပ်ချုပ်မှုကဏ္ဍတွင် လူငယ်လူရွယ်များကို နေရာမပေးကြပါ။ ကျေးရွာမြေအများစုသည် သစ်တောမြေဇရိယာများဖြစ်၍ မြေယာတိုးချဲ့စိုက်ပျိုးရန်ခက်ခဲပါသည်။ တောဆင်ရိုင်း၊ တောဝက်များစိုက်ပျိုးသီးနှံများ ဖျက်ဆီး၍ စိုက်ပျိုးရေးတွင် အဟန့်အတားတစ်ခုဖြစ်ပါသည်။ တစ်နိုင်တစ်ပိုင်ဆည်များပျက်စီး နေပြီး၊ ပြုပြင်ရန်နည်းပညာ၊ အရင်းအနှီးခက်ခဲပါသည်။ မွေးမြူရေးဗဟုသုတ၊ နည်းပညာ၊ အရင်းအနှီး ခက်ခဲခြင်းသည် မွေးမြူရေးတိရစ္ဆာန်များ တိုးချဲ့မွေးမြူရန် ခက်ခဲပါသည်။ အသေးစားစီးပွားရေးလုပ်ငန်းများလုပ်ကိုင်ရန် ကျေးရွာသူသားများသည် စွန့်ဦးတီထွင်နိုင်ခြင်းမရှိကြဘဲ၊ သဘာဝအရင်းအမြစ်များကိုသာ အဓိကမှီခိုကြပါသည်။ မိသားစုများ စီးပွားရေး အဆင်မပြေ၍သားသမီးပညာရေးကို ဦးစားမပေးနိုင်ကြပါ။ သဘာဝဘေးအန္တရာယ် လျော့ရေး၊ ကြိုတင်ကာကွယ်ရေးမူဝါဒများ အောက်ခြေသို့ ရောက်ရန် ချိတ်ဆက်မှုနည်းပါးပါသည်။

၆။ ရည်ရွယ်ချက်ပန်းတိုင် နှင့် ဗျူဟာ

(က) ရည်ရွယ်ချက်ပန်းတိုင်

ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာများကို ကျေးရွာလူထု ပူးပေါင်းပါဝင်မှုဖြင့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်တွင်ရေးဆွဲထားပါသည်။ ကျေးရွာသည်စိုက်ပျိုးရေးကို အခြေပြုသောကျေးရွာတစ်ရွာဖြစ်၍ စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်လာသည်နှင့်အတူ အခြားစီးပွားရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရန်ရည်ရွယ်၍ အောက်ပါကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်ပန်းတိုင် (၃) ချက်ကို ရေးဆွဲထားပါသည်။

(၁) စိုက်ပျိုးထုတ်ကုန်များတိုးတက်ထုတ်လုပ်ခြင်းနှင့် တစ်နိုင်တစ်ပိုင်မွေးမြူရေးတိရစ္ဆာန်များ တိုးတက် မွေးမြူခြင်း ဖြင့် မိသားစုများ ဝင်ငွေတိုးလာစေရမည်။

(၂) တစ်နိုင်တစ်ပိုင် စီးပွားရေးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်ပြီး၊ မိသားစုဝင်ငွေတိုးလာစေရမည်။

(၃) လူငယ်လူရွယ်များ ပညာရေးတတ်မြောက်မှုပြည့်စုံလာခြင်းနှင့် ကောင်းမွန်သော အခြေခံကျန်းမာရေး စောင့်ရှောက်မှု များ ရလာစေရမည်။

(ခ) ဖွံ့ဖြိုးရေးဗျူဟာ

အထက်ပါကျေးရွာဖွံ့ဖြိုးရေး ရည်ရွယ်ချက်ပန်းတိုင်များ ပြည့်မှီရန်အတွက် ကျေးရွာအတွင်း အဟန့်အတားများ၊ စိန်ခေါ်မှုများကိုကျော်လွှားနိုင်ရန် ဖွံ့ဖြိုးရေးကို အထောက်အကူဖြစ်စေသော အလားအလာအထောက်အပံ့များကို အသုံးချ၍ အောက်ပါဖွံ့ဖြိုးရေး ဗျူဟာများကို သက်ဆိုင်ရာဌာနများ၊ ရပ်မိရပ်ဖ များ၊ ကျေးရွာလူထုများပူးပေါင်းပါဝင်ခြင်းဖြင့် ဖော်ထုတ်ထားပါသည်။

(၁) ကျေးရွာတွင်းအဖွဲ့အစည်း များလုပ်ငန်းစွမ်းဆောင်မှုမြင့်တင်ရေးနှင့် စီမံခန့်ခွဲမှုများတိုးတက်ရန်ကျေးရွာဖွံ့ ဖြိုးရေးကော်မတီဖွဲ့စည်းရန်၊ ကျေးရွာအဖွဲ့အစည်းများမှတ်တမ်းမှတ်ရာ၊စာရင်းရေးသွင်းခြင်းတိုးတက်လုပ်ဆောင်နိုင်ရန်ဆောင်ရွက်ခြင်း၊ စီမံခန့်ခွဲမှု၊

အဖွဲ့အစည်းဆိုင်ရာသ ဘောတရားများရရှိလာစေရန် ဖန်တီးပေးရန်၊ ဖွံ့ဖြိုးရေး သဘောတရား၊ အသိများဖွံ့ဖြိုးလာစေ ရန်လိုအပ်ပါမည်။

(၂) သီးနှံစိုက်ပျိုးထုတ်လုပ်မှု တိုးမြှင့် ထုတ်လုပ်ရန် ဘက်စုံသီးနှံစိုက် ပျိုးရေးနည်းပညာ၊ ဥယျာဉ်ခြံ သီးနှံများ စိုက်ပျိုးနည်းစနစ်များ၊ ဘက်စုံပိုးမွှားရော ဂါကာကွယ်ရေးနည်း စနစ်များ၊ ဟင်းသီး ဟင်းရွက်စိုက်ပျိုးခြင်းနည်းပညာ၊ တိုးချဲ့စိုက်ပျိုးခြင်း(မျိုးစေ့)၊ သဘာဝမြေဩဇာ၊ သဘာဝပိုးသတ်ဆေးနည်းပညာများ၊ တဖက်ချောင်းပိတ်ဆည်များပြုပြင်ခြင်း (နည်းပညာ၊ငွေကြေး အကူအညီတောင်းခံရန် (ကျေးလက်၊ ဆည်မြောင်း)၊ လယ်ယာလုပ်ဖက် ကိရိယာများအတွက် အင်ဂျင်းချစနစ်များ ချိတ်ဆက်ရန်(သမ၊ ကုမ္ပဏီများ)၊ Agro-forestry လယ်ယာသစ်တောစနစ်များ စမ်းသပ်စိုက်ပျိုးခြင်း၊ ချေးငွေလုံလောက်စွာရရှိရန်ချေးငွေရ နိုင်သောနေရာများ ချိတ်ဆက်လုပ်ကိုင်ရန်လိုအပ်ပါမည်။ မွေးမြူရေးတိုးချဲ့မွေး မြူရေးချိတ်ဆက်ရန်(တိကု)၊ အခြေခံမွေးမြူရေးလုပ်သားသင်တန်း၊ ကာကွယ်ဆေးပုံမှန် ထိုးနှံနိုင်ရန်တိကုဌာနထံ ချိတ်ဆက်လုပ်ဆောင်ခြင်း၊ ဝက်များကို ခြံခတ်စနစ်မွေးမြူရန်၊ ကြက်စီးပွားဖြစ်မွေးမြူရန်၊ ဆိတ်၊ နွားများတိုးချဲ့ မွေးမြူနိုင်ရန် အရင်း အနှီးများ ချိတ်ဆက် ခြင်းများလုပ်ဆောင်ပါမည်။

(၃) တစ်နိုင်တစ်ပိုင် အသေးစားစီးပွားရေးလုပ်ငန်းများ တိုးချဲ့လုပ်ဆောင်ရန် အသေးစားလုပ်ငန်း အသင်းများဖွဲ့စည်းခြင်း၊ ချေးငွေနှင့် နည်းပညာများရရန် လုပ်ဆောင်ခြင်း၊ လက်လုပ်လက်စား မိသားစုများအတွက် အသေးစားလုပ်ငန်းများလုပ်ကိုင် နိုင်ရန်အရင်းအနှီးရရန် ဆောင် ရွက်ခြင်း (ခေါင်းရွက် ဗျက်ထိုး၊ အိမ်ဆိုင်)၊ လက်သမား၊ ပန်းရံ၊ အိမ်တွင်းမှု၊ ဆံပင်ညှပ်၊ စက်ချုပ်၊ ဆိုင်ကယ်ပြုပြင်၊ စက်ပြုပြင်ရေးသင်တန်းများချိတ်ဆက်ပေးရန်၊ အခြေခံကျွမ်းကျင်မှုသင်တန်းများ ချိတ်ဆက်ပေးရန်(ကွန်ပြူတာ၊ အင်္ဂလိပ်စာ) များ ချိတ် ဆက်လုပ်ဆောင်မည်။

(၄) ကျောင်းသားသူများ ပညာသင်ကြားမှုကောင်းများရရှိရန်လုပ် ဆောင်ရန် သင်ထောက်ကူပစ္စည်းများ ရရန်ရန် ပညာရေးဌာနချိတ်ဆက်ရန်၊ စာသင်ခုံများလုံလောက်စွာရရန် ဆောင်ရွက်ခြင်း၊ ယင်လုံအိမ်သာများတည်ဆောက်ခြင်း၊ မူလတန်းဆရာမများ စွမ်းဆောင်ရည်မြှင့်တင်ရန် မွမ်းမံသင်တန်းများတက်ရောက်ရန်၊ အထက်တန်းပညာဆက်လက်သင်ကြားနိုင်ရန် မိဘများကို စည်းရုံးလှုံ့ ဆော်ရန် ဖြစ်ပါသည်။

(၅) ကျေးရွာအိမ်ထောင်စုများသောက်သုံးရေရာသီပတ်လုံး လုံလောက်စွာရရှိရန် သောက်သုံးရေတွင်းများ တူးဖော်လုပ်ဆောင်ရန် (ကျေးလက်၊စည်ပင်) ချိတ်ဆက်ရန်၊ ကျေးရွာရေလှောင်ကန်များ တိုးချဲ့တည်ဆောက်ရန်၊ ကျေးရွာအိမ်ထောင်စုများရေပေး နိုင်ရန်ရေပိုက်လိုင်းများ တပ်ဆင်ရန်ဖြစ်ပါသည်။ မီးလင်းရေးအတွက်ကျန်အိမ်ထောင်စုများကို စည်းရုံးလှုံ့ဆော်ရန်၊ မီးသွယ်တန်းကုန်ကျစရိတ်ကိုမီးလင်းရေးကော်မတီမှ ဆင်းရဲသား

အိမ်ထောင်စုများအတွက် နှုန်းကြေးသီးသန့်ကောက်ခံရန်၊ ကျေးလက်ဌာနနှင့်ချိတ်ဆက်ရန် ဖြစ်ပါသည်။

(၅) ကျေးရွာလမ်း၊ ကျေးရွာချင်း ဆက်လမ်း ကောင်းမွန်လာ ၍ ကျေးရွာသူသားများအဆင်ပြေစွာသွားလာနိုင်ရန် လမ်းအရှည်ကို တိုင်းတာ၍ ကျေးလက်၊ စည်ပင်ဌာနသို့ လမ်းပြုပြင်ရန် တင်ပြရန်၊ ကျေးရွာချင်း ဆက်လမ်းကျောက် ချောလမ်းပြုပြင်ရန်၊ ကျေးရွာအ တွင်း ချောင်းကူးတံတား တည်ဆောက် ရန်ချိတ်ဆက် လုပ်ဆောင်သွားပါမည်။

(၆) သဘာဝဘေးအန္တရာယ် လျော့ချရေး၊ ကြိုတင် ကာကွယ်ရေး၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး လုပ်ငန်းသင်တန်းများလုပ်ငန်းများ ချိတ်ဆက်ရန်သဘာဝဘေး အန္တရာယ်ကာကွယ်ရေးအဖွဲ့များဖွဲ့စည်းခြင်း၊ သဘာဝဘေးအန္တရာယ်လျော့ချရေး၊ ကြိုတင်ကာ ကွယ်ရေးသဘာဝပတ် ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းသင်တန်းများ၊ လုပ်ငန်းများချိတ်ဆက်ရန်၊ (သစ်တော၊ အခြားအန်ဂျီအိုများ)၊ Early Warning System၊ မိုးလေဝသ၊ ငလျင်သတင်းများရရှိရန် ချိတ်ဆက်ရန် (မိုးဇလ)၊ ကျေးရွာသဘာဝဘေးအန္တရာယ်လျော့ချရေး အစီအစဉ်များရေးဆွဲခြင်း၊ သစ်၊ ဝါ ၊ မီးသွေးဖုတ်ခြင်းသည် သစ်တော ပြုန်းတီးခြင်းကို ဖြစ်နိုင်ကြောင်းကို ကျေးရွာသူသားများအား အသိပေးရန်၊ ကျေးရွာပိုင်ထင်းသစ်တော၊ (Community Forest) တည်ထောင်ရန် လုပ်ဆောင်ရပါမည်။

၇။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များနှင့် ဗဟိုအဆင့် မူဝါဒများအကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ

ဤကဏ္ဍသည် ကျေးရွာလူထုကိုယ်တိုင် မလုပ်ဆောင်နိုင်သော၊ မဖြေရှင်းနိုင်သောပြဿနာများအတွက် ချိတ်ဆက်လုပ်ဆောင်နိုင်ရန် နိုင်ငံတော်အဆင့်၊ ဒေသအဆင့်၊ မြို့နယ်အဆင့်တွင် မူဝါဒများ၊ အစီအစဉ်ကျသော ထောက်ပံ့မှုများ၊ ချိတ်ဆက်မှုများ လုပ်ဆောင်နိုင်ရန် ရည်ညွှန်းပါသည်။

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို နိုင်ငံတော်အဆင့်၊ ဒေသအဆင့်မူဝါဒနှင့် အစီအစဉ်ကျသောချိတ်ဆက်မှုများ လုပ်ဆောင်ရန် ကျေးလက်ဒေသဖွံ့ဖြိုးရေး နှင့်သက်ဆိုင်သောမြို့နယ် အဆင့်ဌာနများ၊ ပုဂ္ဂလိကအဖွဲ့အစည်းများရှိပါသည်။

(က) ကျေးရွာသည် စိုက်ပျိုးရေးကို အခြေခံသောကျေးရွာတစ်ရွာဖြစ်သည့်အတွက် စိုက်ပျိုးရေးလုံလောက်စွာရရှိရေးသည်စိုက်ပျိုးထုတ်လုပ်မှု၊ အထွက်နှုန်းတိုးတက်ရန်အတွက် များစွာအရေးကြီးပါသည်။ ကျေးရွာအနီး ချောင်းများမှ ချောင်းရေတင်စိုက်ပျိုးနိုင်သော်လည်း မိုးနည်းချိန်တွင် စိုက်ပျိုးရေမလုံလောက်ပါ။ လက်လုပ်တစ်ဖက်ပိတ်ဆည်ဖြစ်၍ ရေရှည်ခိုင်ခံခြင်းမရှိဘဲ နည်းပညာ၊ ငွေကြေးလိုအပ်ပါသည်။ စိုက်ပျိုးရေလုံလောက်ရန်ငွေကြေး၊ နည်းပညာများကိုဆည်မြောင်းဌာန၊ အခြားသက်ဆိုင်ရာဌာနများမှ လိုအပ်သောနည်းပညာ၊ ငွေကြေးပံ့ပိုးနိုင်ရန် မူဝါဒများ၊ အစီအစဉ်များချမှတ်ရန် လိုအပ်မည်။ ထို့အပြင် ပိုးမွှားရောဂါကျရောက်ခြင်း၊ မျိုးကောင်းမျိုးသန့်များမသုံးနိုင်ခြင်းများကြောင့် နှစ်စဉ်နှစ်တိုင်းအထွက်နှုန်း ကျဆင်းလာပါသည်။ စိုက်ပျိုးရေးပညာပေးဌာနတွင်ဝန်ထမ်းမလုံလောက်ခြင်း၊ ဘက်ဂျက်မပြည့်စုံခြင်း၊ ကွင်းပုံမှန်မဆင်းနိုင်ခြင်းများသည်

အကြောင်းတစ်ရပ် ဖြစ်ပါသည်။ ထို့ကြောင့် မူဝါဒများ၊ ဘက်ဂျက်များကို ဒေသလိုအပ်ချက်များကို အခြေခံ၍ရေးဆွဲပြီး၊ ကျွမ်းကျင်ပန်ထမ်းများ ဖြည့်ဆည်းခန့်ထားရေး၊ လုံလောက်သော ဘက်ဂျက် လျာထားချက်များထားရှိခြင်းများကို လုပ်ဆောင်သင့်ပါသည်။ သုတေသနလုပ်ငန်းများကိုလည်း ကွင်းအတွင်းမှ ပညာပေးပန်ထမ်းများ၏ တွေ့ရှိချက်များကို အခြေခံ၍ လုပ်ဆောင် နိုင် ရပါမည်။

(ခ) ကျေးရွာသူ/သားများသည် မိသားစုတစ်နိုင်တစ်ပိုင်ဝင်ငွေတိုးရန် အသေးစားမွေးမြူရေး လုပ်ငန်းများကို လုပ်ကိုင်နိုင်ရန် ရင်းနှီးနိုင်ခြင်းမရှိပါ။ အခြေခံမွေးမြူရေးစောင့်ရှောက်မှု များမရရှိကြပါ ။ အဖြစ်များသော တိရစ္ဆာန်ရောဂါများ ကာကွယ်ကုသနိုင်ရန် ပုံမှန်ကာကွယ်ကုသခြင်းဆိုင်ရာ ဖွံ့ဖြိုးမှုအလေ့အထများရှိလာရန် တိမွေးကုဌာနများနှင့် အစီအစဉ်များ၊ မူဝါဒများ ချိတ်ဆက်ရန် လိုပါမည်။

(ဂ) ကျေးလက်ဒေသရှိလူထုများ၏ အခြေခံလိုအပ်ချက်များဖြစ်သော ပညာရေး၊ ကျန်းမာရေး ဆိုင်ရာမူဝါဒများကိုလည်း ထိရောက်စွာလုပ်ဆောင်သင့်ပါသည်။ အောက်ခြေတွင်လိုအပ်သော အခြေခံကျန်းမာရေး စောင့်ရှောက်မှုအစီအစဉ်များ၊ ပညာရေးအခြေခံအဆောက်အဦများ ဖြည့်ဆည်းပေးနိုင်ရန် ဘက်ဂျက်ခွဲဝေခြင်းကို ပိုမိုတိုးမြှင့်လုပ်ဆောင်ရပါမည်။ ပညာရေးတတ်မြောက်မှုကို တိုးမြှင့်လုပ်ဆောင်နိုင်ရန် ပညာရေးဆိုင်ရာ အခြေခံအဆောက်အဦများ၊ အရည်ချင်းပြည့်ဝသော၊ လုံလောက်သော ဆရာ၊ ဆရာမများဖြည့် ဆည်းပေးရန်လိုပါမည်။ လျှပ်စစ်မီးလက်လှမ်းမီရန် ကျေးရွာအနေဖြင့် လက်လှမ်းမမီနိုင်သောမူဝါဒများကို ပြင်ဆင်ချမှတ်လုပ်ဆောင်ရန် မြန်မာ့လျှပ်စစ်ဓါတ်အားပေးလုပ်ငန်း၊ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနများ ချိတ်ဆက်လုပ်ဆောင်ရန် လိုအပ်ပေမည်။

(ဃ) ကျေးရွာတွင်အမျိုးမျိုးသောအသက်မွေးဝမ်းကျောင်းလုပ်ငန်းများ၊ ကျေးရွာအခြေပြုအသေးစားစီးပွားရေးလုပ်ငန်းများ ရင်းနှီးလည်ပတ်နိုင်ရန် အဆင်ပြေသော လက်လှမ်းမီနိုင်သော ဘဏ်လုပ်ငန်းများ၊ ချေးငွေစနစ်များလိုအပ်ပါသည်။ ထို့အပြင် ကျေးရွာအခြေခံတစ်နိုင်တစ်ပိုင်စီးပွားရေးလုပ်ငန်းများတိုးမြှင့် လုပ်ဆောင်နိုင်ရန် အခြေခံကျွမ်းကျင်မှုသင်တန်းများ၊ တန်ဖိုးမြှင့်ထုတ်ကုန်လုပ်ငန်းများ လုပ်ဆောင်ရန် မူဝါဒများ ချမှတ်လုပ်ဆောင်ရန်လိုပါမည်။ ကျေးလက်ဒေသများသည် မြို့များနှင့် နိုင်းယှဉ်ပါက စီးပွားရေးအဆင့်အတန်း၊ စီးပွားရေးဖွံ့ဖြိုးမှုသည် နှေးကွေးပါသည်။ ဘဏ်လုပ်ငန်းများ၊ အခြားငွေရေး ကြေးရေး မူဝါဒများကို ကျေးလက်ဒေသကို အခြေပြု၍ ပုဂ္ဂလိကကဏ္ဍများနှင့် ပူးပေါင်းလုပ်ဆောင်ရပါမည်။

(င) ကျေးရွာသည် သဘာဝဘေးအန္တရာယ်ကို အနည်းအများ ရင်ဆိုင်ရပါသည်။ သဘာဝဘေးအန္တရာယ်လျော့ချရေးနည်းစနစ်များ၊ သတင်းအချက်အလက်များ လက်လှမ်းမမီကြပါ။ ထို့ကြောင့် သဘာဝ ဘေးအန္တရာယ်လျော့ချရေးဆိုင်ရာ မူဝါဒများ၊ အစီအစဉ်များ အောက်ခြေအထိရောက်နိုင်ရန် ချမှတ်လုပ် ဆောင်ရမည်။

၈။ ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော်မည့်ကာလ

(က) နှစ်စဉ်ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်နှင့် ဘဏ္ဍာငွေလျာထားရေးအစီအစဉ်

ကျေးရွာလူထုသည် ငါးနှစ်တာအတွက် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲချိန်တွင် စိစစ်ရွေးချယ်ထားသည့် ဦးစားပေးစီမံချက်များမှာ ပြည့်စုံလုံလောက်နိုင်မည် မဟုတ်သေးပေ။ သို့ဖြစ်၍ ကျေးရွာလူထုသည် စီမံချက်များကို အကောင်အထည်ဖော်မှု (၂-၃) နှစ် ကျော်လာချိန်တွင် စီမံကိန်း

ငါးနှစ်တာကာလအတွင်း ဦးစားပေးလုပ်ငန်းများ ထပ်မံဖော်ထုတ်ပြီး လုပ်ဆောင်ရန် လိုအပ်လာပါမည်။ ထို့ကြောင့် ဆိုးရွားသော သဘာဝဘေးအန္တရာယ် သက်ရောက်မှုများမရှိခဲ့လျှင် ငါးနှစ်တာဖွံ့ဖြိုးရေး နည်းဗျူဟာသည် အနည်းနှင့်အများ ပြောင်းလဲမှုရှိမည် မဟုတ်သော်လည်း စီမံကိန်း ငါးနှစ်တာအတွင်း ထပ်တိုး စီမံချက်များအား ထည့်ဝင်လာနိုင်ပါသည်။

ထို့ကြောင့်ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည်နှစ်အလိုက်ဘဏ္ဍာရေးနှင့် ငွေကြေးစီမံမှုဆိုင်ရာ ရွေးချယ်ခြင်း၊ အစီအစဉ်နှင့်စီမံချက်များအား ပြုပြင်မွမ်းမံနိုင်ခြင်းတို့ကို ပြုပြင်ရ လွယ်ကူစေသည်။ ဒေသတွင်းဖြစ်ပေါ်လာသောဖွံ့ဖြိုးရေးလိုအပ်ချက်၊ သဘာဝဘေးအန္တရာယ်၊ အခြားအရေးပေါ်ကိစ္စများနှင့်အစိုးရဘတ်ဂျက်များအပေါ်မူတည်၍ ဦးစားပေးအစီအစဉ်များကိုပြောင်းလဲရန်ဖြစ်ပါသည်။ သို့ဖြစ်၍ ကျွန်ုပ်တို့ငါးနှစ်တာအတွက်ရေးဆွဲထားသော ဖွံ့ဖြိုးရေးရည်မှန်းချက်မူဘောင်တွင် နှစ်အလိုက်အကောင်အထည်ဖော်ဆောင်ရွက်မည့် **နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်** ကို ပြင်ဆင်ရမည်ဖြစ်ပါသည်။

(ခ) ကဏ္ဍ နှင့် ရင်းနှီးမြုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း

အစီအစဉ်နှင့်စီမံချက်များအားကဏ္ဍနှင့် ရင်းနှီးမြုပ်နှံမှုကိုအခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်းသည် စီမံကိန်းဆိုင်ရာအချက်အလက်များ ခွဲခြမ်းသုံးသပ်ရာတွင် များစွာအထောက်အကူပြုပါမည်။ Functional classification သည်ဝန်ကြီးဌာန၊ ဦးစီးဌာနများအတွက် ၄င်းတို့နှင့်သက်ဆိုင်သော စီမံကိန်းများကို သိရှိနားလည်ရန် အထောက်အကူပြုပါမည်။ Economic classificationသည် စီမံကိန်းလုပ်ငန်းများ၏ အကျိုးရလဒ် ဖြစ်ထွန်းမှုများအား အကဲဖြတ်သုံးသပ်ခြင်း လုပ်ငန်းများ ဆောင်ရွက်ရေးအတွက် လိုအပ်ပါသည်။

ကဏ္ဍကိုအခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Functional Classification)

ဆောင်ရွက်မည့် စီမံချက်နှင့် စီမံချက်ဘတ်ဂျက်သည် (က) မည်သည့် ကဏ္ဍအောက်တွင် (ဥပမာ - စိုက်ပျိုးရေး၊ လျှပ်စစ်ကဏ္ဍစသည်)၊ (ခ)မည်သည့်ဝန်ကြီးဌာနနှင့်သက်ဆိုင်သည် စသည်ဖြင့်ခွဲခြားသတ်မှတ်နည်းဖြစ်ပါသည်။

ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ အုပ်စုသတ်မှတ်ခြင်း (Economic Classification)

စီမံချက်ဘတ်ဂျက်အမျိုးအစားသည် မည်သည့်ရင်းနှီးမြှုပ်နှံမှု အမျိုးအစား ဖြစ်သည်ကိုဖော်ပြခြင်းဖြစ်ပါသည်။

- သာမန်အသုံးစရိတ် (Current Expenditure) ဥပမာ။ ။ လစာ၊ နေ့တွက်စရိတ်၊ လုပ်ငန်းလည်ပတ်စရိတ်၊ ပွားရမ်းခစသည်များ
- ငွေလုံးငွေရင်းအသုံးစရိတ် (Capital Expendiuture) ဥပမာ။ ဆောက်လုပ်ရေးပစ္စည်းများနှင့် ပုံသေဂယ်ယူရသော ရင်းနှီးမြှုပ်နှံမှုများ
- စွမ်းဆောင်ရည်မြှင့်တင်ရေး အသုံးစရိတ် (Capacity Building Expenditure)ဥပမာ-ဆွေးနွေးပွဲ၊ သင်တန်းစသည့်အသုံးစရိတ်၊
- လူသားချင်းစာနာမှုအထောက်အပံ့ (Humanitarian Support)

(ဂ) ဦးစားပေး စီမံချက်များ

ကျေးရွာ၏ ဦးစားပေးစီမံချက်များကို ကျေးရွာတွင် ရှာဖွေတွေ့ရှိချက်များ၊ လိုအပ်ချက်များကို အခြေခံ၍ ကျေးရွာလူထုပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ဖော်ထုတ်ခဲ့ကြပါသည်။ ဦးစားပေးစီမံချက်များကို အောက်ပါ ဇယား တွင်ဖော်ပြထားပါသည်။

မှတ်ချက်

ကဏ္ဍ	စီမံချက်	ရမှတ်	ဦးစားပေးအဆင့်	စီမံချက်ရှင်းလင်းချက်	
၁။ စီမံအုပ်ချုပ်မှုကဏ္ဍ	၁။ အဖွဲ့အစည်းဆိုင်ရာ စီမံခန့်ခွဲမှုနှင့်စွမ်းရည်မြှင့်တင်ရန်	၅၇	၁၀	ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၊ လုပ်ငန်းကော်မတီများ ဖွဲ့စည်းပြီး၊ ၎င်းအဖွဲ့များ ကိုစီမံခန့်ခွဲမှုဆိုင်ရာ၊ အဖွဲ့အစည်းဆိုင်ရာသဘောတရားသင်တန်းများရရှိလာစေရန် ဖန်တီးပေးရန်နှင့် ကျေးရွာလူထုအခြေပြု လုပ်ငန်းများလုပ်ကိုင် ဆောင်ရွက်ခြင်းဖြင့်အဖွဲ့အစည်းများစွမ်းရည်မြင့်လာပြီး၊ အချင်းချင်းပူးပေါင်းဆောင်ရွက်လာမည်။	ကျေးလက်
၂။ စိုက်ပျိုးရေး ၂.၁ သီးနှံ	၁။ စိုက်ပျိုးရေးနည်းပညာလက်လှမ်း မှီ၍ စိုက်ပျိုးထုတ်လုပ်မှုတိုးတက်လာစေရန်	၉၉	၁	ကျေးရွာတွင် စပါး၊ အခြားဟင်းသီးဟင်းရွက်စသောသီးနှံများ စိုက်ပျိုး ကြပါသည်။ ကျေးရွာရှိလယ်သမားများသည် စိုက်ပျိုးရေးနည်း ပညာများလက်လှမ်းမှီမှု မရှိခြင်း၊ ပိုး မွှားကျ ရောက် ခြင်း၊ မျိုးကောင်း မျိုးသန့်များလက်လှမ်း မမှီခြင်းကြောင့်သီးနှံစိုက်ပျိုးထုတ်လုပ်မှု လျော့နည်းလာပါသည်။ ထို့ကြောင့် စိုက်ပျိုးရေးနည်းပညာများကို စိုက်ပျိုးရေးဌာနနှင့် ချိတ်ဆက်ပြီး စိုက်ပျိုးရေးနည်းပညာများရရန်။ ၎င်းနည်းပညာများ အသုံးချ၍ စိုက်ပျိုးထုတ်လုပ်မှုတိုးတက်လာစေရန်။အထွက်တိုးရန်အတွက် မျိုးကောင်းမျိုးသန့်ထုတ်လုပ်ခြင်းနည်းလမ်းများ၊ တောင်သူကွင်းများတွင် လုပ်ကိုင်ခြင်း၊ စိုက်ခြံများ၊ ပုဂ္ဂလိကခြံများနှင့် ချိတ်ဆက်ရယူရန်၊ စိုက်ပျိုးရေးသွင်းအားစုများကို ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် ချိတ်ဆက် ၍အချိန်မှီအသုံးပြုနိုင်ရန် လုပ်ဆောင်သွားရမည်။	
၂.၂ စိုက်ပျိုးရေး	၂။ စိုက်ပျိုးရေးလုံလောက်စွာရရှိ၍ စိုက်ပျိုးသီးနှံများ	၈၂	၈	ကျေးရွာသည် ကျေးရွာအနီးချောင်းကိုပိတ်၍ တနိုင်တပိုင်ဝါးခတ်ပိတ်ဆည်ပြုလုပ်၍စိုက်ပျိုးလျက်ရှိပါသည်။ သို့သော်မိုးခေါင် ချိန် စိုက်ပျိုးရေရရှိမှုခက်ခဲခြင်း၊ မိုးများချိန်တွင်တဖက်ပိတ်ဆည်	

ကဏ္ဍ	စီမံချက်	ရမှတ်	ဦးစားပေးအဆင့်	စီမံချက်ရှင်းလင်းချက်	မှတ်ချက်
	တိုးတက်ထုတ်လုပ်ရန်			ကျိုးပျက်စီးခြင်းကြောင့် စိုက်ပျိုးထုတ် လုပ်မှုခက်ခဲပါသည်။ ထို့ကြောင့်တဖက်ပိတ်ဆည်ပြုပြင်ရန်၊ အသစ်တည်ဆောက်နိုင်ရန် ကျေးလက်၊ဆည်မြောင်းဌာနများနှင့်ချိတ်ဆက်ရန်လိုအပ်ပါမည်။	
၂.၃။ စိုက်ပျိုးမြေ	၃။ စိုက်ပျိုးမြေဖွံ့ဖြိုးလာ၍စိုက်ပျိုးထုတ်လုပ်မှုထုတ်လုပ်နိုင်ရန်	၄၀	၁၁	လက်ရှိ စိုက်ပျိုးနေသော မြေယာများပုံစံ ၇ ရရန် မြေစာရင်းဌာနနှင့်ချိတ်ဆက်ခြင်း၊ မြေယာများ တိုးချဲ့စိုက်ပျိုးခြင်း၊ လယ်ယာသစ်တော စနစ်များ စမ်းသပ် စိုက်ပျိုးခြင်းများလုပ်ဆောင်ရမည်။	
၃။ မွေးမြူရေး ၃.၁ မွေးမြူရေး	၁။ တစ်နိုင်တစ်ပိုင် ၀င်ငွေရ မွေးမြူရေး လုပ်ငန်းများ တိုးချဲ့မွေးမြူလာရန်	၈၃	၇	မွေးမြူရေးနည်းပညာများ ရယူ၍မိသားစု၀င်ငွေတိုးရန် တိကုဌာနနှင့်ချိတ်ဆက် လုပ်ဆောင်ရမည်။ ကျေးရွာသူသားများမွေးမြူရေး ကာကွယ် ရေးအသိများတိုးတာလာခြင်း၊ ကျေးရွာတွင် အခြေခံမွေးမြူရေး လုပ်သားမွေးထုတ်၍ ကျေးရွာ၏မွေးမြူရေး ကဏ္ဍတွင်များစွာ အထောက်အကူပြုခြင်း၊ ကြက်၊ ဝက်၊ ဆိတ်များကို တိုးချဲ့မွေးမြူခြင်း ဖြင့် မိသားစု ၀င်ငွေတိုးလာမည်။	ကျေးလက်
၄။ စိုက်ပျိုးမွေးမြူရေးမဟုတ်သော လုပ်ငန်း များ ၄.၁ ရပ်ရွာအခြေပြု စီးပွားရေးလုပ်ငန်းများ	၁။ အသေးစား စီးပွားရေးလုပ်ငန်းများတိုးချဲ့လုပ်ကိုင်နိုင်ပြီး အလုပ်အကိုင်အခွင့်အလမ်းများရရှိ နိုင်ရန်	၈၅	၅	ကျေးရွာ၏ အသေးစား စီးပွားရေး လုပ်ငန်းများလုပ်ဆောင်နိုင်ရန်ကျေးလက်၊အသေးစားစက်မှုလက်မှုလုပ်ငန်းများနှင့်ချိတ်ဆက်၍လုပ်ဆောင်ရန်။ အခြားအသက်မွေး၀မ်းကျောင်း လုပ်ငန်းများ ချိတ်ဆက်လုပ်ဆောင်ပေးရန်။ ကျေးရွာရှိ လူငယ်လူရွယ်များ အတွက်အလုပ်အကိုင်အခွင့်အလမ်းများကောင်းလာစေရန်အခြေခံကျွမ်းကျင်မှု သင်တန်း များ ချိတ်ဆက်ရယူရန်	ကျေးလက်
၅။ ပညာရေး	၁။ ကျေးရွာအတွင်း ကျောင်းသား/သူများ ပညာရေး ပတ်၀န်းကျင်ကောင်းများ ရလာရန်	၃၈	၁၂	ကျေးရွာမူလတန်းကျောင်းတွင် လိုအပ်သောကျောင်းအိမ်သာ၊ ကျောင်းပရိဘောဂစာသင်ခုံများကို ပညာရေးဌာနနှင့်ချိတ်ဆက်လုပ်ဆောင်ရန်။ ကျေးရွာပညာရေး ကဏ္ဍဖွံ့ဖြိုးတိုးတက်ရန်မိဘဆရာ အသင်း များ ပူးပေါင်းချိတ်ဆက်ရန်။	

ကဏ္ဍ	စီမံချက်	ရမှတ်	ဦးစားပေးအဆင့်	စီမံချက်ရှင်းလင်းချက်	
၆။ ကျန်းမာရေးသောက်သုံးရေ ၆.၁။ သောက်သုံးရေ	၁။ ကျေးရွာသူသားများလုံလောက်သော သောက် သုံးရေ ရရန်	၉၇	၂	ကျေးရွာတွင် လိုအပ်သော သောက်သုံးရေ တွင်း၊ သောက်သုံးရေကန်များကို ကျေးလက်၊ အခြားပြည်တွင်းပြည်ပအဖွဲ့အစည်းများနှင့် ချိတ်ဆက်လုပ်ဆောင်ရန်။	ကျေးလက်
၇။ လျှပ်စစ်စွမ်းအား ၇.၁ မဟာဓါတ်အား လိုင်း	၁။ ကျေးရွာအိမ်ထောင်စုအားလုံးလျှပ်စစ်မီးလက်လှမ်း မီရန်	၉၃	၃	ကျေးရွာသည် လက်ရှိလျှပ်စစ်မီး ရရှိသုံးစွဲနေပါသည်။ သို့သော်ဆင်းရဲသော အိမ်ထောင်စုများသုံးစွဲနိုင်ခြင်းမရှိသေးပါ။ ထို့ကြောင့် မီးလင်းရေးကော်မတီမှ ဦးဆောင်၍ ကျန်ရှိသောအိမ်ထောင်စုများမီးသုံးစွဲနိုင်ရန် ရံပုံငွေကောက်ခံ၍ လုပ်ဆောင်သွားရန် လိုအပ်ပါသည်။	ကျေးလက်
၈။ ချေးငွေ	၁။ ကျေးရွာအခြေပြုငွေစုငွေချေးအသင်း များတည်ထောင်၍ ငွေကြေးအဖွဲ့အစည်း များနှင့် ချိတ်ဆက်ခြင်း	၈၃	၆	ကျေးရွာတွင် စိုက်ဘဏ်စသော ချေးငွေရနိုင်သော နေရာများရှိသော်လည်းမလုံလောက်ပါ။ ကျေးရွာတွင်လက်လုပ်လက်စားမြေယာမဲ့များ အခြားစီးပွားရေး လုပ်ငန်းများ၊ မွေးမြူရေးလုပ်ငန်းများ လုပ်ဆောင်ရန် ရင်းနှီးငွေများလိုအပ်ပါသည်။ ကျေးရွာတွင် ကျေးရွာအခြေပြုငွေစုငွေချေး အသင်းများ၊ စနစ်များတည်ထောင်၍ ပြည်တွင်းပြည်ပချေးငွေအဖွဲ့အစည်းများ ဘဏ်များနှင့် ချိတ်ဆက်လုပ်ဆောင်နိုင်ရန် စွမ်း ရည် မြှင့်တင်လုပ်ဆောင်ခြင်း။	ကျေးလက်
၉။ လမ်းပန်းဆက်သွယ်ရေး	၁။ လမ်းပန်းဆက်သွယ်ရေး ဖွံ့ ဖြိုးလာရန်	၈၇	၄	ကျေးရွာမှ ဇရပ်ကွင်းကျေးရွာသို့လမ်းသည် ကျောက်ကြမ်းခင်းလမ်းဖြစ်ပါသည် ဤလမ်းကို ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင်ရန်နှင့် ကျေးရွာတွင်းချောင်းကူး ကွန်ကရစ်တံတားတည်ဆောက်ရန် ကျေးလက်ဌာနနှင့်ချိတ် ဆက်နည်းပညာ၊ ငွေကြေးရယူလုပ်ဆောင်ရန်။	ကျေးလက်

ကဏ္ဍ	စီမံချက်	ရမှတ်	ဦးစားပေးအဆင့်	စီမံချက်ရှင်းလင်းချက်	မှတ်ချက်
၁၀။ သဘာဝပတ်ဝန်းကျင်ထိမ်းသိမ်း ရေး	၁။ သဘာဝဘေးအန္တရာယ် အသိပညာများရလာ၍ ထိမ်းသိမ်းလာ စေရန်	၈၂	၉	ကျေးရွာသည်ငလျင်၊ရေဘေး၊ မီးဘေး၊ သစ်တောပြုန်းခြင်းစသော ဘေးအန္တရာယ်များကို နှစ်စဉ်နီးပါးကြုံတွေ့နိုင်ပါ သည်။ ထို့အပြင် ကျေးရွာလူထုသည် သဘာဝပတ်ဝန်းကျင်ထိမ်းသိမ်းရေးနည်းပညာများနှင့်ပတ်သက်၍ အသိများမရှိ၊ မသိကြပါ။ ထို့ကြောင့် သဘာဝပတ်ဝန်းကျင်နှင့် သစ်တောဌာနနှင့် ချိတ်ဆက်၍ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ၊သင်တန်းများချိတ်ဆက်လုပ်ဆောင်သင့်ပါသည်။	ကျေးလက်

(ဃ) အကောင်အထည်ဖော်မည့်စီမံချက်ကာလ

ကျေးရွာလူထုက ဖော်ထုတ်ရေးဆွဲထားသော ဦးစားပေးစီမံချက်များကို အကောင်အထည် ဖော်ဆောင်ရွက်ရန် စီမံချက်ကာလကို ကွင်းဆင်းဆောင်ရွက်ချက်များကို အခြေခံ၍ ရေးဆွဲထား ပါသည်။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ကာလများကို နှစ်စဉ်ပြုပြင်ရေးဆွဲပါမည်။ စီမံချက် ကာလ အပိုင်းအခြားကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။

စီမံချက်ကာလ

စဉ်	စီမံချက်	ဦးစားပေး အဆင့်	ကာလ ၂၀၁၆	၂၀၁၇	၂၀၁၈	၂၀၁၉	၂၀၂၀
၁	စိုက်ပျိုးရေးနည်းပညာ လက်လှမ်းမှီ၍ စိုက်ပျိုး ထုတ်လုပ်မှုတိုးတက်လာစေရန်	၁	√				
၂	ကျေးရွာသူသားများ လုံလောက်သော သောက် သုံးရေ ရရန်	၂	√				
၃	ကျေးရွာအိမ်ထောင်စု အားလုံး လျှပ်စစ်မီးလက်လှမ်းမှီရန်	၃	√				
၄	လမ်းပန်းဆက်သွယ်ရေးဖွံ့ဖြိုးလာရန်	၄		√			
၅	အသေးစားစီးပွားရေး လုပ်ငန်းများတိုးချဲ့ လုပ်ကိုင်နိုင်ပြီးအလုပ်အကိုင် အခွင့်အ လမ်းများ ရရှိနိုင်ရန်	၅		√			
၆	ကျေးရွာအခြေပြု ငွေစုငွေချေးအသင်း များ တည်ထောင်၍ ငွေကြေး အဖွဲ့အစည်း များနှင့် ချိတ်ဆက်ခြင်း	၆		√			
၇	တစ်နိုင်တစ်ပိုင် ပင်ငွေရ မွေးမြူရေးလုပ်ငန်းများ တိုးချဲ့မွေးမြူလာရန်	၇			√		
၈	စိုက်ပျိုးရေ လုံလောက်စွာရရှိ၍ စိုက်ပျိုးသီးနှံများတိုးတက်ထုတ်လုပ်ရန်	၈			√		
၉	သဘာဝဘေး အန္တရာယ်အသိပညာများရလာ၍ ထိမ်းသိမ်းလာ စေရန်	၉			√		
၁၀	အဖွဲ့အစည်းဆိုင်ရာစီမံခန့်ခွဲမှုနှင့်စွမ်းရည်မြှင့်တင်ရန်	၁၁				√	

စဉ်	စီမံချက်	ဦးစားပေး အဆင့်	ကာလ ၂၀၁၆	၂၀၁၇	၂၀၁၈	၂၀၁၉	၂၀၂၀
၁၁	စိုက်ပျိုးမြေဖွဲ့ဖြိုးလာ၍ စိုက်ပျိုးထုတ်လုပ်မှု ထုတ် လုပ်နိုင်ရန်	၁၂					√
၁၂	ကျေးရွာအတွင်း ကျောင်းသား/သူများပညာရေးပတ်ဝန်းကျင် ကောင်းများရလာရန်	၁၃					√

၉။ ဘက်ဂျက်နှင့် ငွေကြေးဆိုင်ရာဗျူဟာအစီအစဉ်

ဘက်ဂျက်အစီအစဉ်ကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။ ဘက်ဂျက်ကို အစီအစဉ်ရေးဆွဲ ချိန်တွင် ကုန်ကျစရိတ်ကိုအခြေခံ၍ ခန့်မှန်းတွက်ချက်ထားပါသည်။ အမှန်တကယ် ကုန်ကျနိုင်မည့် ဘက်ဂျက်ကို သက်ဆိုင်ရာဌာနများ၊ ပြင်ပအဖွဲ့အစည်းများများမှ နည်းပညာနှင့် ငွေကြေးအကူအညီများရယူ၍ ပြန်လည် တွက်ချက်သွားရန်လိုအပ်ပါမည်။ ဖော်ပြပါ ဘက်ဂျက်အစီအစဉ်တွင် ကျေးရွာလူထုမှ ထည့်ဝင်သော လုပ်သားအင်အား၊ လုပ်ငန်းသုံးကိရိယာများ၊ ပူးပေါင်းပါဝင်သော အချိန်များကို ထည့်သွင်းတွက်ချက်ထားခြင်း မရှိပါ။

ဘက်ဂျက်နှင့် ငွေကြေးဆိုင်ရာအစီအစဉ်

#	စီမံကိန်း	စုစုပေါင်း ခန့်မှန်း ဘက်ဂျက် (ကျပ်)	သာမန်အသုံးစရိတ်	ရင်းနှီးငွေအမျိုးအစားခွဲခြားခြင်း		လူသားချင်းစာနာမှု ထောက်အပံ့
				ငွေလုံးငွေရင်းအသုံးစရိတ်		
				ငွေလုံးငွေရင်း ရင်းနှီးမြှုပ်နှံမှု	စွမ်းဆောင်ရည်မြှင့်တင်ရေး	
၁	စိုက်ပျိုးရေးနည်းပညာ လက်လှမ်းမှီ၍ စိုက်ပျိုး ထုတ်လုပ်မှုတိုးတက်လာစေရန်				√	
၂	ကျေးရွာသူသားများ လုံလောက်သော သောက်သုံးရေရရန်			√		
၃	ကျေးရွာအိမ်ထောင်စုအားလုံး လျှပ်စစ်မီးလက်လှမ်းမှီရန်			√		
၄	လမ်းပန်းဆက်သွယ်ရေးဖွံ့ ဖြိုးလာရန်			√		
၅	အသေးစားစီးပွားရေးလုပ်ငန်းများတိုးချဲ့လုပ်ကိုင်နိုင်ပြီးအလုပ်အကိုင်အခွင့်အလမ်းများရရှိနိုင်ရန်				√	

#	စီမံကိန်း	စုစုပေါင်း ခန့်မှန်း ဘက်ဂျက် (ကျပ်)	သာမန်အ သုံးစရိတ်	ရင်းနှီးငွေအမျိုးအစားခွဲခြားခြင်း		လူသား ချင်းစာ နာမှု ထောက် အပံ့
				ငွေလုံးငွေရင်းအသုံးစရိတ်		
				ငွေလုံးငွေရင်း ရင်းနှီးမြှုပ်နှံမှု	စွမ်းဆောင်ရည်မြှင့်တင်ရေး	
၆	ကျေးရွာအခြေပြု ငွေစုငွေချေးအသင်းများတည်ထောင်၍ငွေ ကြေးအဖွဲ့အစည်းများနှင့်ချိတ်ဆက်ခြင်း				√	
၇	တစ်နိုင်တစ်ပိုင်ဝင်ငွေရ မွေးမြူရေးလုပ်ငန်းများ တိုးချဲ့မွေးမြူလာရန်				√	
၈	စိုက်ပျိုးရေ လုံလောက် စွာရရှိ၍ စိုက်ပျိုးသီးနှံများတိုးတက်ထုတ်လုပ်ရန်			√		
၉	သဘာဝဘေး အန္တရာယ်အသိပညာများရလာ၍ ထိမ်းသိမ်းလာစေရန်				√	
၁၀	အဖွဲ့အစည်းဆိုင်ရာစီမံခန့်ခွဲမှုနှင့်စွမ်းရည်မြှင့်တင်ရန်				√	
၁၁	စိုက်ပျိုးမြေဖွဲ့ဖြိုးလာ၍ စိုက်ပျိုးထုတ်လုပ်မှု ထုတ် လုပ်နိုင်ရန်				√	
၁၂	ကျေးရွာအတွင်း ကျောင်းသား/သူများပညာရေးပတ်ဝန်းကျင်ကောင်းများရလာရန်			√		

၁၀။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို ကျေးရွာလူထုကဦးဆောင်အကောင်ထည်ဖော်မည် ဖြစ်သဖြင့် လုပ်ငန်းအောင်မြင်ရေးနှင့် ရည်မှန်းချက်များသို့ ရောက်ရှိရေးမှာ ကျေးရွာတွင် တာဝန်ရှိပါသည်။

(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ပါဝင်သော စီမံချက်လုပ်ငန်းများကို အထိရောက်ဆုံးအကောင်အထည်ဖော်ရန်တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာလူထု၏ တာဝန်ဖြစ်ပါသည်။ ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် ပေါင်းစပ်ညှိနှိုင်းရေးနှင့် စီမံခန့်ခွဲရေး တာဝန်ကိုအဓိကယူပါမည်။ အဖွဲ့အစည်းအသီးသီး၊ ကော်မတီအသီးသီးအား တာဝန်များခွဲဝေအပ်နှင်း၍ သက်ဆိုင်ရာစီမံချက်များ ဆောင်ရွက်နိုင်ရန် ဦးဆောင်ပါမည်။ ဥပမာ-မိဘဆရာအသင်းသည်ကျေးရွာမူလတန်းကျောင်း၏ ပညာရေးအရည်

အသွေးကောင်းမွန်တိုးတက်ရန်တာဝန်ယူဆောင်ရွက်စေ၍ လယ်သမားအဖွဲ့က ကျေးရွာလယ်ယာကုန်ထုတ်လမ်းအဆင့်မြှင့်ခြင်း လုပ်ငန်းကို တာဝန်ယူဆောင်ရွက်စေခြင်း ဖြစ်ပါသည်။

(ခ) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်း

ကျွန်ုပ်တို့ ကျေးရွာကော်မတီအဖွဲ့များက ဖွံ့ဖြိုးရေးစီမံချက်များ အကောင်အထည်ဖော်ရာတွင်ဦးဆောင်စီမံခန့်ခွဲမှု တာဝန်ယူဆောင်ရွက်သော်လည်း အခြားသောဖွံ့ဖြိုးရေးမိတ်ဖက် အဖွဲ့များကိုလည်းရှာဖွေဆက်သွယ် ပူးပေါင်းရန်လိုပါမည်။ ကျွန်ုပ်တို့ ကိုယ်တိုင်မတတ်နိုင်သော အကူအညီများရယူဆောင် ရွက်ရန်ဖြစ်ပါသည်။ ဥပမာ-မိဘဆရာအသင်းသည် မူလတန်းပညာရေးသင်ကြားမှုအရည်အသွေးတိုးတက်ရေးဆောင်ရွက်ရန် မြို့နယ်ပညာရေးဌာနနှင့် ချိတ်ဆက်ညှိနှိုင်းဆောင်ရွက်ရပါမည်။ လယ်သမားအဖွဲ့အစည်းကလည်း လယ်ယာကုန်ထုတ်လုပ်ငန်း အထောက်အကူပြုလမ်းအဆင့်မြှင့်တင်ရန်မြို့နယ်ဆောက်လုပ်ရေးဌာနနှင့်ဆက်သွယ်၍ အင်ဂျင်နီယာဒီဇိုင်းပုံစံနှင့် တွက်ချက် မှုဆိုင်ရာ အကူ အညီများရယူရပါမည်။

(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

စီမံချက်လုပ်ငန်းများ၏ အသေးစိပ်လုပ်ငန်း အမျိုးအစားဖော်ပြချက်တွင် တင်ဒါခေါ်ယူဆောင်ရွက်ရမည့် ကိစ္စများကိုလည်းတွေ့ရပါမည်။ ဤလုပ်ငန်း အမျိုးအစားများအတွက် အောက်ပါအဖွဲ့ အစည်း/ပုဂ္ဂိုလ်များ၏ ပါဝင်မှုမှာ အမှန်ပင်လိုအပ်ပါမည်။

- ဆောက်လုပ်ရေး၊ ကြီးကြပ်ရေးစသည့် လုပ်ငန်းများအတွက် ကန်ထရိုက်များ
- စိုက်ပျိုးရေး၊ မွေးမြူရေးစသည့် သင်တန်းများအတွက် နည်းပညာဆိုင်ရာနှင့် စီမံခန့်ခွဲမှုဆိုင်ရာဝန်ဆောင်မှုပေးသည့်အဖွဲ့များ(နိုင်ငံတကာဖွံ့ဖြိုးမှု အဖွဲ့အစည်းများ၊ ဒေသဖွံ့ဖြိုးရေးအဖွဲ့ အစည်းများ၊ ပုဂ္ဂလိကအဖွဲ့အစည်များ၊ လူထုအဖွဲ့အစည်းများ)

ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများက စီမံကိန်းလုပ်ငန်းတွင်ဖေါ်ပြထားသောသတ်သတ်မှတ်မှတ်ကိစ္စများကိုသာ ကြီးကြပ်မှုပေးမည်ဖြစ်ပြီး လုပ်ငန်းတစ်ခုလုံး လွှမ်းခြုံကြီးကြပ်ရန်တာဝန်မှာ ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေး ကော်မတီက တာဝန်ပေးထားသောအဖွဲ့၏ တာဝန်သာဖြစ်ပါသည်။ အချို့ကိစ္စများတွင် ကြီးကြပ်ရေးတာဝန်မှာ မြို့နယ်သက်ဆိုင်ရာဦးစီးဌာနက တာဝန်ယူပါမည်။ ဤကိစ္စမျိုးတွင် ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် တာဝန်ပေးထားသောကော်မတီကိုဦးဆောင်၍ မြို့နယ်ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် နီးနီးကပ်ကပ် ပူးပေါင်း ဆောင်ရွက်ပါမည်။

(ဃ) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ လည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက် အဖွဲ့အစည်းဆိုင်ရာ အစီအစဉ်များနှင့် ငွေကြေးဆိုင်ရာ အစီအမံများ

ကျွန်ုပ်တို့ကော်မတီအနေဖြင့် လုပ်ငန်းတစ်ခုချင်းစီအတွက် ရေရှည်တည်တံ့ရေးအစီအစဉ်များထားရှိမည်။ ဥပမာအားဖြင့် တံတားဆောက်လုပ်ခြင်းလုပ်ငန်းတွင် အသုံးပြုသူများထံမှ အသုံးပြုခကောက်ခံခြင်း၊ စေတနာအလျောက်ထည့်ဝင်လိုသူများထံမှ အလှူငွေကောက်ခံခြင်း တို့ဆောင်ရွက်မည်။ ထို့အပြင် တံတားပေါ်ဖြတ်သန်း သွားလာသယ်ယူမည့် ပစ္စည်းများ၏ပမာဏကို ကန့်သတ်ခြင်း ကဲ့သို့သော စည်းကမ်းများ သတ်မှတ်မည်။

ဖွံ့ဖြိုးရေးလုပ်ငန်းများ ရေရှည်တည်တံ့ရေး အတွက် လုပ်ငန်းအလိုက် သက်ဆိုင်ရာ ကော်မတီ၊ အဖွဲ့အား တာဝန်အပ်နှင်းဆောင်ရွက်မည် ဖြစ်ပါသည်။ ဥပမာအားဖြင့် တံတားပြုပြင်ထိန်းသိမ်းရေးအတွက် လမ်းကော်မတီ၊ စာသင်ကျောင်း ပြုပြင်ထိန်းသိမ်းရေးအတွက် မိဘဆရာအသင်း စသည်ဖြင့် ဆောင်ရွက်ပါမည်။

၁၁။ စီမံကိန်းကြီးကြပ်စစ်ဆေးခြင်း နှင့် အကဲဖြတ်သုံးသပ်ခြင်း

ကျွန်ုပ်တို့၏ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည်ဖော်ရာတွင် တိုးတက်မှု အခြေအနေများအား စနစ်တကျကြီးကြပ်စစ်ဆေးအကဲဖြတ်ကြပါမည်။ အစကနဦး၌ကြီးကြပ်စစ်ဆေး အကဲဖြတ်ခြင်းလုပ်ငန်းကို ရိုးရှင်းလွယ်ကူသော နည်းလမ်းများဖြင့် ဆောင်ရွက်ပါမည်။ သို့မှသာ ရည်ရွယ်သည့်အတိုင်း ကြီးကြပ်စစ်ဆေးအကဲဖြတ်သည့် လုပ်ငန်းကိုပြီးမြောက်အောင် ဆောင်ရွက်နိုင် ပါလိမ့်မည်။

လူထုဗဟိုပြု၍ အားလုံးပူးပေါင်းပါဝင်သော ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ် အကောင်အထည်ဖော်သောနည်းလမ်းကို လက်ကိုင်ကျင့်သုံးသည့်အလျောက် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ကြီးကြပ်စစ်ဆေးသုံးသပ်ရာတွင် ကျေးရွာအတွင်းရှိ အဖွဲ့အစည်းများ၊ အိမ်ထောင်စုများတက်ကြွစွာ အတူပူးပေါင်းဆောင်ရွက်ရန် ဆောင်ရွက်ပါမည်။ ဤသို့ဆောင်ရွက်နိုင်ရန် သင့်တော်သော အဖွဲ့အစည်းစနစ်၊ လုပ်ထုံးလုပ်နည်းများတည် ဆောက်ပါမည်။

(က) ကြီးကြပ်စစ်ဆေးခြင်း (Monitoring)

အထူးသဖြင့် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်၏ လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှု (physical progress) နှင့် ငွေကြေးဆိုင်ရာ တိုးတက်မှု(financial progress) တို့ကို စနစ်တကျ ကြီးကြပ်စစ်ဆေးပါမည်။ ၄င်းစစ်ဆေးခြင်းကို (၃) လပတ် အစီအစဉ်ဖြင့် ဆောင်ရွက်ပါမည်။ ကြီးကြပ်စစ်ဆေးခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏စီစဉ်မှုဖြင့် သက်ဆိုင်ရာစီမံကိန်းလုပ်ငန်းအလိုက် တာဝန်ယူဆောင်ရွက်နေသော အဖွဲ့အသီးသီး၊ ကော်မတီအသီးသီးတို့က မိမိတို့ တာဝန်ကျရာ ကဏ္ဍအလိုက် စစ်ဆေးသုံးသပ်ပါမည်။

အဖွဲ့အသီးသီး၊ကော်မတီအသီးသီးသည် မိမိတို့၏ စီမံကိန်းဆိုင်ရာ ကနဦး သတင်းအချက်အလက်များ (Baseline) ရရှိအောင် ဆောင်ရွက်ကြပါမည်။ ယင်းအခြေခံ သတင်းအချက်အလက်များသည် စီမံကိန်း၏တိုးတက်မှုကို တိုင်းတာမည့် အညွှန်းကိန်း (indicator)များဖြစ်ပါမည်။ (၃)လပတ် ကုန်ဆုံးချိန်တိုင်းတွင် ကော်မတီနှင့် အဖွဲ့အသီးသီးသည်၄င်းတို့၏ ကြီးကြပ်စစ်ဆေးတွေ့ရှိမှု အစီရင်ခံစာ (monitoring report) ကို ရွာလူထုအစည်းအဝေး၌ အစီရင်ခံတင်ပြပါမည်။ ဆက်လက် ညှိနှိုင်းဆောင်ရွက်ရမည့်ကိစ္စများကို ကျေးရွာဖွံ့ဖြိုးမှုကော်မတီမှဦးဆောင်ပါမည်။ (၃)လပတ် ကြီးကြပ်စစ်ဆေးမှုအစီရင်ခံစာသည် အောက်ပါအချက်များအပေါ် ဦးတည်ပါမည်။

(၁) လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှု(Physical progress)

- စီမံကိန်းလုပ်ငန်းများလုပ်ငန်းပိုင်းတိုးတက်မှုနှင့် ပြီးမြောက်မှုအတိုင်းအတာ
- အကောင်အထည်ဖော်ရာတွင် ကြုံတွေ့ရသော အခက်အခဲအဟန့်အတားများနှင့် ပြုပြင်သင့် သောအဆိုပြုချက်များ၊

- ပြုပြင်ပြောင်းလဲဆောင်ရွက်ရန် လိုအပ်သောဖွံ့ဖြိုးရေးဗျူဟာနှင့်စီမံကိန်းများ၊

(၂) ငွေကြေးဆိုင်ရာတိုးတက်မှု(Financial progress)

- ငွေသားနှင့်ငွေသားမဟုတ်သောအရင်းအနှီးလိုအပ်ချက်များစုစည်းပြီးစီးမှု (မူလလျာထားချက်နှင့် နှိုင်းယှဉ်၍)၊
- (၃) လပတ်ကုန်တွင်ရှိသောငွေသားနှင့် အခြားပစ္စည်းလက်ကျန်၊
- ငွေသားနှင့် ငွေသားမဟုတ်သော အရင်းအမြစ်များစုဆောင်းရာတွင်ကြုံတွေ့ နေရသော အခက်အခဲများ၊ ပြဿနာများ၊
- ငွေကြေးစုဆောင်းပြင်ဆင်မှုတိုးတက်ရန် အဆိုပြုနည်းလမ်းများ၊

ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် (၃)လပတ်ကြီးကြပ်စစ်ဆေးမှု အစီရင်ခံစာ အနှစ်ချုပ်ကို ပြုစုပြင်ဆင်ပြီး သက်ဆိုင်ရာကျေးရွာအုပ်စုဥက္ကဋ္ဌနှင့် သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနများသို့ အစီရင်ခံပေးပို့ပါမည်။ အစီရင်ခံစာသည် စာမျက်နှာ ၂ မျက်နှာ၊ ၃ မျက်နှာခန့်ပါဝင်၍ အောက်ပါအချက် များကိုအဓိကထားဖော်ပြပါမည်။ ၄င်းအစီရင်ခံစာတွင်အခက်အခဲနှင့်ရင်ဆိုင်ကျော်လွှားမှုများ၊ ကျေးရွာသူ/သားများ ပြုပြင်ပြောင်းလဲဆောင်ရွက်မည့်အစီအစဉ်များ၊ လိုအပ်သော အကူအညီ အထောက်အပံ့များ စသည်တို့ ပါဝင်ပါမည်။

(ခ) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အကဲဖြတ်ပွဲ

စီမံကိန်းကာလ နှစ်တစ်နှစ်ကုန်ဆုံးချိန်တွင် စီမံကိန်း၏ တိုးတက်မှုအခြေအနေကို ဘက်စုံရှုထောင့်မှ ပြန်လည်သုံးသပ်အကဲဖြတ်ကြပါမည်။ ဤနှစ်ပတ်လည် သုံးသပ်တွေ့ဆုံပွဲ၏ ရည်ရွယ်ချက်မှာ ကျွန်တို့ဆောင်ရွက်သော ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ၏ တိုးတက်မှုအခြေအနေများကို အောက်ပါအဖွဲ့အစည်း/ပုဂ္ဂိုလ်များအား ကျွန်ုပ်တို့ကျေးရွာက ဖိတ်ကြားအသိပေးတင်ပြနိုင်သော အခွင့်အလမ်းဖန်တီးနိုင်ရန် ဖြစ်ပါသည်။ ဖိတ်ကြားမည့်အဖွဲ့အစည်းများမှာ-

- ကျေးရွာအုပ်စုအုပ်ချုပ်ရေးအဖွဲ့
- မြို့နယ်အုပ်ချုပ်ရေးနှင့်အခြားသက်ဆိုင်ရာအဖွဲ့အစည်းများ (ငွေကြေးထည့်ဝင်သူများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ)
- သတင်းမီဒီယာများ
- ဖွံ့ဖြိုးရေးအဖွဲ့အစည်းများစသည်တို့ဖြစ်ပါသည်။

နှစ်ပတ်လည်သုံးသပ်ပွဲမှ ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများနှင့် အခြားပါဝင်သက်ဆိုင်သူများထံမှ အကြံပြုချက်၊ သုံးသပ်ချက်များ ရယူနိုင်သော အခွင့်အလမ်းကိုလည်းရရှိပါမည်။ ဤအကြံပြုချက်များဖြင့် ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကို ပြန်လည်ပြုပြင်ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

(ဂ) နည်းပညာဆိုင်ရာအကူအညီ

ယခုကဲ့သို့ ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲခြင်းနှင့် စီမံဆောင်ရွက်စဉ် အစကနဦးကာလ တွင် အချိန်ပိုင်းအလိုက် လေ့လာစောင့်ကြည့်ခြင်းနှင့် အကဲဖြတ်ခြင်းဆိုင်ရာကဲ့သို့ နည်းပညာအကူအညီများကို မြို့နယ်အဖွဲ့အစည်းများထံမှ လိုအပ်မည်ဖြစ်သည်။

၁။ ကျေးရွာလူမှုစီးပွားရေးဆိုင်ရာအချက်အလက်များ

(၁.၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်

ဇယား (၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်

အသက်အုပ်စု	ကျား	မ	စုစုပေါင်း	စုစုပေါင်း၏ %	ဖွံ့ဖြိုးရေးအမြင်အရ ခွဲခြားထားပုံ
၁ နှစ်အောက်	၅	၆	၁၁	၁.၈ %	နို့စို့အရွယ်
၁ နှစ်မှ ၅နှစ်	၂၃	၂၈	၅၁	၈.၂ %	၅နှစ်အောက်ကလေးငယ်
၅ နှစ်မှ ၉နှစ်	၂၀	၂၉	၄၉	၇.၉ %	မူလတန်းကျောင်းသားအရွယ်
၁၀ နှစ်မှ ၁၄နှစ်	၃၄	၃၉	၇၃	၁၁.၈ %	အလယ်တန်းကျောင်းသား အရွယ်
၁၅ နှစ်မှ ၆၀ နှစ်	၁၉၃	၂၀၉	၄၀၂	၆၅.၂ %	အလုပ်လုပ်နိုင်သည့်အရွယ်
၆၀ နှစ် နှင့်အထက်	၁၃	၁၈	၃၁	၅.၁ %	သက်ကြီးရွယ်ကြီး
စုစုပေါင်း အိမ်ထောင်စု	၂၈၈ ၁၃၅	၃၂၉	၆၁၇	**၁၀၀ %**	
ပျမ်းမျှအိမ်ထောင်စုဝင်	၄.၆				

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၁ - ၂၃ ရက်၊ စက်တင်ဘာ လ၊ ၂၀၁၅ နှစ်) (ကျေးရွာအုပ်ချုပ်ရေးမှူး၊ ရပ်ရွာစာရေးမှတဆင့် ကောက်ယူသည်)

လေ့လာတွေ့ရှိချက်။ ။ပျမ်းမျှတစ်မိသားစု လျှင်(၄.၆) ဦးခန့်ရှိ၍ ကျေးရွာပျမ်းမျှလူဦးရေသည် ကောင်းပါသည်။

(၁.၂) လုပ်သားအင်အား

ဇယား (၂) လုပ်သားအင်အား

စဉ်	လုပ်ငန်း ကဏ္ဍများ	အဓိကလုပ်ငန်း: အဓိကလုပ်ငန်း:	အဓိကလုပ်ငန်း: %	အခြားလုပ်ငန်း:	မှတ်ချက်
၁	**စိုက်ပျိုးရေးလုပ်ငန်း:** • ကိုယ်ပိုင်လုပ်ငန်း: • လုပ်သား(လခစား၊နေ့စား လုပ်သား) • မိသားစုဝင်လုပ်အား	၇၁	၅၂.၆ %		လယ်ယာစိုက်ပျိုးရေးကို အဓိကလုပ် ကိုင်ကြပါသည်။
၂	**မွေးမြူရေးလုပ်ငန်း:** • ကိုယ်ပိုင်လုပ်ငန်း: • လုပ်သား(လခစား၊နေ့စား လုပ်သား)	၂	၁.၅ %		နွားကိုအဓိကမွေးမြူသည်။

စဉ်	လုပ်ငန်း ကဏ္ဍများ	အဓိကလုပ်ငန်း		အခြား လုပ်ငန်း	မှတ်ချက်
		အဓိက လုပ်ငန်း	%		
	• မိသားစုဝင်လုပ်အား				
၃	**ငါးလုပ်ငန်း**				
	• ကိုယ်ပိုင်လုပ်ငန်း				
	• လုပ်သား(လခစား၊နေ့စား လုပ်သား)				
	• မိသားစုဝင်လုပ်အား				
၄	**သတ္တုတူးဖော်ရေး၊ ကျောက် ထုတ်လုပ်ရေး နှင့် သဘာဝ အရင်းအမြစ်များ ထုတ်လုပ် ခြင်း**				
	• ကိုယ်ပိုင်လုပ်ငန်း	၆	၄.၄ %		ရွှေလုပ်ငန်းအဓိက လုပ်ကိုင်ကြပါသည်။ သဲထုတ်လုပ်ရောင်းချခြင်းလုပ်ငန်း (၁)ဦးမီးသွေးဖုတ်(၃)ဦး၊
	• လုပ်သား(လခစား၊နေ့စား လုပ်သား)				
	• မိသားစုဝင်လုပ်အား				
၅	**ကုန်ထုတ်လုပ်ငန်း**				
	• ကိုယ်ပိုင်လုပ်ငန်း			၄	စပါးကြိတ်စက် (ငါးပုံစက်၊ ဟာလာစက်
	• လုပ်သား(လခစား၊နေ့စား လုပ်သား)				
	• မိသားစုဝင်လုပ်အား				
၆	**လျှပ်စစ်၊ သဘာဝဓါတ်ငွေ့ နှင့် ရေပေးဝေရေးလုပ်ငန်း**				
	• ကိုယ်ပိုင်လုပ်ငန်း				
	• လုပ်သား(လခစား၊နေ့စား လုပ်သား)				
	• မိသားစုဝင်လုပ်အား				
၇	**ဆောက်လုပ်ရေးလုပ်ငန်း**				
	• ကိုယ်ပိုင်လုပ်ငန်း			၂	ပန်းရံ၊ လက်သမား
	• လုပ်သား(လခစား၊နေ့စား လုပ်သား)	၃	၂.၂ %		လက်သမား၊ ပန်းရံ
	• မိသားစုဝင်လုပ်အား				
၈	**စက်ပြင်ဆိုင် (စက်ဘီး၊ ဆိုင်ကယ်)၊ အိမ်သုံးပစ္စည်းပြုပြင်ဆိုင်**				
	• ကိုယ်ပိုင်လုပ်ငန်း				
	• လုပ်သား(လခစား၊နေ့စား လုပ်သား)				
	• မိသားစုဝင်လုပ်အား				

စဉ်	လုပ်ငန်း ကဏ္ဍများ	အဓိကလုပ်ငန်း		အခြား လုပ်ငန်း	မှတ်ချက်
		အဓိက လုပ်ငန်း	%		
၉	**ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီ ယာ၊ သင်တန်းပေးသူ)** • ကိုယ်ပိုင်လုပ်ငန်း • လုပ်သား(လခစား၊နေ့စား လုပ်သား) • မိသားစုဝင်လုပ်အား				
၁၀	**လက်လီလက်ကားအရောင်းအဝယ်** • ကိုယ်ပိုင်လုပ်ငန်း • လုပ်သား(လခစား၊နေ့စား လုပ်သား) • မိသားစုဝင်လုပ်အား	၁၃	၉.၆%	၅	ကျေးရွာတွင်း ကုန်စုံဆိုင် အိမ်ဆိုင်၊ အရောင်း အဝယ်လုပ်ငန်းများ လုပ် ကြပါသည်။ ခေါင်းရွက်ဗျက်ထိုး စျေးသည်များလည်းပါသည်။
၁၁	**ဟိုတယ် နှင့် စားသောက်ဆိုင်များ** • ကိုယ်ပိုင်လုပ်ငန်း • လုပ်သား(လခစား၊နေ့စား လုပ်သား) • မိသားစုဝင်လုပ်အား				
၁၂	**ပို့ဆောင်ဆက်သွယ်ရေး နှင့် သိုလှောင်ခြင်း၊** • ကိုယ်ပိုင်လုပ်ငန်း • လုပ်သား(လခစား၊နေ့စား လုပ်သား) • မိသားစုဝင်လုပ်အား				
၁၃	**ငွေကြေးဝန်ဆောင်မှု လုပ်ငန်း** • ကိုယ်ပိုင်လုပ်ငန်း • လုပ်သား(လခစား၊နေ့စား လုပ်သား) • မိသားစုဝင်လုပ်အား				
၁၄	**အိမ်ခြံမြေရောင်းဝယ်ရေး၊ ငှားရမ်းရေး နှင့် အလားတူလုပ်ငန်းများ** • ကိုယ်ပိုင်လုပ်ငန်း • လုပ်သား(လခစား၊နေ့စား လုပ်သား) • မိသားစုဝင်လုပ်အား				

စဉ်	လုပ်ငန်း ကဏ္ဍများ	အဓိကလုပ်ငန်း		အခြား လုပ်ငန်း	မှတ်ချက်
		အဓိက လုပ်ငန်း	%		
၁၅	**ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေး နှင့် ဘေးကင်းလုံခြုံရေး)** • ကိုယ်ပိုင်လုပ်ငန်း • လုပ်သား(လခစား၊နေ့စား လုပ်သား) • မိသားစုဝင်လုပ်အား				
၁၆	**ပညာရေးလုပ်ငန်း** • ကိုယ်ပိုင်လုပ်ငန်း • လုပ်သား(လခစား၊နေ့စား လုပ်သား) • မိသားစုဝင်လုပ်အား				
၁၇	**ကျန်းမာရေး** • ကိုယ်ပိုင်လုပ်ငန်း • လုပ်သား(လခစား၊နေ့စား လုပ်သား) • မိသားစုဝင်လုပ်အား	၁	၀.၇%		ကျန်းမာရေးဆရာဝန် ၁ဦး
၁၈	**လူမှုရေးလုပ်ငန်းများ** • ကိုယ်ပိုင်လုပ်ငန်း • လုပ်သား(လခစား၊နေ့စား လုပ်သား) • မိသားစုဝင်လုပ်အား				
၁၉	**အခြားကိုယ်ပိုင်လုပ်ငန်းများ (အထက်ဖော်ပြပါလုပ်ငန်းများမှအပ)** • ကိုယ်ပိုင်လုပ်ငန်း • လုပ်သား(လခစား၊နေ့စား လုပ်သား) • မိသားစုဝင်လုပ်အား	၃၉	၂၈.၉ %		ကြံရာကျပန်းလုပ်ငန်းများ လုပ်ကိုင်ကြပါသည်
၂၀	**ပြင်ပမှ လာရောက်လုပ်ကိုင်သော အဖွဲ့အစည်းများတွင် လာရောက် လုပ်ကိုင်သူများ** • ကိုယ်ပိုင်လုပ်ငန်း • လုပ်သား(လခစား၊နေ့စား လုပ်သား) • မိသားစုဝင်လုပ်အား				
	စုစုပေါင်း	၁၃၅	၁၀၀%		

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၁ - ၂၂ ရက်၊ စက်တင်ဘာ လ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်။ ကျေးရွာတွင်အိမ်ထောင်စု (၁၃၅) အိမ်ထောင်စုရှိပြီး လယ်ယာစိုက်ပျိုးခြင်း လုပ်ငန်းကိုအဓိကလုပ်ကိုင်သော အိမ်ထောင်စု(၅၂.၆%)ရှိပါသည်။ ကြံရာကျပန်းလုပ်သူ အိမ်ထောင်စု ၂၈.၉ % ရှိပါသည်။ ကျပန်း အလုပ်သမား မိသားစုများသည် စိုက်ပျိုးရာသီချိန်တွင် စိုက်ပျိုးရေး လုပ်ငန်းများ နေ့စားအငှားလိုက်ခြင်း၊ ပတ်ဝန်းကျင်ကျေးရွာများနှင့် ရွှေလုပ်ကွက်များတွင် ဒေသ

ထွက် ဟင်သီးဟင်ရွက်များကို လှည့်လည် ရောင်းချခြင်းများနှင့် တနိုင်အပိုင် ရွှေကျင်ခြင်း၊ ဝါးခုတ်၊ မျှစ်ချိုးခြင်းများကို လုပ်ကိုင်ပြီး အလုပ်အကိုင် နည်းပါးသော ဆောင်းရာသီနှင့် နွေရာသီတို့တွင် ရွှေတူးကုမ္ပဏီများ၌ နေ့စားလုပ်ငန်းများကို လုပ်ကိုင်ကြပါသည်။

(၁.၃) စိုက်ပျိုးနိုင်သောမြေဧရိယာ

(၁.၃.၁) ကျေးရွာ၏စိုက်ပျိုးမြေဧရိယာ (မြေအသုံးချမှု)

ဇယား (၃) ကျေးရွာ၏စိုက်ပျိုးမြေဧရိယာ (မြေအသုံးချမှု)

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာအရည်အသွေးကောင်း/သင့်/ညံ့	ဆည်ရေရရှိမှု (ရ/မရ/အနည်းအကျဉ်း)	ရေအရင်းအမြစ် (ရေရရှိသည့်နေရာ/ရေပေးနိုင်သည့်ဧက)
လယ်မြေ	၉၆	သင့်	အနည်းအကျဉ်း	ဆည်ဒိုချောင်းရေ ၊ ထိုးကျချောင်းရေတင်ခြင်း၊ ချောင်းရေကို ပိတ်ပြီး တနိုင်တပိုင် ကိုယ်ပိုင်ဆည်များမှ စပါးစိုက်ပျိုးရခြင်း
ယာမြေ	၂၂၄.၅	သင့်	မရ	မိုးကောင်းသောက်
ဥယျာဉ်ခြံမြေ	၁၁	သင့်	ချောင်းရေတင်စိုက်ပျိုးခြင်း	ချောင်းရေဖြင့် (၅) ဧကခန့် ဟင်းသီးဟင်းရွက် နှင့် ရာသီပန်းပင်များစိုက်ပျိုးကြပါသည်။
သစ်တောမြေ	၁၂၅	သင့်		
အခြား(ကျေးရွာတည်မြေ)	၉	သင့်		
စုစုပေါင်း	၄၆၅.၅			

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၁ -၂၂ ရက်၊ စက်တင်ဘာ လ၊ ၂၀၁၅ နှစ်)

မှတ်ချက်။ ရေရှိသည့်နေရာအမျိုးအစား-ဆည်၊ မြစ်ရေတင်၊ စိမ့်စမ်းရေသွယ်၊ မြေအောက်ရေ လေ့လာတွေ့ရှိချက်။ ကျေးရွာရှိယာမြေတစ်ဝက်ခန့်သည် ချောင်းကြီးကြိုးဝိုင်း သစ်တောဧရိယာတွင်တည်ရှိသောကြောင့် မြေယာမှတ်ပုံတင် ပုံစံ(၇) လုပ်ဆောင်ရန် အခက်အခဲရှိကြပါသည်။ ဥယျာဉ်ခြံမြေများတွင်လည်း မြေယာမှတ်ပုံတင် ပုံစံ(၇) မရှိပါ။

(၁.၃.၂) ခါတ်သတ္တုနှင့်အခြားသဘာဝအရင်းအမြစ်များ

ဇယား (၄) ခါတ်သတ္တုနှင့်အခြားသဘာဝအရင်းအမြစ်များ

အမျိုးအစား	ရရှိနိုင်မှု (များ/သင့်/နည်း/မရှိ)	လက်လှမ်းမှီနိုင်မှု (လွယ်/ခက်/လက်လှမ်းမမှီ)
ကာဗွန်(ခါတ်ငွေ့/ရေနံ)	မရှိ	လက်လှမ်းမမှီ
ခါတ်သတ္တု(ရွှေ၊သဲ)	အနည်းငယ်သာ ရရှိပါသည်	ခက်
အခြားသဘာဝအရင်းအမြစ်		
တိရစ္ဆာန်မျိုးစိတ်များ	မရှိ	လက်လှမ်းမမှီပါ

အမျိုးအစား	ရရှိနိုင်မှု (များ/သင့်/နည်း/မရှိ)	လက်လှမ်းမှီနိုင်မှု (လွယ်/ခက်/လက်လှမ်းမမှီ)
အပင်မျိုးစိတ်များ (နွားစာ၊ ဆေးဘက်ဝင်အပင်များ)	အသင့်အတင့် ရရှိနိုင်ပါသည်။	လက်လှမ်းမှီပါသည်။

ရည်ညွှန်းကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၁ - ၂၃ ရက်၊ စက်တင်ဘာ လ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်။ ကျေးရွာပိုင် (သို) ကျေးရွာအနီးတွင်ရှိသော ချောင်းကြီး ကြိုးပိုင်းသစ်တောမှ တောထန်း၊ တပင်ရွှေထီး၊ တပင်တိုင်မြနန်း ၊ ဆေးမြင်းခွာ စသည့် ပရဆေးပင်များနှင့် ဝဉ်တို့ကို ရရှိပါသည်။ ကျောက်ဖြာ၊ မြေနီတောင် နှင့် ဇရပ်ကွင်း ကျေးရွာတို့သည် ပရဆေးပင်များနှစ်စဉ် လာရောက်တူးယူကြသောကြောင့် ပရဆေးပင်ရရှိမှု လျော့နည်းလာပါသည်။ နှစ်စဉ်တောမီးလောင်ခြင်းနှင့် နှစ်စဉ် တူးဖော်ထုတ်ယူခြင်း များလာပါက ပရဆေးပင်မျိုးစိတ်များ ရှားပါလာနိုင်ပါသည်။

(၁.၄) ဥစ္စာဓနအဆင့်အနေအထား

ဇယား (၅) ဥစ္စာဓနအဆင့်အနေအထား

အကြောင်း အရာ	သတ်မှတ်စံနှုန်း: အဆင့်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသော အိမ်ထောင်စု	ဆင်းရဲသော အိမ်ထောင်စု	အလွန်ဆင်းရဲသော အိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	(၁၀ - ၁၅) ဧက တိုက်အိမ်၊	(၅- ၁၀) ဧက	(၅) ဧကအောက်	မြေယာမဲ့
အိမ်အခြေအနေ	သွပ်မိုး၊ ပျဉ်ထောင်၊ ပျဉ်ခင်း နှစ်ထပ်	သွပ်မိုး၊ထရံကာ၊ ပျဉ် ခင်း ၊နှစ်ထပ်	သက်ကယ်မိုး၊ထရံကာ၊ ကြမ်းခင်း	သက်ကယ်မိုး၊ထရံကာ ၊ မြေစိုက်
လုပ်ငန်းသုံးကိရိယာ (သို့) လုပ်ဖက်ကရိယာ ပိုင်ဆိုင်မှု	လက်တွန်းထွန်စက်၊ ရေစုပ်စက် ၊ မျိုးစေ့ချစက်	ခိုင်းကျွဲ၊ခိုင်းနွားအစုံ	ပေါက်ပြား၊ ဓား	ပေါက်ပြား၊ ဓား
ကုန်ထုတ်လုပ်မှုနှင့် မဆိုင်သော ပိုင်ဆိုင်မှု	ကား၊ဆိုင်ကယ် ၊ တီဗွီ၊စလောင်း၊ ဖုန်း	ဆိုင်ကယ် ၊ တီဗွီ၊ဖုန်း	ဆိုင်ကယ် ၊စက်ဘီး တီဗွီ၊ဖုန်း	ဖုန်း
အဓိကစီးပွားရေး လုပ်ငန်း၊ တနှစ်ဝင်ငွေ	စိုက်ပျိုးရေး၊ အရောင်းအဝယ် (၁၅ -၂၀) သိန်း	စိုက်ပျိုးရေး၊မွေးြြူရေး (၅-၁၀) သိန်း	မွေးမြူရေး၊ကျပန်း (၅- ၇) သိန်း	ကျပန်း (၅ - ၇) သိန်း
အခြားပိုင်ဆိုင်မှု	ရွှေ တဆင်စာ၊ကုန်ထုတ်လုပ်ငန်း	ရွှေတဆင်စာ	နားကပ်၊ လက်စွပ်	-
အိမ်ထောင်စု	၃၁	၂၃	၅၀	၃၁

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၁ - ၂၃ ရက်၊ စက်တင်ဘာ လ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်။ ကျေးရွာတွင် အဆင်ပြေသော အိမ်ထောင်စု (၃၁) ၊ အလယ်အလတ်ရှိသော

အိမ်ထောင်စု (၂၃)၊ ဆင်းရဲသောအိမ်ထောင်စု (၅၀)၊ အလွန်ဆင်းရဲသော အိမ်ထောင်စု(၃၁) စု ရှိပါသည်။

(၁.၅) ဝမ်းစာဖူလုံမှု၊ ဆင်းရဲနွမ်းပါးမှု နှင့် ထိခိုက်လွယ်မှုအခြေအနေ၊

(၁.၅.၁) ဝမ်းစာဖူလုံမှု

ချေးငှားခြင်းမပြုဘဲ ထမင်းပုံမှန်/နပ်မှန်အောင် စားသောက်နိုင်သည့် အိမ်ထောင်စု

ဇယား (၆) ဝမ်းစာဖူလုံမှု

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	အိမ်ထောင်စု %	ဖြေရှင်းသည့်နည်းဗျူဟာ
၃ လအောက်	၁	၄.၅%	မလုံလောက်ပါက တောင်သူများထံမှ ဆန်၊ စပါးများကို လုပ်အားခအတွက် ကြိုယူခြင်း နှင့် ဈေးဆိုင်မှ အကြွေးယူ စားသောက်ကြ ပါသည်။
၃ လနှင့် ၅ လအထိ	၁	၄.၅%	မလုံလောက်ပါက ဈေးဆိုင်များမှ အကြွေး ယူခြင်းနှင့် ငွေတိုးချေးငှားပြီး စားသောက် ကြပါသည်။
၆လမှ၁၂လအထိ	၂၀	၉၀.၉%	မလုံလောက်ပါက ဈေးဆိုင်များမှ အကြွေး ယူခြင်းနှင့် ငွေတိုးချေးငှားပြီး စားသောက် ကြပါသည်။

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၁ -၂၃ ရက်၊စက်တင်ဘာ လ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်။ ကျေးရွာသည် စားနပ်ရိက္ခာဖူလုံမှုရှိကြပါသည်။

(၁.၆) ထိခိုက်လွယ်မှု

(၁.၅.၁) ထိခိုက်လွယ်သောလူပုဂ္ဂိုလ်အုပ်စု

ဇယား (၇) ထိခိုက်လွယ်သောလူပုဂ္ဂိုလ်အုပ်စု

အကြောင်းအရာ	ရှင်းလင်းချက်/ဖော်ပြချက်	ကျား	မ	ပေါင်း
သက်ကြီးရွယ်အို ဖ၀နှစ် နှင့် အထက်	မိသားစုစောင့်ရှောက်မှုမရှိ	-	-	-
မသန်စွမ်းသည့် ပုဂ္ဂိုလ်	မိသားစု/ရပ်ရွာ၏ စောင့်ရှောက်မှုမရှိ	-	-	-
		အိမ်ထောင်စုအရေအတွက်		
အမျိုးသမီးဦးဆောင်သောအိမ်ထောင်စု	ဆင်းရဲ၍မိသားစုဦးရေများ	၂		
မုဆိုးဖို / တစ်ခုလပ် ဆင်းရဲသည့် အိမ်ထောင်စု	ဆင်းရဲ၍မိသားစုဦးရေများ အခြားဒေသသို့ကြာမြင့်စွာသွား ရောက် နေထိုင်လုပ်ကိုင်နေသူ	၁ ၇		

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၁ - ၂၂ ရက်၊ စက်တင်ဘာ လ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်။ ကျေးရွာရှိ ဆင်းရဲပြီး အမျိုးသမီးဦးဆောင်သော အိမ်ထောင်စုများသည် များသောအားဖြင့် မိသားစုများပြီး ဝင်ငွေရအလုပ်လုပ်နိုင်သူနည်း၍ အလုပ်ပုံပုန်မရှိခြင်းနှင့် ကြုံရာကျပန်းလုပ်ကိုင်စားသောက်ရသောကြောင့် စားဝတ်နေရေး အခက်အခဲများနှင့် ကြုံတွေ့ရပါသည်။ ထိုမိသားစုများသည် စားဝတ်နေရေးအတွက် ရွှေတွင်းလုပ်ငန်းများတွင် နေ့စားလုပ်ကိုင်ခြင်း၊ ဒေသတွက် ဟင်းသီးဟင်းရွက်များကို တောင်သူများထံမှ ရောင်းပြီး အရင်းပေးစနစ်ခြင်း ဝယ်ယူကာ အခြားရွာများသို့ သွားရောင်းခြင်းနှင့် ကြုံရာကျပန်း အလုပ်များကို လုပ်ကိုင်ကြရပါသည်။ တရုတ်နယ်စပ် စားသောက်ဆိုင် အလုပ်ကြမ်းများ၊ မန္တလေးမြို့ လက်ဖက်ရည်ဆိုင်များ၊ ကချင်ပြည်နယ် ရွှေ၊ကျောက်လုပ်ငန်းများ)နှင့် ကြုံရာကျပန်းအလုပ်များ လုပ်ဆောင်ရန် အခြားဒေသများသို့ အချိန်ကြာမြင့်စွာ သွားရောက် အလုပ်လုပ်ကြရပါသည်။

(၁.၅.၂) ကျေးရွာရှိထိခိုက်လွယ်မှုဖြစ်နိုင်သည့်လူဦးရေ

ဇယား (၈) ကျေးရွာရှိထိခိုက်လွယ်မှုဖြစ်နိုင်သည့်လူဦးရေ

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှု (နိမ့်/လတ်/မြင့်)	မှတ်ချက်
၁	စားနပ်ရိက္ခာမဖူလုံမှု	လတ်	ရာသီဥတုမမှန်ခြင်း၊ သဘာဝအရင်းအမြစ်များ ရှားပါးလာခြင်း၊ သီးနှံအထွက်နှုန်းကျဆင်းလာခြင်းနှင့် အလုပ်အကိုင် အခွင့်အလမ်းများနည်းပါးလာ၍ ဝင်ငွေ နည်းလာသောကြောင့် တောင်သူငယ်များနှင့် မြေယာမဲ့များ ကျပန်းမိသားစုများ စားဝတ်နေရေး အခက်အခဲ အသင့်အတင့် ကြုံတွေ့ရပါသည်။
၂	သဘာဝအရင်းအမြစ်ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ...)	မြင့်	စပါးသီးနှံ စိုက်ပျိုးရေ မလုံလောက်ခြင်းနှင့် ချောင်းရေတွင်ရွှေလုပ်ကွက်များမှဓာတုဆေးများပါဝင်သောကြောင့်စိုက်ပျိုးရေမကောင်း၍ သီးနှံများ ပျက်စီးပြီး စိုက်ပျိုးသီးနှံ ထိခိုက်မှု မြင့်မားပါသည်။
၃	ရေကြီးခြင်း	နိမ့်	ဆည်ဒိုချောင်းသည်ကျေးရွာကိုပတ်၍စီးဆင်း နေပြီး မိုးများသည့်အချိန်များတွင် ကျေးရွာ၏ မြောက်ဘက်အနိမ့်ပိုင်းတွင်ရှိသောစိုက်ခင်းများနှင့် အိမ်ထောင်စုများချောင်းရေလျှံခြင်းကြောင့်ထိခိုက်မှု အနည်းငယ် ကြုံတွေ့ရပါသည်။
၄	မိုးခေါင်ခြင်း	နိမ့်	မိုးဦး မိုးခေါင်သည့် နှစ်များတွင် စပါး ပျိုးထောင်ချိန်နောက်၍ စိုက်ပျိုးချိန် နောက်ကျ သောကြောင့် သီးနှံအထွက်နှုန်း အနည်းငယ် ထိခိုက်မှုရှိပါသည်။
၅	မုန်တိုင်း	နိမ့်	မုတ်သုန်ကာလများတွင်မိုးသက်လေပြင်းတိုက်ခိုက်၍ စပါးအပွင့်ပွင့်ချိန်နှင့်တိုက်ဆိုင်ပါကသီးနှံအောင် မြင်မှုနည်းပါးသောကြောင့်ထိခိုက်မှုအနည်းငယ် ရှိပါ သည်။
၆	ငလျင်	လတ်	ငလျင်ဧရိယာ ဖြစ်သောကြောင့် မကြာခဏငလျင်လှုပ်ခြင်းကြုံတွေ့ရပါသည်။ ၂၀၁၂ ခုနှစ်တွင် ငလျင်လှုပ်၍ ကျေးရွာမှနေအိမ် တစ်လုံးပြိုကျပြီး ဘုန်ကြီးကျောင်း ဆွမ်းစာဆောင် အက်ကွဲခြင်းဖြစ်ပါသည်။ ငလျင်ဧရိယာဖြစ်သောကြောင့် ထိခိုက်နိုင်မှု အသင့်အတင့် ရှိပါသည်။

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှု (နိမ့်/လတ်/မြင့်)	မှတ်ချက်
၇	မီးဘေး	နိမ့်	ကျေးရွာသည် သစ်တောများနှင့် နီးကပ်စွာတည်ရှိပြီးနှစ်စဉ် သစ်တောများသည် တောမီးလောင်ပါသည်။ထိုကြောင့်ထိခိုက်နိုင်မှုအနည်းငယ်ရှိပါသည်။
၈	မြေပြိုခြင်း၊ မြေဆီလွှာပျက်ယွင်းမှု	နိမ့်	မိုးများသော အချိန်များ၌ တောင်ယာမြေများတွင် ရေစီးကြမ်းသောကြောင့် မြေဆီလွှာ ပျက်စီးခြင်း အနည်းငယ်ရှိပါသည်။
၉	သစ်တောပြုန်းတီးခြင်း	မြင့်	ကျေးရွာအနီးတွင် ချောင်းကြီးကြိုးဝိုင်း သစ်တောရှိပြီး နိုင်ငံတော်မှ သစ်ထုတ်လုပ်ခြင်း၊ ဒေသခံများမှ သစ်ခုတ်ခြင်း၊ မျောတိုင်များ၊ ဝါးများခုတ်ရောင်းခြင်းနှင့် ရွှေကုမ္ပဏီ လုပ်ကွက်များဝင်ရောက်ခြင်းတို့ကြောင့် သစ်တောပြုန်းတီးခြင်း မြင့်မားပါသည်။
၁၀	ငှက်ဖျားရောဂါ	လတ်	ငှက်ဖျားဇရိယာဖြစ်ပြီး နှစ်စဉ်ငှက်ဖျားဖြစ်သူများရှိပြီး PSI ငှက်ဖျားတိုက်ဖျက်ရေး စီမံချက်နှင့် ချိတ်ဆက်ထား သောကြောင့် ငှက်ဖျားဖြစ်ပွားခြင်း အလယ်အလတ်သာ ဖြစ်ပါတော့ ရှိပါသည်။
၁၁	တီဘီရောဂါ	မြင့်	ဆေးစာပြီး (၃၀-၄၀) ဦးကြား ရှိပါသည်။ ယခု ဆေးစားဆဲများလည်း ရှိပါသည်။
၁၂	ကိုယ်ခံအားကျဆင်းမှုရောဂါ	နိမ့်	PSI ကျန်းမာရေးစီမံချက်များမှ ကျန်းမာရေးပညာပေးခြင်းနှင့်ရုပ်မြင်သံကြားနှင့် ရေဒီယိုများမှအသိပညာရရှိသောကြောင့်ကူးစက်ခံရခြင်းနိမ့်ပါးပါသည်။
၁၃	လူကုန်ကူးခြင်း	နိမ့်	နယ်စပ်ဒေသများသို့ ကျပန်းအလုပ်များ သွားရောက်အလုပ်ကိုင်ရသောကြောင့် လူကုန်ကူးခံရခြင်း အနည်းငယ်ကြုံတွေ့ နိုင်ပါသည်။

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၁ - ၂၃ ရက်၊ စက်တင်ဘာ လ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်။ သစ်တောပြုန်းတီးလာခြင်း၊ သဘာဝအရင်းအမြစ်ရှားပါးလာခြင်း၊ စသော သဘာဝဘေးဒဏ်များလူထုတစ်ရပ်လုံးရင်ဆိုင်ကြုံတွေ့ရပါသည်။

(၁.၅.၃) မည်သူတို့သည် ထိခိုက်လွယ်ကြသနည်း

ဇယား (၉) မည်သူတို့သည် ထိခိုက်လွယ်ကြသနည်း။

စဉ်	အမျိုးအစား	ထိခိုက်မှု (နိမ့်/လတ်/မြင့်)	မှတ်ချက်
၁	လူငယ်	လတ်	အခြားဒေသများသို့ အလုပ်သွားရောက် လုပ်ကိုင်ကြခြင်းတို့သည် ကူးစက်ရောဂါနှင့်အခြားထိခိုက်မှုများကြုံတွေ့နိုင်ပါသည်။ ရွှေလုပ်ကွက်များတွင် နေ့စားအငှားလိုက်ခြင်းများသည် လုပ်ငန်းခွင်ထိခိုက် ခြင်းတို့ ကြုံတွေ့ နိုင်ပါသည်။
၂	အမျိုးသမီးဦးဆောင်သည့် ဆင်းရဲသည့်အိမ်ထောင်စု	လတ်	ရာသီဦးတု မမှန်ခြင်း၊ အလုပ်အကိုင် ပုံမှန်ဝင်ငွေရအလုပ်မရှိခြင်း၊ ကြုံရာကျပန်း လုပ်ဆောင်ရခြင်း

စဉ်	အမျိုးအစား	ထိခိုက်မှု (နိမ့်/လတ်/မြင့်)	မှတ်ချက်
			တို့ကြောင့် ဝင်ငွေနည်းပြီးဝင်ငွေနှင့် ထွက်ငွေမမျှတခြင်းတို့ကြောင့် စားဝတ် နေရေးအခက်အခဲနှင့် ကျန်းမာရေး ထိခိုက်မှုများအသင့်အတင့် ကြုံတွေ့နိုင်ပါသည်။
၃	မြေယာမဲ့၊ဆင်းရဲသားတောင်သူ	လတ်	တောင်ယာများတွင်သာ စိုက်ပျိုးလုပ်ကိုင်ကြရပြီး ပုံမှန်မစိုက်ပျိုးနိုင်ခြင်းနှင့် ရွှေလုပ်ကွက်များတွင် နေ့စားလုပ်ကိုင်ရခြင်းနှင့် အခြားဒေသများသို့ သွားရောက် လုပ်ကိုင်ရသောကြောင့် ဝမ်းစာအခက် အခဲနှင့် လုပ်ငန်းခွင် ထိခိုက်ခြင်းနှင့် ကျန်းမာရေးထိခိုက်ခြင်းများ အသင့်အတင့် ကြုံတွေ့နိုင်ပါသည်။
၄	မြေနိမ့်ပိုင်းနေထိုင်သူများ	နိမ့်	ကျေးရွာ၏ မြောက်ဖက်ပိုင်းနှင့် ရွာအရှေ့ပိုင်းသည် ဝါဆို၊ဝါခေါင် လများတွင် မိုးများ၍ချောင်းရေလျှံပါ က လူနေအိမ်များထိ ရေလျှံပြီး တိရစ္ဆာန်များနှင့် အိမ်တွင်း ပစ္စည်းများ ရေထဲပါခြင်းတို့ဖြစ်ပြီး ထိခိုက်မှုအနည်းငယ် ကြုံတွေ့ ရပါသည်။
၅	လက်လုပ်လက်စားများ၊ ကျပန်း	လတ်	အလုပ်အကိုင် ပုံမှန်မရှိခြင်း အခြားဒေသများသို့ သွားရောက်ပြီး ကြုံရာကျပန်းအလုပ်များ လုပ်ကိုင်ရခြင်း၊ ဝင်ငွေနှင့်ထွက်ငွေမျှတမှုမရှိခြင်း များကြောင့် ဝမ်းစာအခက်အခဲ၊ လုပ်ငန်းခွင် ထိခိုက်ခြင်းနှင့်ကျန်းမာရေးထိခိုက်ခြင်းများအသင့်အတင့် ကြုံတွေ့ နိုင်ပါသည်။
၆	ရွှေတွင်းလုပ်သား	လတ်	ရွှေလုပ်ကွက်များတွင် လုပ်ငန်းသုံး ဗဟန်းအမှုန်များ ထွက်ရှိသောကြောင့် ရွှေတွင်းသား အများစုတွင် အဆုတ်နှင့် ပတ်သက်သည့် ရောဂါများရရှိပြီး အသက် ဆုံးရှုံးခြင်းများ ကြုံတွေ့ရပါသည်။
၇	ကားသမား	နိမ့်	လုပ်ငန်းခွင်ထိခိုက်မှု အနည်းငယ်ကြုံတွေ့နိုင်ပါသည်။

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၁ - ၂၃ ရက်၊ စက်တင်ဘာ လ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်။ ကျေးရွာများမှ သစ်၊ ဝါးခုတ်ခြင်၊ နိုင်ငံတော်မှသစ်ထုတ်လုပ်ခြင်း၊ ရွှေကုပမွဏီများ ဝင်ရောက်လုပ်ကိုင်ခြင်းနှင့် သစ်ပင်သစ်တော အစားထိုး စိုက်ပျိုးသည်များ မရှိခြင်းတို့ကြောင့် သစ်တောပြုန်းတီးမှု မြင့်မားပါသည်။ ဒေသခံကျေးရွာ လူလူမျိုးကို သဘာဝဘေးအန္တရာယ်ကာကွယ်ခြင်းနှင့် လျော့ချရေး အစီအစဉ်များ၊ ပတ်ဝန်းကျင် ထိန်းသိမ်းခြင်းဆိုင်ရာ အသိပညာ ပေးခြင်းလုပ်ငန်းများ လုပ်ဆောင်ပေးရန် လိုအပ်ပါသည်။

၂။ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

(၂.၁) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ

(၂.၁.၁) ကျေးရွာတွင်းရှိ လူထုအခြေပြုအဖွဲ့အစည်းများ

ဇယား (၁၀) ကျေးရွာတွင်းရှိ လူထုအခြေပြုအဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား(၁/၂/၃)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်း တာဝန်	ဦးဆောင်ဖွဲ့စည်းသူများ (၄/၅)	စွမ်းဆောင်နိုင်မှု(၆/၇/၈)
			ကျား	မ	ပေါင်း			
၁	ရပ်မိရပ်ဖအဖွဲ့	၁	၅	-	၅	ကျေးရွာအုပ်ချုပ်ရေးနှင့် ကျေးရွာလူမှုရေး၊ဖွံ့ဖြိုးရေး အကြံပေးခြင်း	၄	၆
၂	ကျေးရွာမီးလင်းရေးအဖွဲ့	၁	၆	-	၆	လျှပ်စစ်မီးသွယ်တန်းနိုင်ရန်မီးလမ်းရှင်းခြင်းနှင့် လျှပ်စစ်ဌာနနှင့် ချိတ်ဆက်ခြင်း	၄	၆
၃	ရေပေးရေးကော်မတီအဖွဲ့	၁	၃	၂	၅	ရေဖြန့်ဝေပေးခြင်းနှင့် လစဉ်ရေဖိုးကောက်ခံခြင်းနှင့် လုပ်ငန်းကြီးကြပ်ခြင်း	၄	၆
၄	လူငယ်အဖွဲ့(အမျိုးသမီး)	၂	၅၃	၄၃	၉၆	သာရေး၊ နာရေး ဘာသာရေးလုပ်ငန်းများတွင် အခမ်းအနားပြင်ဆင်ခြင်းနှင့်ဧည့်ခံကျွေးမွေးခြင်း	၄	၆
၅	ကျောင်းကော်မတီအဖွဲ့	၂	၅	-	၅	ကျောင်းဘက်စုံဖွံ့ဖြိုးတိုးတက်ရန် ဦးဆောင်လုပ်ကိုင်ခြင်း	၄	၆

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား(၁/၂/၃)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်း တာဝန်	ဦးဆောင်ဖွဲ့စည်းသူများ (၄/၅)	စွမ်းဆောင်နိုင်မှု(၆/၇/၈)
			ကျား	မ	ပေါင်း			
၆	ဓမ္မစကြာအသင်း	၃	-	၃၀	၃၀	ဘာသာရေးပွဲများတွင် ဓမ္မစကြာရွက်ဖတ်ရန်	၄	၇
၇	မီးသတ်အဖွဲ့	၂	၁၄	-	၁၄	ကျေးရွာမီးဘေးကာကွယ်ရန်	၄	၆
၈	ဂေါပကအဖွဲ့	၃	၁၁	-	၁၁	ဘာသာရေးလုပ်ငန်းများတွင် စီမံခန့်ခွဲခြင်း ဦးဆောင်လုပ်ကိုင်ခြင်း	၄	၆
၉	သမချေးငွေအသင်းစု	၁	၅	-	၅	အဖွဲ့ဝင်များ၏ ငွေစုငွေချေးခြင်းနှင့် ချေးငွေပြန်လည်ပေးဆပ်ခြင်းလုပ်ငန်းများကို မြို့နယ်နှင့် ချိတ်ဆက်ဆောင်ရွက်ပေးခြင်း	၄	၆
၁၀	မြစိမ်းရောင်ကော်မတီ	၁	၄	၃	၇	ချေးငွေရရှိရန် ဆက်သွယ်ဆောင်ရွက်ခြင်း	၄	၆
၁၁	မိခင်နှင့်ကလေး	၂	-	၁၀	၁၀	ကျေးရွာရှိ မိခင်နှင့် ကလေးများ၏ ကျန်းမာရေးကာကွယ် စောင့်ရှောက်ခြင်းလုပ်ငန်းများလုပ်ဆောင်ရာတွင် ကူညီပေးရန်	၄	၈

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၁ -၂၃ ရက်၊ စက်တင်ဘာ လ၊ ၂၀၁၅ နှစ်)

မှတ်ချက်။

အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်

(၂) လူမှုရေးအဖွဲ့ - ဥပမာ- အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့

ဦးဆောင်ဖွဲ့စည်းသူများ

(၄) ကျေးရွာလူထုကိုယ်တိုင်

(၅) ပြင်ပအဖွဲ့အစည်း

အဖွဲ့စွမ်းဆောင်နိုင်မှုအခြေအနေ

(၆) ကောင်း

(၇) သင့်

(၈) ညံ့ (အားနည်း)

(၂.၁.၂) ဖွံ့ဖြိုးရေးအထောက်အပံ့များအတွက် ပြင်ပအဖွဲ့အစည်းများ၏ အခြေအနေ

ဇယား (၁၁) ဖွံ့ဖြိုးရေးအထောက်အပံ့များအတွက် ပြင်ပအဖွဲ့အစည်းများ၏ အခြေအနေ

စဉ်	အမည်	အဖွဲ့အစည်းအမျိုးအစား (၁/၂/၃/၄/၅/၆/၇)	အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ်

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ၂၁ -၂၃ ရက်၊ စက်တင်ဘာ လ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်။ ကျေးရွာတွင် ပြင်ပမှ လာရောက်လုပ်ဆောင်နေသော ဖွံ့ဖြိုးရေးအဖွဲ့များမရှိပါ။

မှတ်ချက်။

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ)

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ)

(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း

(၄) ဘက်ပေါင်းစုံဖွံ့ဖြိုးရေးအဖွဲ့အစည်းများ (ဥပမာကုလသမဂ္ဂအဖွဲ့၊ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)

(၅) ကဏ္ဍအလိုက် ဖွံ့ဖြိုးရေးအဖွဲ့အစည်း (ဥပမာ - UK Aid, GIZ စသည့်)

(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)

(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

(၂.၃) စီးပွားရေးနှင့်အသက်မွေးဝမ်းကြောင်းလုပ်ငန်းများ၊

(၂.၃.၁) စိုက်ပျိုးရေးသီးနှံ

(၂.၃.၁.၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုသည့် အိမ်ထောင်စု

ဇယား (၁၂) စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုသည့် အိမ်ထောင်စု

စဉ်	မြေပိုင်ဆိုင်မှု အရွယ်အစား	အိမ်ထောင်စု အရေအတွက်	အိမ်ထောင်စု %	ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက်
၁	မြေယာမဲ့	၆၄	၄၇.၄ %	မြေမဲ့ယာမဲ့
၂	၂.၅ဧကအောက်(၁ဟတ်တာထိ)	၂၀	၁၄.၈ %	ဆင်းရဲသားတောင်သူ
၃	၂.၅ဧကမှ ၅ ဧကထိ(၂ ဟတ်တာထိ)	၂၃	၁၇.၁ %	တောင်သူငယ်
၄	၅ဧကမှ၁၂.၅ဧကကြား(၅ဟတ်တာထိ)	၂၅	၁၈.၅ %	အလယ်အလတ်စားတောင်သူ
၅	၁၂.၅ဧကအထက် (၅ဟတ်တာနှင့် အထက်)	၃	၂.၂%	တောင်သူကြီး
	ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း	**၁၃၅**	**၁၀၀ %**	

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၁ -၂၃ ရက်၊ စက်တင်ဘာ လ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်။ ကျေးရွာတွင် မြေယာပိုင်ဆိုင်မှု လုံးဝမရှိသည့် အိမ်ထောင်စု (၄၇.၄%)ရှိပါသည်။ မြေ (၅) ဧကအောက် ဆင်းရဲသားတောင်သူ၊ တောင်သူငယ် (၃၁.၉%)ရှိပြီး ထိုဆင်းရဲသားတောင်သူငယ်များသည် ခိုင်းကျွဲ၊ ခိုင်းနွားမပြည့်စုံခြင်း၊ သွင်အားစုများ အပြည့်အဝ မထည့်နိုင်ခြင်းတို့ကြောင့် စိုက်ဧက ပိုင်မှုမြေအားလုံးကို ပုံမှန်မစိုက်ပျိုးနိုင်ပါ။

(၂.၃.၁.၂) အစိုးရနှင့်ပုဂ္ဂလိက ရေအရင်းအမြစ်များမှ ရေသွင်းနိုင်သည့်ဧရိယာ

ဇယား (၁၃) အစိုးရနှင့်ပုဂ္ဂလိက ရေအရင်းအမြစ်များမှ ရေသွင်းနိုင်သည့်ဧရိယာ

စဉ်	အရင်းအမြစ်	အစိုးရနှင့် ပုဂ္ဂလိက	ရေသောက်ဧက	ရရှိနိုင်မှု (တနှစ်ပတ်လုံး/ရာသီအလိုက်)
၁	ရေလွှဲဆည်	မရှိ	၂၀	ရာသီအလိုက်
၂	စိမ့်စမ်းရေ ၊ ချောင်းရေ	မရှိ	၇၆	ရာသီအလိုက်

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်း အချက်အလက်များ (၂၁ -၂၃ ရက်၊ စက်တင်ဘာ လ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်။ ကျေးရွာသည် ကျေးရွာအနီးချောင်းများ၊ တစ်ဖက်ပိတ်ဆည်များမှရာသီအလိုက် စိုက်ပျိုးရေး ရရှိပါသည်။

(၂.၃.၁.၃) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၁၄) အဓိကသီးနှံများနှင့် အထွက်နှုန်း

သီးနှံ	ဧက	ယူနစ်	သီးနှံထွက်မှု			သီးနှံစိုက်ပျိုးသည့်ကာလ	သွင်းအားစုလိုအပ်ချက်(နိုမ့်/လတ်/မြင့်)	အမြတ်ရရှိနိုင်မှု (နိမ့်/လတ်/မြင့်)	မှတ်ချက်
			အနည်းဆုံး	အများဆုံး	ပျမ်းမျှ				
စပါး	၉၆	တင်း	၂၀	၅၀	၃၅	ဝါခေါင်	မြင့်	လတ်	မိရိုးဖလာစိုက်ပျိုးကြ၍အထွက်နှုန်းနည်းပါသည်။
ထောပတ်ပဲ	၁၀	တင်း	၁၀	၁၈	၁၅	တော်သလင်း	နိမ့်	များ	
မြေပဲ (မိုး)	၁၅	တင်း	၁၅	၂၅	၁၅	ကဆုန်နယုန်	မြင့်	လတ်	
မြေပဲ (ဆောင်း)	၁၀	တင်း	၁၅	၃၅	၂၀	တော်သလင်း	မြင့်	လတ်	
နှမ်း	၁၀	တင်း	၁	၅	၃	ဝါခေါင်	နည်း	လတ်	
မတ်ပဲ	၁၄	တင်း	၈	၁၇	၁၃	တပို့တွဲ၊တပေါင်း	များ	လတ်	
တိုင်ထောင်ပဲ	၅	ပိဿာ	၈၅၀	၂၀၀၀	၁၅၀၀	ဝါဆို၊ဝါခေါင်	နည်း	များ	
ခရမ်းချဉ် (မိုးလယ်)	၂	ပိဿာ	၃၅၀	၁၄၀၀	၇၀၀	သီတင်းကျွတ်တပေါင်းတရူး	များ	လတ်	
ခရမ်းချဉ် (မိုးလယ်)	၅	ပိဿာ	၃၀၀	၁၀၀	၅၀၀	တပေါင်းတန်ခူး	များ	လတ်	
ခရမ်း	၃	ပိဿာ	၁၂၀၀	၃၀၀၀	၂၃၀၀	သီတင်းကျွတ်	လတ်	မြင့်	
ငရုပ်	၃	ပိဿာ	၈၅	၂၀၀	၁၅၀	ကဆုန်၊နယုန်	လတ်	မြင့်	
စိန်တလုံး	၄								နှစ်ရှည်သီးပင်

သီးနှံ	ဧက	ယူနစ်	သီးနှံထွက်မှု			သီးနှံစိုက်ပျိုးသည့်ကာလ	သွင်းအားစုလိုအပ်ချက်(နိမ့်/လတ်/မြင့်)	အမြတ်ရရှိနိုင်မှု (နိမ့်/လတ်/မြင့်)	မှတ်ချက်
			အနည်းဆုံး	အများဆုံး	ပျမ်းမျှ				
သနခါး	၁၀								နှစ်ရှည်ပင်
သပြေ	၁								နှစ်ရှည်ပင်

ရည်ညွှန်းကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၁ - ၂၃ ရက်၊ စက်တင်ဘာ လ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်။ ကျေးရွာသည် စပါးဖြစ်ထွန်းအောင်မြင်ပါသည်။ ထို့အပြင်အခြားဟင်းသီးဟင်းရွက်များ ဖြစ်ထွန်းအောင်မြင်ပါသည်။

(၂.၃.၁.၄) လယ်ယာသုံးစက်ကိရိယာများ (လယ်ယာသုံးစက်ကိရိယာပိုင်ဆိုင်သောအိမ်ထောင်စုများ)

ဇယား (၁၅) လယ်ယာသုံးစက်ကိရိယာများ

စက်အမျိုးအစား	အိမ်ထောင်စုအရေအတွက်	ရွာပိုင်ဆိုင်မှု	မှတ်ချက်/ အခြေအနေ
လက်တွန်းထွန်စက်	၅	မရှိ	ကျေးရွာရှိ တောင်သူကြီးများ ပိုင်ဆိုင်ပြီး အခြားတောင်သူများမှ ငှားသုံးလျှင် တစ်ဧကကို (၃၅၀၀၀) ကျပ်သုံးသောင်း တိတိပေးငှား ရပါသည်။
ခြွေလှေ့စက်	၂	မရှိ	
ရေစုပ်စက်	၁၉	မရှိ	ကျေးရွာရှိတောင်သူကြီးများနှင့် တောင်သူလတ်များ ပိုင်ဆိုင်ပြီးတစ်ရက်ကို စက်ငှားသုံးသည့် တောင်သူမှဆီထည့် ပေးရသည့်အပြင် စပါးနှစ်တင်းကိုလည်း စက်ငှားရမ်းခပေးရပါသည်။
မျိုးစေ့ချစက်	၁	မရှိ	ကျေးရွာမှ တောင်သူကြီးပိုင်ဆိုင်ပြီး ၂၀၁၅ခုနှစ်မှ စတင်စမ်းသပ်သုံးစွဲခြင်းဖြစ်သောကြောင့် တောင်သူ (၂)ဦးကိုလူမှုရေးအရအခမဲ့ငှားသုံးပေးပြီး အခကြေးငွေဖြင့် ငှားသုံးခြင်း မရှိသေးပါ။
မြက်ရိတ်စက်	၅	မရှိ	ဥယျဉ်ခြံ တောင်သူများ ပိုင်ဆိုင်ပြီး အခြားတောင်သူများသည်အခကြေးငွေဖြင့် ငှားသုံးခြင်းမရှိသေးပါ။

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၁ - ၂၃ ရက်၊စက်တင်ဘာလ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်။ ကျေးရွာသည် လယ်ယာသုံးကိရိယာအထိုက်အလျောက် ပြည့်စုံပါသည်။

(၂.၃.၁.၅) သီးနှံထုတ်လုပ်မှုတိုးတက်စေနိုင်သည့်အခွင့်အလမ်းများ

ဇယား (၁၆) သီးနှံထုတ်လုပ်မှုတိုးတက်စေနိုင်သည့်အခွင့်အလမ်းများ

အခြေအနေ	ရှိ/မရှိ	ဖော်ပြချက်/ရှင်းလင်းချက်
မြေ(စိုက်ပျိုးမြေရရှိနိုင်မှု၊ငြိ ုဆေး၊ဩဇာ)	ရှိ	စိုက်ပျိုးမြေများသည် မြေဆီမြေဩဇာအသင့်အတင့် ကောင်းမွန်ပါသည်။ တောင်ယာမြေများကိုပုံမှန် စိုက်ပျိုးနိုင်ပါကစိုက်ပျိုး မြေဇာတိုးလာနိုင်ပါသည်။
ရေအရင်းအမြစ်	ရှိ	ဆည်ဒိုချောင်းရေ ၊ထိုးကျချောင်း ရေများကို တနိုင်တပိုင် ဆည်များမှတဆင့် ရေသွယ်ယူခြင်းနှင့် ချောင်းရေကို ရေစုပ်စက်ဖြင့် ရေတင်စိုက်ပျိုးနိုင်ပါသည်။
သဘာဝမြေဆွေး၊ သြဂဲနစ်	ရှိ	သဘာဝ နွားချေးနှင့် လယ်ယာထွက် စွန့်ပစ်ပစ္စည်း ပေါများခြင်း။
သြဂဲနစ်ပိုးသတ်ဆေး	ရှိ	ကြယ်ပဲစိုက်တောင်သူများမှ သြဂဲနစ်ပိုးသတ်ဆေးများကို စတင်သုံးစွဲနေကြပါသည်။
ချေးငွေရရှိမှု	ရှိ	သမအသင်းစု၊ စိုက်ပျိုးရေးဘဏ်၊ တရုတ်ချေးငွေဘဏ်နှင့် ကျေးရွာမှ ငွေတိုးချေးသူများထံမှ ချေးငွေရရှိပါသည်။
သွင်းအားစုဈေးကွက်	ရှိ	လိုအပ်သော စိုက်ပျိုးရေးသွင်းအားစုပစ္စည်း၊ ကိရိယာများကိုဇရပ်ကွင်းဈေးနှင့် မန္တလေးဈေးကွက်များတွင် အလွယ်တကူ ဝယ်ယူရရှိနိုင်ပါသည်။
ဝန်ဆောင်မှုဈေးကွက်	ရှိ	စပါးမျိုးစေ့ချ စိုက်ပျိုးနည်းစနစ်ကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ နည်းပညာ အကူအညီရရှိပါသည်။
ထုတ်လုပ်မှုဈေးကွက်နှင့်ကုန်သွယ်မှု	ရှိ	စိုက်ပျိုးရေး ထွက်ကုန်များကို ဇရပ်ကွင်းဈေးနှင့် မန္တလေးမြို့များတွင် အလွယ်အကူရောင်းချနိုင်ပါသည်။

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၁ - ၂၃ ရက်၊စက်တင်ဘာ လ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်။ ကျေးရွာတွင် သဘာဝမြေဩဇာများပြုလုပ်ရန် နွားချေးနှင့် လယ်ထွက်စွန့်ပစ်ပစ္စည်းများ များစွာရရှိသော်လည်း သဘာဝမြေဩဇာပြုလုပ်နည်းစနစ်မရှိခြင်းများကြောင့် သဘာဝမြေဩဇာ ပြုလုပ်သုံးစွဲနိုင်ခြင်းမရှိပါ။ ထို့ကြောင့် ဒေသနှင့်ကိုက်ညီသော ဈေးကွက်ရှိသော၊ သီးနှံစုံများကို စပ်းသပ်စိုက်ပျိုးကြပါသည်။ မျိုးကောင်းမျိုးကောင်းနှင့်စိုက်ပျိုးရေးနည်းစနစ် အသစ်များကို စမ်းသပ်စိုက်ပျိုးလျှက်ရှိပါသည်။

(၂.၃.၁.၆) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့်စိန်ခေါ်မှုများ

ဇယား (၁၇) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့်စိန်ခေါ်မှုများ

ပြဿနာ	ရှိ/မရှိ	ဖော်ပြချက်/ရှင်းလင်းချက်
မြေယာအသုံးချနိုင်မှု	ရှိ	တောင်ယာမြေများတွင် စိုက်ပျိုးရေးသွင်အားစု မလုံလောက်သောကြောင့် ပုံမှန်မစိုက်ပျိုးနိုင်ပါ။ တောင်သူများအနေဖြင့် စိုက်ပျိုးမြေထပ်မံတိုးချဲ့နိုင်သည့် အခွင့်အလမ်း နည်းပါးပါသည်။
ငွေကြေးအရင်းအနှီး	ရှိ	တောင်သူများလိုအပ်သော စိုက်ပျိုးစရိတ်ချေးငွေ

ပြဿနာ	ရှိ/မရှိ	ဖော်ပြချက်/ရှင်းလင်းချက်
လက်လှမ်းမှီမှု		အလုံအလောက်မရရှိခြင်း။
သွင်းအားစုတတ်နိုင်မှု	ရှိ	လိုအပ်သော သွင်းအားစုများကို လိုအပ်သလောက် အချိန်မီ ထည့်သုံးရန် တောင်သူများတွင် အရင်းအနှီး မလုံလောက်ခြင်း ။
ကျွမ်းကျင်လုပ်သားရှားပါးမှု	ရှိ	ကျေးရွာရှိတောင်သူများ စိုက်ပျိုးလုပ်ငန်းတွင် လုပ်သား လိုအပ်မှု တူခြင်း၊ ကျပန်းအလုပ်သမားများသည် ဝင်ငွေကောင်းသော အခြားဝင်ငွေရ အလုပ်များ လုပ်ကိုင်ကြခြင်း။
ဆည်မြောင်းရေရရှိမှု	ရှိ	မိုးရာသီ မိုးများသည့် အချိန်များတွင် ဆည်ကန်သင်း မကောင်းမကြာခဏ ကျိုးပျက်ပြီး ရေသိုလှောင်နိုင်မှု အာနည်း၍ စိုက်ပျိုးရေမလုံလောက်ခြင်း။
မိုးရေမလုံလောက်မှု	ရှိ	မိုးဦးကာလများတွင် နှစ်စဉ်နည်းပါး မိုးခေါင်ခြင်း ကြုံတွေ့ရပါသည်။
စိုက်ပျိုးရေသွင်းအားစုများအချိန်မှီအသုံးပြုနိုင်မှု	ရှိ	ချေးငွေ အလုံအလောက် မရရှိခြင်း၊ လိုအပ်သော စိုက်ပျိုးရေးပစ္စည်းများကို အလုံအလောက် မဝယ်နိုင်ခြင်း၊ ခိုင်းကျွဲ၊ ခိုင်းနွားမပြည့်စုံခြင်း၊ လုပ်သား ရှားပါးခြင်း၊ ရာသီဥတု မမှန်၍ စိုက်ပျိုးချိန် နောက်ကျခြင်း ။
ဖျက်ပိုးနှင့်ရောဂါ	ရှိ	စပါးသီးနှံတွင် ဖလံဖြူ၊ ငမြှောင်တောင် ပိုးများကျရောက် တတ် ပြီး၊ ပဲတောင့် ရှည်များတွင် ပျပိုးကျခြင်း၊ နှမ်းသီးနှံတွင်ရိုးမဲထိုးပြီး အသီးမအောင်မြင်ပါ။ ဥယျဉ်ခြံသီးနှံပင်များတွင် ပင်စည်ပိုးနှင့် သီးလုံးဖေါက်ပိုးများ ကျရောက်ပါသည်။ ဟင်းသီး ဟင်းရွက် သီးနှံများနှင့် ပန်းမန်ပင်များတွင် ရွက်လိပ်ပိုးနှင့် မှိုရောဂါများ ကျရောက်တတ်ပါသည်။
နည်းပညာအကူအညီနှင့်နည်းလမ်းများ	ရှိ	စိုက်ပျိုးရေးနည်းပညာကို တောင်သူအားလုံး လက်လှမ်းမမှီခြင်း
ဈေးကွက်လက်လှမ်းမှီမှု	ရှိ	ဇရပ်ကွင်းဈေးကွက် နှင့် မန္တလေးမြို့ ဈေးကွက် ဈေးနှုန်း ကွာဟမှုရှိခြင်း။

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၁ -၂၃ ရက်၊ စက်တင်ဘာ လ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်။ ကျေးရွာရှိတောင်သူငယ်များသည် တောင်ယာမြေများကို စိုက်ပျိုးရေးအရင်းအနှီးမလုံလောက်သောကြောင့် ပုံမှန်စိုက်ပျိုးနိုင်ခြင်းမရှိပါ။ တောင်ယာစိုက်ပျိုးမြေ အများစုသည် သစ်တောကြိုးဝိုင်းအတွင်း တည်ရှိကြသောကြောင့် မြေယာပိုင်ဆိုင်မှု အနေဖြင့် ထပ်မံတိုးချဲ့နိုင်သည့် အခွင့်အလမ်းနည်းပါးပါသည်။ ကျေးရွာရှိတောင်သူများသည် ချေးငွေအလုံအလောက်မရှိခြင်း၊ အလုပ်သမားရှားပါခြင်း၊ ခိုင်ကျွဲခိုင်းနွားမပြည့်စုံခြင်းများကြောင့် စိုက်ပျိုးရေးသွင်းအားစုများကို အချိန်မှီ အပြည့်အဝမထည့်သွင်းနိုင်သောကြောင့် သီးနှံအထွက်နှုန်း ကျဆင်းခြင်းနှင့် ကြုံတွေ့ရပါသည်။ တောင်သူများသည် ဘဏ်စုံစိုက်ပျိုးရေး နည်းပညာများနှင့် ပိုးမွှားရောဂါကွယ်နည်းများကိုလက်လှမ်းမမှီခြင်းများကြောင့် သီးနှံများပျက်စီးဆုံးရှုံးမှုများပြီးသီးနှံ အထွက်နှုန်းကျဆင်းခြင်းများကြုံတွေ့ရပါသည်။

(၂.၃.၂) မွေးမြူရေးနှင့်ငါးလုပ်ငန်း

(၂.၃.၂.၁) မွေးမြူရေးပိုင်ဆိုင်မှုနှင့်ငါးမွေးမြူရေးလုပ်ငန်း (အိမ်ထောင်စု)

ဇယား (၁၈) မွေးမြူရေးပိုင်ဆိုင်မှုနှင့်ငါးမွေးမြူရေးလုပ်ငန်း (အိမ်ထောင်စု)

မွေးမြူရေးနှင့်ငါးလုပ်ငန်း	အိမ်ထောင်စု	မှတ်ချက်/အခြေအနေ
မွေးမြူရေး		
နွား	၂၉	၁၂၆ ကောင်
ဝက်	၂၀	၂၂ ကောင်
ကြွေ	၅	၄၁ ကောင်
ကြက်	၅၈	၅၆၇ ကောင်

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၁-၂၃ ရက်၊ စက်တင်ဘာ လ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်။ ဆိတ်ကို မွေးမြူသည့်အလေ့အထ နည်းပါသည်။

(၂.၃.၂.၂) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုတိုးတက်စေနိုင်သည့် အခွင့်အလမ်းများ

ဇယား (၁၉) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုတိုးတက်စေနိုင်သည့် အခွင့်အလမ်းများ

အခွင့်အလမ်း	ဖော်ပြချက်/ရှင်းလင်းချက်
ရေရရှိမှု	တိရိစ္ဆာန်များအတွက် နှစ်ပတ်လည် ရေလုံလောက်စွာ ရရှိပါသည်။
တိရစ္ဆာန်မျိုး	ကျေးရွာတွင် မွေးမြူထားသော မျိုးများမှာ ဒေသနှင့် ကိုက်ညီမှု ရှိပြီး မျိုးကောင်းပါသည်။
ချေးငွေ	ချေးငွေအတွက် သမဝါယမချေးငွေနှင့် မြစိမ်းရောင် စီမံကိန်းတို့မှ လက်လှမ်းမီမှု ရှိပါသည်။
သွင်းအားစုဈေးကွက်	နွားစာအတွက် မြက်၊ ကောက်ရိုးတို့ကို အလွယ်တကူ ရရှိနိုင်ပြီး ဝက်စာအတွက် ဖွဲနု၊ စကွဲ၊ ဆလပ်တို့ကို ကျေးရွာတွင်း ဝယ်ယူ ရရှိနိုင်ပါသည်။
ဝန်ဆောင်မှုဈေးကွက်	တိရစ္ဆာန်များ ရောဂါကျရောက်လျှင် ဇရပ်ကွင်းတိကုဆရာဝန်နှင့် အလွယ်တကူ လက်လှမ်းမှီမှု ရှိပါသည်။
ထုတ်ကုန်ရောင်းဝယ်မှု	ဇရပ်ကွင်းကျေးရွာနှင့် ၇ မိုင်တို့တွင် အမဲဒိုင်၊ ဝက်ဒိုင်များရှိပြီး အလွယ်တကူ ရောင်းချနိုင်ပါသည်။
အိမ်ခြံဝင်းအတွင်း မြေနေရာရှိမှု	တိရစ္ဆာန်မွေးမြူရေးအတွက် လုံလောက်သော အိမ်ခြံဝင်းများ ရှိပါသည်။
အဆောက်အဦးလက်လှမ်းမီမှု	တိရစ္ဆာန်များ ထားရှိရန် အဆောက်အဦးများအတွက် သစ်၊ဝါးများ ပေါများပါသည်။

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၁-၂၃ ရက်၊ စက်တင်ဘာ လ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်။ တိရစ္ဆာန်မွေးမြူရေးအတွက်ကျေးရွာတွင်အခွင့်အလမ်းကောင်းများ ရှိပါသည်။

၂.၃.၂.၃ မွေးမြူရေး နှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာ နှင့် စိန်ခေါ်မှုများ

ဇယား (၂၀) မွေးမြူရေး နှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာ နှင့် စိန်ခေါ်မှုများ

ပြဿနာနှင့်အခက်အခဲစိန်ခေါ်မှုများ	ဖော်ပြချက်/ရှင်းလင်းချက်
မွေးမြူရေး	
စားကျက်မြေ	ကျေးရွာဘေးပတ်လည်တွင် သစ်တောများ ရှိသော်လည်း ဆင်များရှိသဖြင့် နွားကျောင်းရန် စားကျက်ကျယ်ကျယ် မရှိပါ။
ကူးစက်ရောဂါဖြစ်ပွားမှု	နွားမွေးမြူရေးအတွက် ရာသီအကူးအပြောင်းကာလ ရာသီဥတု ဖောက်ပြန် သော ကာလများတွင် ရောဂါ ကျရောက်မှု ရှိပြီး၊ ကြက်ရောဂါကျရောက်မှု နှစ်စဉ်ဖြစ်ပွားသော်လည်း တိမွေးကုဋီးစီးဌာနမှ ကာကွယ်ဆေး လာရောက် ထိုးနှံခြင်း မရှိပေ။
မွေးမြူရေးနှင့် ကုသရေးဆိုင်ရာဗဟုသုတ	တိုင်းရင်းကြက်ကို တစ်ပိုင်တစ်နိုင် စီးပွားဖြစ် မွေးမြူရန်နည်းပညာနှင့် နှစ်စဉ်ရောဂါ ကျရောက်မှုနှင့် ပတ်သက်သည့် ကုသရေးဆိုင်ရာ ဗဟုသုတများ အားနည်းပါသည်။

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၁-၂၃ ရက်၊ စက်တင်ဘာ လ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်။ ကျေးရွာသည်တိရစ္ဆာန်မွေးမြူရေးအတွက် အခွင့်အလမ်းများစွာရှိပြီး လုံလောက်သောအရင်းအနှီးနှင့် မွေးမြူရေးနည်းပညာ၊ မြို့နယ်တိမွေးကုဋီးစီးဌာန နှင့်ကာကွယ်ဆေးထိုးလက်လှမ်းမှီပါကပိုမိုအောင်မြင်သော တစ်ပိုင်တစ်နိုင်စီးပွားဖြစ်လုပ်ငန်းကိုရရှိ ပါမည်ဖြစ်ပါသည်။

(၂.၃.၃) စိုက်ပျိုးမွေးမြူရေးမဟုတ်သောဝင်ငွေရလုပ်ငန်းများ

(၂.၃.၃.၁) စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်း အမျိုးအစားများ

ဇယား (၂၁) စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်း အမျိုးအစားများ

စဉ်	လုပ်ငန်းများ (ထုတ်ကုန် လုပ်ငန်းနှင့် ဝန်ဆောင်မှု)	လုပ်ငန်း အရေအတွက်	ဝန်ထမ်း / အလုပ်သမား အရေအတွက်	မိသားစုဝင် လုပ်အား	ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်) နှင့် ရှင်းလင်းဖော်ပြချက်
၁	သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝအရင်းအမြစ်များ ထုတ်လုပ်ခြင်း	၆	၈၄		(မြင့်) သဲထုတ်လုပ်ရောင်းချခြင်းလုပ်ငန်း (၁)ဦး(နိမ့်)မီးသွေးဖုတ်(၃)ဦး၊ မျှစ်ချိုး ဝါးခုတ် (၇၀) ဦး၊ ပရဆေး မြစ်တူးခြင်း(၁၀) ဦး ၊သဲထုတ်လုပ်ငန်း လုပ်သား(၄) ဦး၊
၂	ထုတ်ကုန်လုပ်ငန်း	၄			(မြင့်) စပါးကြိတ်စက် (ငါးပုစက်(၁) လုံး၊ ဟာလာ စက်

စဉ်	လုပ်ငန်းများ (ထုတ်ကုန်လုပ်ငန်းနှင့် ဝန်ဆောင်မှု)	လုပ်ငန်း အရေအတွက်	ဝန်ထမ်း / အလုပ်သမား အရေအတွက်	မိသားစုဝင် လုပ်အား	ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်) နှင့် ရှင်းလင်းဖော်ပြချက်
					(၂) လုံး) ကျေးရွာနှင့် အနီးအနားကျေးရွာများ လာရောက်ကြိတ်၍ ရပ်တည်မှု ကောင်းပါသည်။
၃	လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး				-
၄	ဆောက်လုပ်ရေး၊လက်သမား၊ ပန်းရံ လုပ်ငန်း	၂	၂၀		နိမ့်)ပန်းရံ၊ လက်သမား နောက်လိုက်များ (၂၀) ဦး(လတ်)လက်သမား(၁)ဦး၊ ပန်ရံ(၁) ဦး လုပ်ငန်း ခေါင်းဆောင်များ အသင့်အတင့် ရရှိပြီး မိသားစု ရပ်တည် နိုင် မှုအသင့်အတင့်သာ အထောက်အကူပြုပါသည်။
၅	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး				
၆	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ)				
၇	လက်လီ-လက်ကား ရောင်းဝယ်ရေး	၁၈			(လတ်) အိမ်ဆိုင် ၅ ဆိုင်၊ ခေါင်းရွက်ဗျက်ထိုး ဈေးသည် ၁၁ ဆိုင်၊ ကုန်စုံဆိုင် ၂ဆိုင်၊
၈	ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း				
၉	ပို့ဆောင်ရေး၊ သိုလှောင်ရေး နှင့် ဆက်သွယ်ရေး		၄		(လတ်) ကျောင်းအကြိုအပို့ကား၊ လိုင်းကား၊ ကုန်တင်ကား ယဉ်မောင်းခြင်း
၁၀	ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ်၊ ငွေချေးခြင်းလုပ်ငန်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)				
၁၁	အိမ်ခြံမြေ ရောင်းဝယ်ငှားရမ်းခြင်း နှင့်				

စဉ်	လုပ်ငန်းများ (ထုတ်ကုန် လုပ်ငန်းနှင့် ဝန်ဆောင်မှု)	လုပ်ငန်း အရေအ တွက်	ဝန်ထမ်း / အလုပ်သ မား အရေ အတွက်	မိသားစု ဝင် လုပ်အား	ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်) နှင့် ရှင်းလင်းဖော်ပြချက်
၁၂	ဆက်စပ်သော လုပ်ငန်းများ ပြည်သူဝန်ဆောင်မှုလုပ်ငန်းမျ ားး (အုပ်ချုပ်ရေး၊ ကာကွယ်ရေး နှင့် ဘေးကင်းလုံခြုံရေး)		၁၁		(လတ်)ပညာရေးဝန်ထမ်း၊ မီးသတ်ဝန်ထမ်း၊ စစ်မှုထမ်းဂန် ထမ်းများပေါင်းကောက်ထား ၍ ကဏ္ဍအလိုက်ခွဲထည့်နိုင်ခြင်း မရှိပါ။
၁၃	ပညာရေး				
၁၄	ကျန်းမာရေး				
၁၅	လူမှုရေး လုပ်ငန်းများ				
၁၆	အခြားအငှားလိုက်လုပ်ငန်း များ				
၁၇	ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင်လုပ်ကိုင် သူများ				
	စုစုပေါင်း	**၃၀**	**၁၁၉**		

- **စွန့်ဦးလုပ်ငန်းရှင်ပေါင်း : ၃၀**
- **ကျွမ်းကျင်လုပ်သားပေါင်း**
- **ကျပန်းလုပ်သားပေါင်း**

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၁-၂၃ ရက်၊ စက်တင်ဘာ လ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်။ အဓိကအားဖြင့် စိုက်ပျိုးရေး၊ ကျောက်မျက်၊ ရွှေ၊ မျှစ်၊ ဝါး စသော အမျိုးမျိုးသော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများတွင် လုပ်ကိုင်နေကြပါသည်။ သဘာဝအရင်းအမြစ်ကို မှီခိုသောလုပ်ငန်းများတွင် အဓိကအသက်မွေးဝမ်းကျောင်းကြပါသည်။

(၂.၃.၃.၂)စိုက်ပျိုးမွေးမြူရေးမဟုတ်သောဖွံ့ဖြိုးရေးလုပ်ငန်းများအတွက်ပြဿနာနှင့်အခက်အခဲများ

ဇယား(၂၂) စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက်ပြဿနာနှင့် အခက်အခဲများ

အခွင့်အလမ်းများ	ပြဿနာနှင့်အခက်အခဲများ
အသေးစား စားသောက်ကုန်၊ လူသုံးကုန်များကို ဒေသတွင်းလှည့်လည် ရောင်းချခြင်းရောင်းဝယ်ခြင်း လုပ်ငန်းများလုပ်ဆောင်ရန်စျေးကွက်၊ စားသုံးသူများလည်း ရှိပါသည်။	အရင်းအနှီးအလုံအလောက်မရှိခြင်း
ကျေးရွာသည် လမ်းပန်းဆက်သွယ်ရေး	နည်းပညာနှင့် အရင်းအနှီးများ မရှိခြင်း၊

အခွင့်အလမ်းများ	ပြဿနာနှင့်အခက်အခဲများ
ကောင်းမွန်ခြင်း၊ ဒေသတွင်း(ဧရပ်ကွင်း) ဈေးနှင့် နီးခြင်း၊ ဒေသထွက်သဘာဝဓာတ်သတ္တုများ ရှိခြင်း၊ လျှပ်စစ်မီးရှိခြင်းများကြောင့် အသေးစား စက်မှု၊ လက်မှုလုပ်ငန်းများကို စီးပွားဖြစ် လုပ်ကိုင်နိုင်ပါသည်။ (အိမ်တွင်းမှုအသေးစားလုပ်ငန်းများ ဝါးကို အခြေခံသောလက်မှုလုပ်ငန်းများ၊ စက်ချုပ်၊ ဆိုင်ကယ်ပြင်၊စက်ပြင်ခြင်း နည်းပညာများနှင့် ဖြုန်းအုတ်လုပ်ငန်းများ၊ တနိုင်တပိုင်ရွှေတူးလုပ်ငန်း)	တပိုင်တနိုင် ရွှေတူးလုပ်ကွက်များ လုပ်ကိုင်ရန် လုပ်ပိုင်ခွင့်မရှိခြင်း။ လုပ်ပိုင်ခွင့်ရရန်ခက်ခဲခြင်း လုပ်ငန်းရှင်များ၊ ကုမ္ပဏီများကိုသာ လုပ်ပိုင်ခွင့်ပေးခြင်း

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၁ -၂၃ ရက်၊ စက်တင်ဘာ လ၊ ၂၀၁၅ နှစ်)

(၂.၃.၄) ကုန်စည်နှင့်ဝန်ဆောင်မှုဈေးကွက်

ဇယား (၂၃) ကုန်စည်နှင့်ဝန်ဆောင်မှုဈေးကွက်

ဈေးကွက်လက်လှမ်းမှီမှု	အနီးဆုံးဈေး	အကြီးစားဈေးကွက်
ရွာမှအကွာအဝေး(ကီလိုမီတာ)	ဧရပ်ကွင်းဈေး (၁မိုင်၄ဖာလုံ)	မန္တလေး(၇၂)မိုင်
သယ်ယူပို့ဆောင်ရေးလမ်းကြောင်းနှင့် ၎င်း၏ အထောက်အပံ့များ	ဆိုင်ကယ်	ကား
ကုန်စည်အမျိုးအစား နှင့်ဝန်ဆောင်ပေးနိုင်မှု	အိမ်သုံးကုန်ပစ္စည်း၊ လူသုံးကုန်ပစ္စည်း၊ အိမ်ဆောက်ပစ္စည်း၊ စိုက်ပျိုးရေးသုံးပစ္စည်း	အိမ်သုံးကုန်ပစ္စည်း၊ လူသုံးကုန် ပစ္စည်း၊ အိမ်ဆောက်ပစ္စည်း၊ ပစ္စည်းအမျိုးမျိုး ဝယ်ယူရပါသည်။
ဈေးအခြေခံအဆောက်အဦးနှင့် ဝန်ဆောင်မှု	ကောင်း	အလွန်ကောင်း

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၁ -၂၃ ရက်၊ စက်တင်ဘာ လ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်။ ကျေးရွာသားများသည် ဧရပ်ကွင်းကျေးရွာဈေးသို့ အသွားများကြပြီး စားသောက်ကုန်ပစ္စည်း၊ အဝတ်အထည်များ၊ လူသုံးကုန်ပစ္စည်းများကို အလွယ်တကူဝယ်ယူရ ရှိနိုင်ပါသည်။ ဧရပ်ကွင်းဈေးသည် ကျေးရွာနှင့် တစ်မိုင်ကျော်သာ ဝေးကွာပြီး ကျေးရွာသားအများ စုမှာဆိုင်ကယ်နှင့်သာ အသွားများကြပါသည်။ ကျေးရွာသားများသည် အကြီးစားပစ္စည်းများ ဝယ်ယူရန်အတွက် မန္တလေးဈေးသို့ သွားရောက်ကြပါသည်။ ရွှေဘို-မန္တလေး-တကောင်းသို့ ထွက်သော ကားများရှိပြီး ဧရပ်ကွင်းတွင် စီးနိုင်ပါသည်။ ကျေးရွာမှရွှေဘိုသို့ (၄၇)မိုင် ကွာဝေးပါသည်။

(၂.၃.၅) ငွေကြေးလက်လှမ်းမှီမှုနှင့် ဘဏ်လုပ်ငန်း

ဇယား (၂၄) ငွေကြေးလက်လှမ်းမှီမှုနှင့် ဘဏ်လုပ်ငန်း

ချေးငွေရရှိနိုင် သည့် နေရာ	ငွေကြေးဝန် ဆောင်မှုအ မျိုးအစား	ပြန်လည်ပေး ဆပ်ရမည့် ကာလ	အတိုးနှုန်း	အပေါင်ခံ ပစ္စည်းလို အပ်မှု	ချေးငွေရ ရန်အခက်အ ခဲများ
စိုက်ဘဏ်	ချေးငွေ	၆လ	၄၅ပြား	ရှိ	ပုံစံ(၇)ရှိမှ ချေးလို့ရ
သမဝါ ယမ အသေးစား ငွေစုငွေချေး အဖွဲ့	ငွေစုငွေချေး	၆လ	၁ကျပ်၁၅ ပြား	မရှိ	ချေးငွေရရှိမှု ပမာဏ နည်း
မြစိမ်းရောင် စီမံကိန်း	ချေးငွေ	တစ်နှစ်	၁ကျပ်	မရှိ	မရှိ
အပေါင်ဆိုင်	ချေးငွေ	သတ်မှတ်မ ထား	၃ကျပ်	ရှိ	လိုချင်သလို မရ

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၁-၂၃ ရက်၊ စက်တင်ဘာ လ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်။ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ သမဝါ ယမ၊ မြစိမ်းရောင်ချေးငွေများ ရရှိခံစားနိုင်သော်လည်း လုံလောက်မှုနည်းပါသည်။

(၂.၃.၆) သဘာဝဘေးအန္တရာယ်လျော့ချခြင်းအပါအဝင်ပါတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များ စီမံခန့်ခွဲမှု

(၂.၃.၆.၁) သဘာဝပတ်ဝန်းကျင်နှင့်သဘာဝအရင်းအမြစ်စီမံခန့်ခွဲမှုအတွက် လက်ရှိအလေ့အကျင့် နှင့်အခက်အခဲများ

ဇယား (၂၅) သဘာဝပတ်ဝန်းကျင်နှင့်သဘာဝအရင်းအမြစ်စီမံခန့်ခွဲမှုအတွက် လက်ရှိအလေ့အကျင့်နှင့်အခက်အခဲ များ

အခက်အခဲ	အန္တရာယ်ရှိမှု	ဖော်ပြချက်/ရှင်းလင်းချက်
မြေဆီသြဇာကြွယ်ဝမှု	အသင့်အတင့် အန္တရာယ်ရှိ	တောင်ယာ မြေများသည် တောင်ကုန်း တောင်စောင်း များတွင် တည်ရှိပြီး မိုးများသည့် အချိန်များတွင် ရေတိုက်စား မှုများပြီး တောင်သူများအနေဖြင့် ပြုပြင်ထိန်းသိမ်းခြင်း အားနည်း သောကြောင့် မြေဆီမြေသြဇာ ပျက်စီးခြင်း အသင့်အတင့် ရှိပါသည်။
ဖျက်ပိုးနှင့်ရောဂါကာကွယ်ထိန်းချုပ်မှု	အနည်းငယ်ရှိ အန္တရာယ်ရှိ	ကျေးရွာရှိတောင်သူများသည် စိုက်ပျိုးရေး ပိုးသတ်ဆေးများကိုပုံမှန်မသုံးစွဲပါ၊လိုအပ်လို့သုံးစွဲပါကဆေးဘူများကို ကျင်းတူးမြေမြှုပ်ခြင်း၊ မီးရှို့ခြင်းများ လုပ်ဆောင် သောကြောင့် ထိခိုက်မှု အနည်းငယ်သာ ရှိပါသည်။
ရေအရင်းအမြစ်	အန္တရာယ်ရှိမှု မြင့်မားပါသည်	ချောင်းရများတွင် ရွှေလုပ်ကွက်များမှ ဓာတုဆေးများ ပါသောကြောင့် ချောင်းရေတွင် စိုက်ပျိုးသီးနှံများပျက်စီးခြင်းမြင့်မားပါသည်။

အခက်အခဲ	အန္တရာယ်ရှိမှု	ဖော်ပြချက်/ရှင်းလင်းချက်
စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှု	အန္တရာယ်ရှိမှု အသင့်အတင့်ရှိ	ကျေးရွာရှိ စွန့်ပစ်အမှိုက်များကို ချောင်းများတွင်စွန့်ပစ်ခြင်းကြောင့် ရေချောင်းများ ပိတ်ဆို့ခြင်နှင့် ရေမသန့်ရှင်းမှုကို ပိုမို ဖြစ်နိုင်ပါသည်။

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၁ -၂၃ ရက်၊ စက်တင်ဘာ လ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်။ ရွှေလုပ်ကွက်များမှ ခါတုဆေးများသုံးစွဲလာခြင်းသည် ရေရှည်တွင် လူနှင့် တိရစ္ဆာန်များအတွက် အန္တရာယ်ရှိလာနိုင်ပါသည်။

(၂.၃.၆.၂) သဘာဝဘေးအန္တရာယ်လျှော့ချခြင်း

ဇယား (၂၆) သဘာဝဘေးအန္တရာယ်လျှော့ချခြင်း

အမျိုးအစား	အန္တရာယ် ဖြစ်နိုင်ခြေ(နည်း/လတ်/များ)	ဖော်ပြချက်/ ရှင်းလင်းချက်	လက်ရှိဘေးအန္တရာယ် လျှော့ချရေး အလေ့အကျင့်များ
ရေလွှမ်းမိုးခြင်း	နည်း	မိုးများသည့် နှစ်များမှသာ ကြုံတွေ့ခြင်းဖြစ်ပါသည်၊ ဆည်ဒိုချောင်းသည် ကျေးရွာကို ပတ်၍စီး ဆင်းနေပြီးမိုးများသည့် အချိန်များတွင်ကျေးရွာ၏ မြောက်ဘက် အနိမ့်ပိုင်းတွင် ရှိသော စိုက်ခင်းများနှင့် အိမ်ထောင်စုများ ချောင်းရေလျှံခြင်းကြောင့်ထိခိုက်မှု အနည်းငယ် ကြုံတွေ့ ရပါသည်။	နေအိမ်များကို ခြေတံရှည် ဆောက်လုပ်ခြင်းနှင့် မိုးများပါက တိရစ္ဆာန်များကို ရေလွှတ်သည့် အိမ်သို့ ပြောင်းရွှေထားပါသည်။
မီးဘေး	နည်း	ကျေးရွာပတ်ဝန်းတွင် သစ်တောများရှိပြီးနှစ်စဉ် တောမီးလောင်ခြင်း ကြုံတွေ့ရပါသည်။	တောမီးသည် ကျေးရွာသို့ မကူးစက်နိုင်ရန် နှစ်စဉ် မီးတားလမ်းများ ဖောက်လုပ် ကြပါသည်။
မုန်တိုင်း	နည်း	မုတ်သုန် ကာလများတွင် မိုးသက်လေပြင်း တိုက်ခိုက်၍ စပါးအနှံထွက်ရှိန်နှင့် တိုက်ဆိုင်ပါက သီးနှံအောင်မြင်မှု နည်းပါ သောကြောင့် ထိခိုက်မှုအနည်းငယ် ရှိပါသည်။	ကျေးရွာမှ ကြိုတင်ကာကွယ်ခြင်းများမလုပ်ဆောင်နိုင်ကြပါ။
ငလျင်	သင့်	ငလျင်ဇရိယာအတွင်း တည်ရှိသော ကြောင့် ငလျင်လှုပ်ခြင်း မကြာခဏကြုံတွေ့ရပါသည်။ ပျက်စီးဆုံးရှုံးခြင်း နည်းပါသည်။	ကျေးရွာအနေဖြင့် ကြိုတင်ကာကွယ်ခြင်း များလုပ်ဆောင် နိုင်ခြင်းမရှိပါ။ နိုင်ငံတော်မှကျေးရွာဘုန်းတော်ကြီး ကျောင်းများတွင် ငလျင်ဒဏ်ခံနိုင်သောအဆောက်အဦးကိုစံပြဆောက်လုပ်လျှုတန်းထားပါသည်။
မိုးခေါင်ခြင်း	နည်း	မိုးဦးတွင် မိုးခေါင်ခြင်းကြုံတွေ့ရပါသည်။ စိုက်ပျိုးရိုန် နောက်ကျ ခြင်းကြောင့်	ကျေးရွာမှ ကြိုတင် ကာကွယ်ခြင်းများမလုပ်ဆောင်နိုင်ကြပါ။

အမျိုးအစား	အန္တရာယ် ဖြစ်နိုင်ခြေ(နည်း/လတ်/များ)	ဖော်ပြချက်/ရှင်းလင်းချက်	လက်ရှိဘေးအန္တရာယ် လျှော့ချရေး အလေ့အကျင့်များ
တိရစ္ဆာန်ရောဂါဖြစ်ပွါးမှု	သင့်	သီးနှံအထွက်နှုန်းလျှောကျခြင်း အနည်းငယ် ကြုံတွေ့ရပါသည်။ နွားများတွင် ခွာနာလျှာနာများဖြစ်တတ်ပြီး၊ ကြက်များတွင် ဝမ်းကျရောဂါများ ၊ တန်းကျနာများဖြစ်ပါသည်။ နွားနှင့် ဝက်များ ရောဂါဖြစ်ပါက ဧရပ်ကွင်း ကျေးရွာများမှ တိရစ္ဆာန် ဆရာခေါ်ပြီးဆေးကုသ ကြပါသည်။	ကျေးရွာတွင် တိရိစ္ဆာန် ကာကွယ်ဆေး ထိုးခြင်းများကို လက်လှမ်းမမှီကြပါ။
လူရောဂါဖြစ်ပွါးမှု	သင့်	ငှက်ဖျား ၊ တီဘီနှင့် ရာသီ တုတ်ကွေးများနှစ်စဉ် ဖြစ်ပွားကြပါသည်။	ကျန်းမာရေးဌာနမှ ငှက်ဖျား၊ သွေးလွန်တုတ်ကွေး၊ တီဘီရောဂါ များနှင့် ပတ်သတ်သည့် ကျန်းမာရေး အသိပညာပေးများ လုပ်ဆောင်ပေးပါသည်။ ကျေးရွာရှိ PSI သင်တန်းသားမှလည်း လိုအပ်သည့် ကျန်းမာရေး ချိတ်ဆက်မှုများ ဆောင်ရွက်ပေးပါသည်။

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၁ -၂၃ ရက်၊ စက်တင်ဘာ လ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်။ ငလျင်၊ ရေဘေး၊ အနည်းအများကြုံတွေ့ရပါသည်။ စနစ်ကျသော ကာကွယ်ဖြေရှင်းနည်း များမရှိ၊ မသိကြပါ။

(၂.၄) ပညာရေး

(၂.၄.၁) မူလတန်း၊ အလယ်တန်း၊ အထက်တန်း နှင့် တက္ကသိုလ်ပညာ ပြီးစီးမှုနှုန်း

ဇယား (၂၇) မူလတန်း၊ အလယ်တန်း၊ အထက်တန်း နှင့် တက္ကသိုလ်ပညာ ပြီးစီးမှုနှုန်း

ပညာရေး	ကျား	မ	ပေါင်း	ဧနှစ်နှင့်အထက်၊ ကျောင်းနေ လူဦးရေ၏ %
လုံးဝကျောင်းမနေသူများ	၂	၂	၄	၀.၈ %
ဘာသာရေးအခြေပြုပညာရေး	၁၉	၂၄	၄၃	၈.၅ %
မူလတန်းမပြီးမီကျောင်းထွက်သူများ	–	–	–	
မူလတန်းပညာရေးပြီးဆုံးသူများ	၁၈၇	၁၉၉	၃၈၆	၇၆.၃ %
အလယ်တန်းပညာရေးပြီး	၂၀	၂၁	၄၁	၈.၁ %

ပညာရေး	ကျား	မ	ပေါင်း	ဇနှစ်နှင့်အထက်၊ ကျောင်းနေ လူဦးရေ၏ %
ဆုံးသူများ				
အထက်တန်းပညာရေးပြီး	၆	၁၃	၁၇	၃.၃ %
ဆုံးသူများ				
တက္ကသိုလ်ပညာပြီးဆုံးသူများ	၆	၇	၁၃	၂.၆ %
ဇ နှစ်အထက်လူဦးရေပေါင်း	၂၄၀	၂၆၆	၅၀၆	

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၁-၂၃ ရက်၊ စက်တင်ဘာ လ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်။ ကျေးရွာသည် မူလတန်းပြီးစီးမှုများပါသည်။ ကျေးရွာရှိ မူလတန်မပြီးမီ ကျောင်းထွက်သူများစာရင်းကို ကောက်ယူခဲ့ခြင်းမရှိပါ။

(၂.၄.၁.၂) ကျောင်းအပ်နှန်း

ဇယား (၂၈)ကျောင်းအပ်နှန်း

ပညာရေးအဆင့်အတန်း	ကျား	မ	ပေါင်း	စုစုပေါင်းကျောင်းနေအရွယ် လူဦးရေ၏ %
မူလတန်း(၅-ဇနှစ်)	၄၀	၄၇	၈၇	၁၇၇.၅ %
အလယ်တန်း (၁၀-၁၄နှစ်)	၁၅	၂၂	၃၇	၅၀.၇ %
အထက်တန်း(၁၅-၁၆နှစ်ကြား)	၄	၇	၁၁	
တက္ကသိုလ်ကျောင်းသား၊သူ	၆	၁၁	၁၇	

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၁-၂၃ ရက်၊ စက်တင်ဘာ လ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်။ ကျေးရွာတွင် (၅-ဇ)နှစ်အရွယ် ကလေး (၄ဇ)ဦးရှိပြီး ကလေးများအားလုံး အခြေခံမူလတန်းပညာလက်လှမ်းမှီကြပါသည်။ အလယ်တန်း၊ အထက်တန်း၊ တက္ကသိုလ်တက် ရောက်မှုနည်းပါ သည်။

(၂.၄.၁.၃) စာသင်ကျောင်းဆောင်အခြေအနေ

ဇယား (၂ဇ) စာသင်ကျောင်းဆောင်အခြေအနေ

အကြောင်းအရာ	မူလတန်းကျောင်း
ရွာမှအကွာအဝေး(ကီလိုမီတာ)	ရွာတွင်း
သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှု	ခြေလျင်
စာသင်ကျောင်းအရွယ်အစား(အလျား၊အနံ၊အမြင့်)	(၅၀—x၂၀—x၁၂—) တစ်ဆောင်၊ (၃၂—x၁၆—x၁၂—) တစ်ဆောင်
အမိုး၊နံရံ၊အခင်း အရည်အသွေး	သွပ်၊ပျဉ်၊ပျဉ်
ကျောင်းသုံးပရိဘောဂ(လုံလောက်မှုရှိ/မရှိ)	မရှိ

အကြောင်းအရာ	မူလတန်းကျောင်း		
ကျောင်းဆရာဦးရေ	ကျား	မ	ပေါင်း
	၁	၄	၅

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၁-၂၃ ရက်၊ စက်တင်ဘာ လ၊ ၂၀၁၅ နှစ်)

(၂.၄.၁.၄) ပညာရေးအခက်အခဲနှင့်ပြဿနာများ

ဇယား (၃၀) ပညာရေးအခက်အခဲနှင့်ပြဿနာများ

အခက်အခဲ/ပြဿနာ	ရှင်းလင်းချက်
ကျောင်းဆရာ/မ ဦးရေ	၅ ဦး
တပည့်-ဆရာ အချိုး	၁၇:၁
မူလတန်းပညာ ကျောင်းထွက်နှုန်း	မရှိ (မူလတန်းအောင်သော ကလေးများအားလုံး အလယ်တန်း တက်ရောက် နေကြပါသည်။)
မသန်စွမ်းသူများအတွက် ပညာရေး အထူးအစီအစဉ်	မရှိ
ကျောင်းသုံးစာအုပ်နှင့်စာရေးကရိယာ	မူလတန်း ပညာရေးအတွက် ပညာရေးဌာနနှင့် unicef တို့မှ ကျောင်းသုံးစာအုပ်၊ စာရေးကိရိယာ တို့ကို အခမဲ့ ရရှိပါသည်။ (unicef သည် တိုက်ရိုက်လုပ် ဆောင်ခြင်း မဟုတ်ဘဲ ပညာရေးဌာနမှ တစ်ဆင့်ထောက်ပံ့သည်။
ဆင်းရဲသောမိသားစုများအတွက် ကျောင်းစရိတ်မတတ်နိုင်မှု	အလယ်တန်း ပညာရေးအထိ အခက်အခဲ မရှိဘဲ အထက်တန်း ပညာရေးအတွက် အခက်အခဲ ရှိပါသည်။
မိဘဆရာအသင်း၏အခန်းကဏ္ဍ	တက်ကြွစွာ ပူးပေါင်းပါဝင်မှု ရှိပါသည်။

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၁-၂၃ ရက်၊ စက်တင်ဘာ လ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်။ ။မူလတန်းပြီးစီးပြီးအလယ်တန်း၊ အထက်တန်းတက်ရောက်ရန် ဆင်းရဲသားမိသားစုများ ခက်ခဲမှုရှိပါသည်။

(၂.၅) ကျန်းမာရေးနှင့်အာဟာရ

(၂.၅.၁) အဖြစ်များသောရောဂါ

ဇယား (၃၁) အဖြစ်များသောရောဂါ

၁.ရာသီတုပ်ကွေး	၂.ငှက်ဖျား	၃.	၄.
၅.	၆.	၇.	၈.

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၁-၂၃ ရက်၊ စက်တင်ဘာ လ၊ ၂၀၁၅ နှစ်)

(၂.၅.၂) ကျန်းမာရေးအထောက်အပံ့များ(ဆေးရုံ/ဆေးပေးခန်းများ)

ဇယား (၃၂) ကျန်းမာရေးအထောက်အပံ့များ(ဆေးရုံ/ဆေးပေးခန်းများ)

ကျန်းမာရေး ဝန်ဆောင်မှု	ခရီး အကွာ အဝေး (ကီလို)	အခန်း/ကုတင် (လုံလောက်မှုရှိ/မရှိ)	ကျန်းမာရေး ဝန်ထမ်းဦးရေ	ဆေးနှင့်ပတ်သက်သောအသုံး အဆောင်ပစ္စည်းများ (လုံလောက်မှု/ မလုံလောက်မှု)	မှတ်ချက်
ကျေးလက် ကျန်းမာရေး ဌာန	၁မိုင်ဂဖာလုံ	ရှိ	ကျန်းမာရေးမှူး (၁)ဦး သူနာပြု(၁)ဦး သားဖွားဆရာမ (၁)ဦး	ရှိ	ဧရပ်ကွင်းကျေးရွာ
ကျေးလက် ကျန်းမာရေး ဆေးပေးခန်း	၁မိုင်	ရှိ	သားဖွားဆရာမ(၁)ဦး	ရှိ	ကွင်း(၃၀) ကျေးရွာ

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၁-၂၃ ရက်၊ စက်တင်ဘာ လ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်။ ။ကျေးရွာသားများသည် ကျန်းမာရေးနှင့် ပတ်သက်သောဝန်ဆောင်မှုများကို လက်လှမ်းမှီမှု ရှိပါသည်။

(၂.၅.၃) သောက်သုံးရေရရှိမှု

ဇယား (၃၃) သောက်သုံးရေရရှိမှု

ရေရရှိနိုင်မှု	အရေ အတွက်	အကောင်း/ အဆိုး	လက်ရှိ/လုံလောက်မှု			အခြား
			နွေ	မိုး	ဆောင်း	
အဝီစိတွင်း၊ စက်တွင်း	၂	ကောင်း	ရှိ	ရှိ	ရှိ	သောက်ရေသုံးရေရ
ချောင်းရေ	၁	ကောင်း			ရှိ	လက်ယက်တွင်းပြုလုပ်၍ သုံးစွဲ

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၁-၂၃ ရက်၊ စက်တင်ဘာ လ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်။ ယေဘုယျအားဖြင့် ရေလုံလောက်မှုရှိသော်လည်း ခပ်ယူရာတွင်ခက်ခဲ၍ရေတွင်း တစ်တွင်းထပ်တူးလျှင် ပိုအဆင်ပြေပါမည်။

(၂.၅.၄) သန့်ရှင်းရေးအခြေအနေ (အိမ်သာအမျိုးအစားနှင့် အိမ်ထောင်စုအရေ အတွက်)

ဇယား (၃၄) သန့်ရှင်းရေးအခြေအနေ (အိမ်သာအမျိုးအစားနှင့် အိမ်ထောင်စုအရေ အတွက်)

သုံးစွဲနိုင်သောအိမ်သာအမျိုးအစား	သုံးစွဲနိုင်သော အိမ်ထောင်စု	ရှင်းလင်းချက်
ယင်လုံအိမ်သာ	၁၃၅	အိမ်သာအရေအတွက် (၁၃၀)လုံးရှိပြီးကျန်အိမ်ထောင်စု (၅)အိမ်တို့မှာ ပူးတွဲ အသုံးပြုသူများ ဖြစ်ကြပါသည်။

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၁-၂၃ ရက်၊ စက်တင်ဘာ လ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်။ ကျေးရွာအိမ်ထောင်စုများ ယင်လုံအိမ်သာဆောက်လုပ်အသုံးပြုရန်အသိပညာများရှိပြီး ယင်လုံအိမ်သာကို ကျေးရွာ တစ်ရွာလုံး အသုံးပြုမှုရှိကြပါသည်။

(၂.၆) လမ်းတံတားတည်ရှိမှု

(၂.၆.၁) ကျေးရွာများတွင်လမ်းတံတားတည်ရှိမှုအခြေအနေ

ဇယား (၃၅) ကျေးရွာများတွင်လမ်းတံတားတည်ရှိမှုအခြေအနေ

လမ်းတံတားအမျိုးအစား	အမျိုးအစား (၁၊၂၊၃)	ကောင်း/ဆိုး	တည်ဆောက်ခဲ့သောနှစ်	ရာသီအလိုက် သုံးစွဲနိုင်မှု		လမ်းအရှည် (ကီလိုမီတာ)
				ပွင့်လင်းရာသီ	တစ်နှစ်ပါတ်လုံး	
ရွာတွင်းလမ်း	၃	ကောင်း	၂၀၀၃		သုံးလို့ရ	၁မိုင်
ချဉ်းကပ်လမ်း	၃	ဆိုး	၂၀၀၃		သုံးလို့ရ	၁မိုင်၇ဖာလုံ

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၁-၂၃ ရက်၊ စက်တင်ဘာ လ၊ ၂၀၁၅ နှစ်)

၁၊ မြေသားလမ်း ၂၊ ကတ္တရာ ၃၊ ကျောက်ခင်းလမ်း

လမ်းတံတားအမျိုးအစား	အရွယ်အစား	ကောင်း/ဆိုး	တည်ဆောက်ခဲ့သောနှစ်	အသုံးပြုနိုင်သည့်ရာသီ	
				ပွင့်လင်းရာသီ	တစ်နှစ်လုံး
ရေပြွန်	အလျား ၂၄ပေ၊အနံ ၃ ပေ	ကောင်း	၂၀၀၃		သုံးလို့ရ

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၁-၂၃ ရက်၊ စက်တင်ဘာ လ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်။ ကျေးရွာတွင်တည်ရှိသော လမ်းများသည်ကျောက်ခင်းလမ်းဖြစ်ပြီးနှစ်ပတ်လည်သွားလာရကောင်းမွန်ပါသည်။ သို့သော်ကျေးရွာအလယ်ချောင်းတွင် တံတားတစ်စင်းထိုးရန်လိုအပ်ပါမည်။

(၂.၆.၂) ရေကြောင်းသယ်ယူပို့ဆောင်ရေး

ဇယား (၃၆) ရေကြောင်းသယ်ယူပို့ဆောင်ရေး

သယ်ယူပို့ဆောင်ရေး	အကွာအဝေး (ကီလိုမီတာ)	ယာဉ်အမျိုးအစား	ရာသီအလိုက်သုံးစွဲနိုင်မှု	
			ပွင့်လင်းရာသီ	တစ်နှစ်ပါတ်လုံး
မြစ်ကြောင်း				
ပင်လယ်ရေကြောင်း				
၁ " လှေ၊သမ္ဘာန်	၂ - မော်တော်	၃ - သင်္ဘော		

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၁-၂၃ ရက်၊ စက်တင်ဘာ လ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်။ ရေကြောင်းသယ်ယူပို့ဆောင်ရေး လက်လှမ်းမှီမှုမရှိပါ။

(၂.၆.၃) သယ်ယူပို့ဆောင်ရေးယာဉ်များ

ဇယား (၃၇) သယ်ယူပို့ဆောင်ရေးယာဉ်များ

ယာဉ်အမျိုးအစား	စက်လှေ	စက်ဘီး	ဆိုင်ကယ်	ထရပ်ကား	သုံးဘီးဆိုင်ကယ်၊ ထော်လာကျီ	ဘတ်စ် ကား	မြင်းလှည်း
အရေအတွက်	၉	၉၉	၂	၂			

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၁-၂၃ ရက်၊ စက်တင်ဘာ လ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်။ ကျေးရွာတွင် ဆိုင်ကယ်(၉၉) စီးရှိပြီး ကျေးရွာသားအများစုသည်အနီးအနား ကျေးရွာများသို့ ဆိုင်ကယ်ဖြင့် သွားလာမှုပြုကြပါသည်။ ထရပ်ကား (၂)စီးရှိပြီး ကိုယ်ပိုင်အိမ်သုံးယာဉ်အဖြစ် အသုံးပြုကာ ကျေးရွာသားများ ဘုရားဖူးသွားခြင်း၊ အလှူအတွက် ခရီးကြိုပြု ခြင်းများ ပြုရမ်းလျှင် အငှားလိုက်အဖြစ်လည်း အသုံးပြုပါသည်။ ထော်လာကျီကို ကျေးရွာစပါး ပေါ်ချိန်တွင် ကောက်လိုင်းတိုက်ခြင်း၊ စပါးသယ်ခြင်း၊ ကောက်ရိုးများ သယ်ခြင်းတို့ကို အငှားအဖြစ် အသုံးပြုကြပါသည်။ ကျေးရွာအနေဖြင့်လူမှုရေး လုပ်ငန်းသုံးအတွက် ယာဉ်များ၊ စီးပွားရေး လုပ်ငန်းသုံးအတွက် ယာဉ်များ လက်လှမ်းမီမှု ရှိပါသည်။

(၂.၇) လျှပ်စစ်မီးရရှိမှု

ဇယား (၃၈) လျှပ်စစ်မီးရရှိမှု

အရင်းအမြစ်	အိမ်ထောင်စု	ပြုပြင်ထိန်းသိမ်းရေးစနစ် (ကောင်း/သင့်/ညံ့)	အခက်အခဲရှိ၊မရှိ
မဟာဓါတ်အားလိုင်း	၅၈	ကောင်း	ရှိ
ဆိုလာစနစ်	၁၉	ကောင်း	မရှိ
ဒီဇယ်သုံးအင်ဂျင်	၁	ကောင်း	မရှိ

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၁-၂၃ ရက်၊ စက်တင်ဘာ လ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်။ ကျေးရွာအိမ်ထောင်စုအချို့ လျှပ်စစ်မီးရရှိသုံးစွဲနေသော်လည်း ကျန်ရှိသော အိမ်ထောင်စုများသည် ကုန်ကျငွေကိုထည့်ဝင်နိုင်ခြင်းမရှိဘဲ လျှပ်စစ်မီးလင်းရန်ခက်ခဲနေပါသည်။ ဆရာတော်နှင့် မီးလင်းရေးကော်မတီများသည် ကျေးရွာအိမ်ထောင်စုလုံး မီးလင်းရန်အတွက် ကုန်ကျငွေကို (၂၇၀၀၀၀)ကျပ်အောက် ထည့်ဝင်ပြီး မီးလင်းနိုင်ရန် ညှိနှိုင်းဆွေးနွေး နေကြပါသည်။

(၂.၈) ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်ဆိုင်ရာနည်းပညာ

ဇယား (၃၉) ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်ဆိုင်ရာနည်းပညာ

စဉ်	ဖုန်း	ရေဒီယို	တီဗွီ	အင်တာနက်	သတင်းစာ နှင့်ဂျာနယ်	အခြား
အရေ အတွက်	၁၀၅	၃၁	၇၂			

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၁-၂၄ ရက်၊ စက်တင်ဘာ လ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်။ ကျေးရွာတွင် တယ်လီဖုန်းအသုံးပြုသူ အိမ်ထောင်စု (၁၀၅)အိမ်ရှိပြီး ရေဒီယို ပိုင်ဆိုင်သောအိမ်ထောင်စု (၃၁)အိမ် ရှိပါသည်။ ထို့အပြင် တီဗွီ(၇၂) လုံးမှ သတင်းအချက် အလက် များကို ရရှိနိုင်ပြီး ရုပ်သံစလောင်းများမှလည်း သတင်းအချက်အလက်များကို ရရှိနိုင်ပါသည်။ ရုပ်သံ စလောင်း အသုံးပြုသူ အိမ်ထောင်စု (၁၅) အိမ်ရှိပြီး၊ စကိုင်းနက်(၉) လုံးနှင့် ပီအက်စ်အိုင်(၆) လုံးတို့ ရှိပါသည်။

(၂.၉) ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး

ဇယား (၄၀) ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး

လုပ်ငန်း	ရှိ/ မရှိ	ဝန်ဆောင်မှု
အပန်းဖြေနိုင်သည့်နေရာများအား လက်လှမ်းမှီမှု	ရှိ	ကျေးရွာအနီး ဇရပ်ကွင်းကျေးရွာတွင် လက္ခက်ရည်ဆိုင်များမှ အပန်းဖြေနိုင်ခြင်း၊ ကျေးရွာတွင်း ရုပ်သံစလောင်း ရှိသည့် အိမ်များ၌ အပန်းဖြေနိုင်ခြင်း ရှိပါသည်။
လူမှုရေးလုပ်ငန်းများတွင်ပါဝင်မှု	ရှိ	ကျေးရွာတွင်း သာရေးနာရေး အလှူမင်္ဂလာပွဲ များတွင် ကျွေး မွေး ဧည့်ခံခြင်း၊ သိမ်းဆည်းခြင်း၊ ပစ္စည်းများသယ် ပို့ခြင်း၊ မဏ္ဍပ်ဆောက်ခြင်း စသည်တို့ကို ဆောင်ရွက် ပေး ကြပါ သည်။
ဘာသာရေးလုပ်ငန်းများတွင်ပါဝင်မှု	ရှိ	ရာသီအလိုက် ပွဲတော်များ ရှိပြီး ထိုလုပ်ငန်းများတွင် ကျွေးမွေး ဧည့်ခံခြင်း၊ သန့်ရှင်းရေး လုပ်ခြင်း၊ ကြိုဆိုခြင်း၊ ဝတ်ရွတ်ခြင်း၊ ကျေးရွာတွင်း အလှူခံခြင်း စသည်တို့ကို ဆောင်ရွက် ပေးပါသည်။
အားကစားပစ္စည်းများအားလက်လှမ်း မှီမှု	ရှိ	ပိုက်ကျော်ခြင်း ကစားခြင်း၊ ကျေးရွာ စာသင်ကျောင်းတွင် ဘောလုံးကွင်းရှိပြီး ဘောလုံးကစားနိုင်ခြင်း ရှိပါသည်။

လုပ်ငန်း	ရှိ/ မရှိ	ဝန်ဆောင်မှု
ဖွံ့ဖြိုးရေးလုပ်ငန်းများတွင်ပါဝင်မှု	ရှိ	အရံမီးသတ်တပ်ဖွဲ့ကို လူငယ်များဖြင့် ဖွဲ့စည်းထားရှိပြီး မီးဘေးကာကွယ်ရေး အစီအစဉ်ကို လူငယ်များမှ ဆောင်ရွက် ပါသည်။
ရိုးရာယဉ်ကျေးမှုထိန်းသိမ်းရေး	ရှိ	ဝတ်ရွတ်အဖွဲ့များရှိခြင်း၊ ဝါတွင်းကာလ ဝတ်ရွတ်ခြင်း၊ အဘိဓမ္မာ အခါတော် အဖွဲ့များ ထားရှိပြီး အဘိဓမ္မာ အခါတော်နေ့များ ကျင်းပခြင်း၊ အမေများနေ့ကို နှစ်စဉ် ကျင်းပခြင်း၊သက်ကြီးပူဇော်ပွဲများ ကျင်းပခြင်းတို့ကို ဆောင်ရွက်ကြပါသည်။
စာကြည့်တိုက်၊အင်တာနက်စသည်များ အားလက်လှမ်းမှီမှု	ရှိ	စာအုပ်စာပေ၊ ပရိဘောဂများ ပြည့်စုံပြီး တီဗွီ၊ စလောင်းများ တပ်ဆင်ထားသော စာကြည့်တိုက်ရှိကာ မနက်(၇) နာရီမှ ည(၉)နာရီအထိ ပိတ်ရက်မရှိ ဖွင့်လှစ်ထားသော စာကြည့်တိုက် ရှိပါသည်။

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၁-၂၃ ရက်၊ စက်တင်ဘာ လ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်။ ကျေးရွာတွင် လူငယ်များသည် ကျေးရွာလူမှုရေး၊ သာရေး၊ နာရေးလုပ်ငန်းများတွင် တက်ကြွစွာပါဝင်ခွင့် ရကြပါသည်။

(၂.၁၀) ကျေးရွာဘေးကင်းလုံခြုံမှုအခြေအနေ

(၂.၁၀.၁) ဘေးကင်းလုံခြုံရေး၊ဝန်ဆောင်မှု၊အထောက်အကူများအားလက်လှမ်းမှီမှု

ဇယား (၄၁) ဘေးကင်းလုံခြုံရေး၊ဝန်ဆောင်မှု၊အထောက်အကူများအားလက်လှမ်းမှီမှု

ဝန်ဆောင်မှုများ	ရှိ/ မရှိ	ရှင်းလင်းချက်
ဆက်သွယ်ရေးဆိုင်ရာ အဆောက်အဦးများအား လက်လှမ်းမှီမှု	ရှိ	ကျေးရွာနှင့် နှစ်မိုင်အကွာတွင် MPT တာဝါတိုင်ရှိ
အာမခံလုပ်ငန်းများအား လက်လှမ်းမှီမှု	မရှိ	ကျန်းမာရေးအာမခံ၊ အသက်အာမခံ စသည်များ လက်လှမ်းမှီ မှုမရှိခြင်း
လူထုအခြေပြု သဘာဝဘေးအန္တရာယ် လျှော့ချရေးအစီအစဉ်	ရှိ	အရံမီးသတ်တပ်ဖွဲ့ရှိ၊ အိမ်တိုင်း သဲအိတ်၊ ရေအိတ်၊ မီးချိတ် မီးကပ်များထားရှိ၊ မီးငြိမ်းသတ်ရေးအချိန်ကို သတ်မှတ်ထားပြီး လိုက်လံစစ်ဆေးကြပါသည်။
ရဲစခန်းများအား လက်လှမ်းမှီမှု	ရှိ	ဧရပ်ကွင်းတွင် ရဲစခန်းရှိပြီး အချိန်မရွေး လက်လှမ်းမီမှု ရှိပါသည်။

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၁-၂၃ ရက်၊ စက်တင်ဘာ လ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်။ သဘာဝဘေးအန္တရာယ်လျော့ချရေးအတွက် ကျေးရွာတွင်အရံမီးသတ် တပ်ဖွဲ့များရှိပြီး နွေရာသီရောက်လျှင် အိမ်တိုင်း မီးချိတ်မီးကပ်များ၊ ရေအိတ်သဲအိတ်များ ထားရှိရန်နှင့် မီးသတ်အဖွဲ့မှ လိုက်လံစစ်ဆေးခြင်း၊ နံနက်(၉)နာရီနှင့် ညနေ(၆)နာရီအတွင်း မီးဖိုချောင် အသုံးပြုရန်နှင့် မီးကြွင်းမီးကျန်များမရှိရန်နေ့စဉ် သတိပေးမှုရှိပြီး အရံမီးသတ်အဖွဲ့မှ လိုက်လံစစ်ဆေးပါသည်။

(၂.၁၀.၂) မှုခင်းဖြစ်ပွားမှု

ဇယား (၄၂) မှုခင်းဖြစ်ပွားမှု

	လူကုန်ကူးမှု	ခိုးမှု	မူးယစ်ဆေးသုံးစွဲမှု	အကြမ်းဖက်မှု
ပြင်းထန်/မထန်	သာမန်	သာမန်	သာမန်	သာမန်

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၁-၂၃ ရက်၊ စက်တင်ဘာ လ၊ ၂၀၁၅ နှစ်)

လေ့လာတွေ့ရှိချက်။ ကျေးရွာတွင် ကြီးမားသော မှုခင်းဆိုင်ရာ ပြဿနာ ဖြစ်ပွားမှုများ မရှိပါ။

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေသော အလားအလာများ၊ အဟန့်အတား များ၊ စိန်ခေါ်မှုများ

ဇယား (၄၃) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေသော အလားအလာများ

အလားအလာများ	ရှင်းလင်းဖော်ပြချက်
၁။ ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှု	ကျေးရွာတွင် စွမ်း ဆောင်ရည်ရှိပြီးလက်ရှိလုပ်ဆောင်နေသော အဖွဲ့အစည်းများရှိခြင်း၊ အုပ်ချုပ်ရေးမှူး၊ ရပ်မိရပ်ဖများသည် ဦးဆောင်ဦးရွက်ပြု မူကောင်းခြင်း။
၂။ စိုက်ပျိုးရေး (သီးနှံ) ထုတ်လုပ် ရန် အခြေအနေကောင်းများ	ရေလွှဲဆည်များ ပြု လုပ်သုံးစွဲနိုင်ခြင်း (ဆည်ဒိုချောင်း၊ ကြက် လျှာတော၊ ထန်းတပင်ချောင်း)။ စိုက်ပျိုးသီးနှံမျိုးစုံ စိုက်ပျိုးကြခြင်း (နှမ်း၊ စပါး၊ ပဲစဉ်းငုံ၊ ထောပတ်ပဲ၊ မြေပဲ၊ မတ်ပဲ၊ ခရမ်းချဉ်)။ ဟင်းသီးဟင်းရွက်များ စိုက်ပျိုးကြပြီး၊ ဈေးကွက်ရှိခြင်း (ခရမ်း၊ တိုင်ထောင်ပဲ) မျိုးကောင်းမျိုးသန့်များ လက်လှမ်းမှီခြင်း (စဉ့်ကူး၊ မတ္တရာ)။ သရက်၊ သနပ်ခါး၊ သပြေစသော နှစ်ရှည်ပင်များ စမ်းသပ်စိုက်ပျိုးလာခြင်း။ စိုက်ဘဏ်၊ သမဝါယမ ချေးငွေလက် လှမ်းမှီခြင်း။ နွားချေး၊ သစ်ဆွေး များ ပေါများခြင်း (သဘာဝမြေဩဇာပြုလုပ်ရန်)။ မျိုးစေ့ချကိရိယာ (စပါး)ကို တောင်သူတစ်ဦး၏ လယ်တွင် စိုက်ဌာနမှ စမ်းသပ်ခြင်း။ စိုက်ပျိုးသွင်းအားစုများ ဝယ်ယူရန် လက်လှမ်းမှီခြင်း (ဧရပ်ကွင်း၊ မန္တလေး)။ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ခြင်း (မန္တလေး၊ မိုးကုတ် လမ်းပေါ်တွင် ရှိနေခြင်း)
၃။ မွေးမြူရေး တိုးချဲ့မွေးမြူရန် အခြေအနေကောင်းများ	မွေးမြူရေးတိရစ္ဆာန် အစာပေါခြင်း (မြက်၊ ကောက်ရိုး၊ ဖွဲ၊ စကွဲ၊ ဆလပ်များကို ကျေးရွာဆန်စက်များမှ ရနိုင်ခြင်း)။ မြစိမ်းရောင်၊ သမ အသင်းစုချေးငွေရှိခြင်း။ဧရပ်ကွင်း(၂မိုင်)တွင်တိကုဆရာဝန်ရှိခြင်း။ မွေးမြူရေးတိရစ္ဆာန်များအတွက်သုံးရေပေါခြင်း။ အမဲ၊ ဝက်ဒိုင်များလက်လှမ်းမှီခြင်း။ (ဧရပ်ကွင်းကျေးရွာ) အိမ်ခြံဝန်းမြေနေရာ ကျယ်ဝန်းခြင်း။မွေးမြူရေးအဆောက်အဦဆောက် လုပ်ရန် သစ်ဝါးများပေါများခြင်း။ နွား၊ဝက်ဈေး ကောင်းခြင်း။ ဆိတ်၊ နွား များတိုးချဲ့ မွေးမြူရန် စိတ်ဝင် စားခြင်း။
၄။ စိုက်ပျိုးမွေးမြူရေး မဟုတ်သော စီးပွားရေး လုပ်ငန်းများ	ဆန်စက်၊ သဲမှုတ်လုပ်ငန်းများ လုပ်ကိုင်နိုင်ခြင်း။ အသေးစား၊ စားသောက်ကုန်၊ လူသုံးကုန်၊ ခေါင်းရွက်ဗျက်ထိုး လုပ်ကိုင်ရန်ဈေးကွက်ရှိခြင်း၊ (ကုမ္ပဏီလုပ်ငန်းများ တွင် လုပ်သားများရှိ ၍ သွားရောက် ရောင်းချနိုင်ခြင်း)။ သဘာဝခါတ်သတ္တု (ရွှေ၊ သဲ) များရှိခြင်း။ လျှပ်စစ်မီးရရှိခြင်း။
၅။ ပညာရေး ဖွံ့ဖြိုးတိုးတက်မှု အတွက် မူလယ်ထက်အတန်းကျောင်းများ လက်လှမ်းမှီခြင်း	မူလတန်း၊ မူကြိုကျောင်းများရှိခြင်း။ ဧရပ်ကွင်းကျေးရွာ (၂ မိုင်)တွင် အလယ်တန်း၊ အထက်တန်း ကျောင်းလက်လှမ်းမှီခြင်း။ ဆရာမ ၄ ဦး၊ ဆရာ ၁ ဦး ရှိခြင်း လွတ်တော် ရံပုံငွေဖြင့် ကျောင်းဆောင်သစ်တစ်ခု တည်ဆောက်နေခြင်း
၆။ သောက်သုံးရေ လုံလောက် ခြင်း	သောက်သုံးရေ ရေအရင်းအမြစ်လုံ လောက်ခြင်း။ စက်ရေတွင်း ၂ တွင်း ရှိခြင်း (မော်တာတပ်) စာသင်ကျောင်းတွင် ၁တွင်း၊ ရွာလယ်တွင် ၁တွင်း)။
၇။ လမ်းတံတား	လမ်းပြုပြင်ရန် လမ်းမိုင်မရှည်ခြင်း (၁မိုင် ၇ဖာလုံ)။ တံတားထိုးရန် ဆရာတော်ဦးဆောင်၍ ဆောင်ရွက်နေခြင်း
၈။ လျှပ်စစ်စွမ်းအား	ကျေးရွာတွင် လက်ရှိလျှပ်စစ်မီး ရရှိသုံးစွဲနေခြင်း၊

အလားအလာများ	ရှင်းလင်းဖော်ပြချက်
၉။ သဘာဝပတ်ဝန်းကျင် ထိမ်းသိမ်းရေး	၂၀၁၂ ခုနှစ် ငလျင်ဒဏ်ကြုံတွေ့ဖူး၍ ကျေးရွာသူ/သားများ ရေဒီယို နား ထောင်သော အလေ့အထရှိလာခြင်း။ ကျေးရွာအတွင်း အရံမီးသတ်အဖွဲ့ များရှိခြင်း။

ဇယား (၄၄) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး၏ အဟန့်အတား များ၊ စိန်ခေါ်မှုများ

အဟန့်အတားများ	ရှင်းလင်းဖော်ပြချက်
၁။စီမံအုပ်ချုပ်မှုကဏ္ဍလုပ် ဆောင်ရာတွင် ပညာရေး အခြေခံ နည်းပါးခြင်း	စာရင်းရေးသွင်းခြင်း၊ မှတ်တမ်းမှတ်ရာများ လုပ်ဆောင်ရန်ပညာ ရေး အခြေခံနည်းပါးခြင်း။ လူငယ်လူရွယ်များကို နေရာမ ပေးခြင်း။
၂။ စိုက်ပျိုးရေး (သီးနှံ) များတွင် တောင်ဆင်ရိုင်း၊ တောဝက်များ ဖျက်ဆီးခြင်း၊ ပုံစံ၇ ရရှိမှု ခက်ခဲ ခြင်း	သစ်တော မြေဧရိယာများဖြစ်၍ မြေယာတိုးချဲ့ စိုက်ပျိုးရန်ခက်ခဲခြင်း (သစ်တောကြိုးဝိုင်း)။ တောဆင်ရိုင်း၊ တောဝက်များ စိုက်ပျိုးသီးနှံများ ဖျက်ဆီး၍ ထိန်းသိမ်းရန်ခက်ခဲခြင်း။ တစ်နိုင်တစ်ပိုင် ဆည်များပျက်စီး နေပြီး၊ ပြုပြင်ရန် နည်းပညာ၊ အရင်းအနှီး ခက်ခဲခြင်း
၃။ မွေးမြူရေးနည်းပညာ၊ အရင်း အနှီးခက်ခဲခြင်း	တိကုဋ္ဌာနမှ ကာကွယ်ဆေး လာရောက်ထိုးနှံခြင်း မရှိခြင်း။ မွေးမြူရေး ဗဟုသုတ၊ နည်းပညာ၊ အရင်းအနှီးခက်ခဲခြင်း။ စားကျက်ရှားပါးခြင်း (သစ်တောမြေရှိသော်လည်း ဆင်အန္တရာယ် ကြောက်ရခြင်း)
၄။ စိုက်မွေးမဟုတ်သော အခြားစီးပွားရေးလုပ်ငန်း များလုပ် ဆောင်ရန် အရင်း အနှီး မလုံ လောက်ခြင်း	အရင်းအနှီးအတွက် ချေးငွေရှိသော်လည်း မလုံလောက်ခြင်း (နည်းပါးခြင်း) အသေးစားစီးပွားရေးလုပ်ငန်းများအတွက်ချေးငွေမူဝါဒအစီအစဉ်ကောင်း များမရှိခြင်း၊ မချိတ်ဆက်နိုင်ခြင်း။ (နိုင်ငံတော်အ ဆင့်)။ အခြေခံကျွမ်း ကျင်မှု သင်တန်းများ လက်လှမ်း မမှီခြင်း
၅။ ပညာရေးအားပေးရန် မိဘများဆင်းရဲမွဲတေခြင်း	မိသားစုများ စီးပွားရေး အဆင်မပြေခြင်း။ သားသမီး ပညာရေးကို ဦးစား မပေး နိုင်ခြင်း။ မိဘဆရာအ သင်းချိတ်ဆက်မှု အားနည်းခြင်း
၆။ သောက်သုံးရေအတွက် ရေကြော်ဝေးခြင်း	ရေတွင်းတူးရန် ရေကြော်ဝေးခြင်း (ပေ ၁၀၀၀ ကျော်ခန့်တူးရ ခြင်း)
၇။ လမ်းပြုပြင်ရန် နည်းပညာ၊ အရင်းအနှီးမတက်နိုင်ခြင်း	လမ်းပြင်ရန်၊ တံတားထိုးရန် နည်းပညာ၊ အရင်းအနှီး မတတ်နိုင်ခြင်း
၈။ လျှပ်စစ်မီးသွယ်တန်းရန် ငွေကြေးမတက်နိုင်ခြင်း	ဆင်းရဲသားအိမ် ထောင်စုများဖြစ်၍ စုဆောင်းငွေမရှိ၍ငွေကြေးမတတ်နိုင် ခြင်း။
၉။ သဘာဝန်ပတ်ဝန်းကျင် ထိမ်းသိမ်းရေး	သဘာဝဘေးအန္တရာယ်လျော့ရေး၊ ကြိုတင်ကာကွယ်ရေး မူဝါဒများ အောက် ခြေသို့ ရောက်ရန် ချိတ်ဆက်မှုနည်းပါးခြင်း။ နိုင်ငံတော်အဆင့် DRR အစီအစဉ် ကောင်းမရှိခြင်း။

ဇယား (၄၅) အုန်းဇုံးကျေးရွာ၊ ကျေးရွာဖွံ့ဖြိုးရေးကွင်းဆက်

ပြဿနာ	ဖြစ်ပွားရသည့်အကြောင်းအရင်း	အလားအလာ	အဟန့်အတား	စီမံကိန်း	ဖြေရှင်းနိုင်သည့်နည်းလမ်း
၁။ စီမံအုပ်ချုပ်မှု					
• ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများလုပ်ဆောင်ရာတွင်အဖွဲ့အစည်းများချိတ်ဆက်မှုအားနည်းခြင်း	• အဖွဲ့အစည်းများချိတ်ဆက်မှုမရှိဘဲ သီးခြားလုပ်ဆောင်ကြခြင်း • အဖွဲ့ဝင်များတာဝန်ယူမှု အားနည်းခြင်း • ဖွဲ့စည်းပုံသာရှိပြီး၊ လုပ်ငန်းတာဝန်၊ ရည်ရွယ်ချက် သတ်သတ်မှတ်မှတ်မရှိခြင်း • အုပ်ချုပ်ရေးမှူး၊ ရပ်မိရပ်ဖများကိုသာအားကိုးခြင်း • ကျေးရွာလူထုပူးပေါင်းပါဝင်မှုအားနည်းခြင်း • ကျေးရွာလူထုနှင့် ညှိနိုင်းဆွေးနွေးခြင်း၊ အစည်းအဝေးပြုလုပ်မှုနည်းပါးခြင်း	• ကျေးရွာတွင်စွမ်းဆောင်ရည်ရှိပြီးလက်ရှိလုပ်ဆောင်နေသောအဖွဲ့အစည်းများရှိခြင်း၊ • အုပ်ချုပ်ရေးမှူး၊ ရပ်မိရပ်ဖများသည်ဦးဆောင်ဦးရွက်ပြုမူကောင်းခြင်း၊	• စာရင်းရေးသွင်းခြင်း၊ မှတ်တမ်းမှတ်ရာများလုပ်ဆောင်ရန်ပညာရေးအခြေခံနည်းပါးခြင်း • လူငယ်လူရွယ်များကိုနေရာမပေးခြင်း။	• ကျေးရွာအ တွင်းအဖွဲ့အ စည်းများစွမ်းဆောင်ရည်မြှင့်တင်၍ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတိုးတက်လုပ်ဆောင်ရန်	• ကျေးရွာဖွံ့ဖြိုးရေးကော်မတီဖွဲ့စည်းရန်။ • ကျေးရွာအဖွဲ့အစည်းများမှတ်တမ်းမှတ်ရာ၊ စာရင်းရေးသွင်းခြင်းတိုးတက်လုပ်ဆောင်နိုင်ရန် ဆောင်ရွက်ခြင်း။ • စီမံခန့်ခွဲမှု၊အဖွဲ့အစည်းဆိုင်ရာသဘောတရားများရရှိလာ စေရန် ဖန်တီးပေးရန်။ • ဖွံ့ဖြိုးရေးသဘောတရား၊ အသိများဖွံ့ဖြိုးလာစေရန် လုပ်ဆောင်ရန်။
၂။စိုက်ပျိုးရေး(သီးနှံ)					
• သီးနှံအထွက်နှုန်းကျ/လျော့နည်းလာခြင်း။	• မိုးကောင်းသောက် ဧရိယာဖြစ်ခြင်း • မိုးခေါင်နှစ်များတွင်	• ရေလွှဲဆည်များ ပြုလုပ်သုံးစွဲခြင်း (ဆည်ဒိုချောင်း၊ ကြက်လျှာ	• သစ်တော မြေဧရိယာများ ဖြစ်၍ မြေယာတိုး ချဲ့	• စိုက်ပျိုးရေးနည်းပညာများရရှိလာ၍ သီးနှံ စိုက်ပျိုးထုတ်	• ဘက်စုံသီးနှံစိုက်ပျိုးရေးနည်းပညာ • ဥယျာဉ်ခြံသီးနှံများစိုက်ပျိုးနည်း

ပြဿနာ	ဖြစ်ပွားရသည့်အကြောင်းအရင်း	အလားအလာ	အဟန့်အတား	စီမံကိန်း	ဖြေရှင်းနိုင်သည့်နည်းလမ်း
(စပါး၊ နှမ်း၊ ပဲစဉ်းငုံ)	စိုက်ပျိုးရေမလုံလောက်ခြင်း • စိုက်ပျိုးသီးနှံများပုံမှန်မစိုက်ပျိုးနိုင်ခြင်း • ပိုးမွှားရောဂါကျရောက်မှုများခြင်း • စိုက်ပျိုးရေးလုပ်ဖက်ကိရိယာ မပြည့်စုံခြင်း • စိုက်ပျိုးရေးနည်း ပညာများလက်လှမ်းမမှီခြင်း • စိုက်ပျိုးရေးအရင်းအနှီးမလုံလောက်ခြင်း • သီးနှံမျိုးစုံစိုက်ပျိုးထုတ်လုပ်ချင်သော်လည်း တောဆင်ရိုင်းအန္တရာယ်ရှိခြင်း။ • အလုပ်သမားရှားပါးခြင်း • စိုက်ပျိုးရေးသွင်းအားစုများလုံလောက်စွာမသုံးနိုင်ခြင်း	တော၊ ထန်းတပင်ချောင်း) • စိုက်ပျိုးသီးနှံမျိုးစုံစိုက်ပျိုးကြခြင်း(နှမ်း၊ စပါး၊ ပဲစဉ်းငုံ၊ ထောပတ်ပဲ၊ မြေပဲ၊ မတ်ပဲ၊ ခရမ်းချဉ်) • ဟင်းသီးဟင်းရွက်များစိုက်ပျိုးကြပြီး၊ ဈေးကွက်ရှိခြင်း (ခရမ်း၊ တိုင်ထောင်ပဲ • မျိုးကောင်းမျိုးသန့်များလက်လှမ်းမှီ ခြင်း (စဉ့်ကူး၊ မတ္တရာ) • သရက်၊ သနပ်ခါး၊ သပြေစသော နှစ်ရှည်ပင်များစမ်းသပ်စိုက်ပျိုးလာ ခြင်း • စိုက်ဘဏ်၊သမဝါယမကွေလက် လှမ်းမှီခြင်း • နွားချေး၊ သစ်ဆွေးများပေါများခြင်း (သဘာဝမြေဩဇာပြုလုပ်ရန်) • စိုက်ပျိုးသွင်းအားစုများဝယ်ယူရန် လက်	စိုက်ပျိုးရန် ခက်ခဲခြင်း • တောဆင်ရိုင်း၊ တောဝက်များ စိုက်ပျိုးသီးနှံများဖျက်ဆီး၍ ထိန်းသိမ်းရန်ခက်ခဲခြင်း • တစ်နိုင်တစ်ပိုင် ဆည်များပျက်စီးနေပြီး၊ ပြုပြင်ရန် နည်းပညာ၊ အရင်းအနှီးခက်ခဲခြင်း	လုပ်မှုတိုးတက်လာစေရန် • လယ်ယာသစ်တောစနစ်(Agro-forestry) စမ်းသပ် စိုက်ပျိုးရန် လုပ်ဆောင် ခြင်း • စိုက်ပျိုးရေး ချေးငွေများ လုံလောက်စွာရရှိ ၍ စိုက်ပျိုးရေးလုပ်ငန်းများတိုးတက်လုပ်ဆောင်ရန်	စနစ်များ • ဘက်စုံပိုးမွှားရောဂါ ကာကွယ်ရေးနည်းစနစ်များ • ဟင်းသီးဟင်းရွက်စိုက်ပျိုးခြင်းနည်းပညာ၊ တိုးချဲ့စိုက်ပျိုးခြင်း (မျိုးစေ့) • သဘာဝမြေဩဇာ၊ သဘာဝပိုးသတ်ဆေးနည်းပညာများ၊ • တဖက်ချောင်းပိတ်ဆည်များပြုပြင်ခြင်း(နည်းပညာ၊ငွေကြေးအကူအညီတောင်းခံရန် (ကျေးလက်၊ ဆည်မြောင်း) • လယ်ယာလုပ်ဖက်ကိရိယာများအတွက် အဌားရောင်း

ပြဿနာ	ဖြစ်ပွားရသည့်အကြောင်းအရင်း	အလားအလာ	အဟန့်အတား	စီမံကိန်း	ဖြေရှင်းနိုင်သည့်နည်းလမ်း
		လှမ်းမှီခြင်း (ဧရပ်ကွင်း၊ မန္တလေး) • လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ခြင်း (မန္တလေး၊ မိုးကုတ်လမ်းပေါ်တွင်ရှိနေခြင်း)			ချစနစ်များ ချိတ်ဆက်ရန် (သမ၊ ကုမ္ပဏီများ) • Agro-forestry လယ်ယာသစ်တောစနစ်များ စမ်းသပ်စိုက်ပျိုးခြင်း • ချေးငွေလုံလောက်စွာရရှိနိုင်သောနေရာများချိတ်ဆက်လုပ်ကိုင်ရန်
၃။ မွေးမြူရေး • မိသားစုဝင်ငွေတိုးရန် မွေးမြူရေးတိုးချဲ့မလုပ်ဆောင်နိုင်ခြင်း	• တနိုင်တပိုင်မွေးမြူ နိုင်ရန်ချေးငွေလုံ လောက်စွာမရခြင်း။ • မွေးမြူရေးနည်းပညာဗဟုသုတများအားနည်းခြင်း။ • နွား ခွာနာ၊ လျာနာ၊ ကြက် တန်းကျနာများဖြစ်ပွားခြင်း။ • ကာကွယ်၊ ကုသဆေးများ လက်လှမ်းမှီမှု	• မွေးမြူရေးတိရစ္ဆာန်အစာပေါခြင်း • မြစိမ်းရောင်၊ သမအသင်းစုချေး ငွေရှိခြင်း။ • ဧရပ်ကွင်း (၂မိုင်) တွင် တိကုဆရာဝန် ရှိခြင်း • မွေးမြူရေးတိရစ္ဆာန်များအတွက် သုံးရေပေါခြင်း။ • အမဲ၊ ဂက်ဒိုင်များ	• တိကုဌာနမှ ကာကွယ်ဆေး လာရောက်ထိုးနှံခြင်းမရှိခြင်း။ • မွေးမြူရေးဗဟုသုတနည်းပညာ၊ အရင်းအနှီး ခက်ခဲခြင်း။ • စားကျက်ရှားပါးခြင်း (သစ်တောမြေရှိသော်လည်း ဆင်အန္တရာယ်	• ကျေးရွာအိမ်ထောင်စုများ တနိုင်တပိုင် မွေးမြူရေး လုပ်ငန်းများ တိုးချဲ့မွေးမြူလာ၍ ဝင်ငွေတိုးလာစေရန် • မွေးမြူရေးနည်းပညာ၊ ဗဟုသုတ၊ ကာကွယ်ဆေး၊ အရင်းအနှီးများ လက်လှမ်းမှီရန်	• မွေးမြူရေးတိုးချဲ့ မွေးမြူရေး ချိတ်ဆက်ရန် (တိကု) • အခြေခံမွေးမြူရေး လုပ်သားသင်တန်း • ကာကွယ်ဆေးပုံမှန် ထိုးနှံနိုင်ရန် တိကုဌာနထံ ချိတ်ဆက်လုပ်

ပြဿနာ	ဖြစ်ပွားရသည့်အကြောင်းအရင်း	အလားအလာ	အဟန့်အတား	စီမံကိန်း	ဖြေရှင်းနိုင်သည့်နည်းလမ်း
	မရှိခြင်း။	လက်လှမ်းမှီခြင်း။ (ဇရပ်ကွင်းကျေးရွာ) • အိမ်ခြံဝန်းမြေနေရာကျယ်ဝန်းခြင်း။ • မွေးမြူရေးအဆောက်အဦဆောက်လုပ်ရန် သစ်ဝါးများ ပေါများခြင်း။ • နွား၊ ဝက် ဈေးကောင်းခြင်း • ဆိတ်၊နွားများတိုးချဲ့မွေးမြူရန်စိတ်ဝင်စားခြင်း။	ကြောက်ရခြင်း)		ဆောင်ခြင်း။ • ဝက်များကို ခြံခတ်စနစ်မွေးမြူရန်။ • ကြက်စီးပွားဖြစ်မွေးမြူ ရန်။ • ဆိတ်၊ နွားများတိုးချဲ့ မွေးမြူနိုင်ရန်အရင်းအနှီးများချိတ်ဆက် ခြင်း
၄။စိုက်မွေးမဟုတ်သောအခြားစီးပွားရေးလုပ်ငန်းများ • အသေးစားစီးပွားရေးလုပ်ငန်းများတိုးချဲ့မလုပ်ဆောင်နိုင်ခြင်း	• လုပ်ငန်းများတိုးချဲ့လုပ်ကိုင်ရန် အရင်းအနှီးလိုအပ်ခြင်း (ဈေးဆိုင်၊ ခေါင်းရွက်ဗျက်ထိုး) • အရင်းအမြစ်များကို မှီခိုအသက်မွေးဝမ်းကျောင်းပြဿနာများ ခြင်း (သစ်၊ ဝါး၊ မျှစ် ချိုး၊ ရွှေ၊ မီးသွေးဖုတ် ခြင်း) • အရင်းအမြစ်များကို မှီခိုလုပ်ကိုင် စား	• အသေးစား၊ စားသောက်ကုန်၊ လူသုံးကုန်၊ ခေါင်းရွက်ဗျက်ထိုးလုပ်ကိုင်ရန်ဈေးကွက်ရှိခြင်း၊ (ကုမ္ပဏီလုပ်ငန်းများတွင် လုပ်သားများရှိ ၍ သွားရောက်ရောင်းချနိုင်ခြင်း) • မြစိမ်းရောင်၊သမအသင်းစုချေးငွေရှိခြင်း • သဘာဝဓါတ်သတ္တု	• အရင်းအနှီးအတွက် ချေးငွေရှိသော်လည်း မလုံလောက်ခြင်း • အသေးစားစီးပွားရေးလုပ်ငန်းများအတွက် ချေးငွေမူဝါဒအစီအစဉ်ကောင်းများ မရှိ ခြင်း၊ မချိတ်ဆက်နိုင်ခြင်း။ (နိုင်ငံတော်အ ဆင့်) • အခြေခံကျွမ်း ကျင်မှု	• အသေးစားစီးပွားရေးလုပ်ငန်းများတိုးချဲ့လုပ်ကိုင်နိုင်ပြီး အလုပ်အကိုင်အခွင့်အ လမ်းများရရှိအောင်လုပ်ဆောင်ရန် (ကျေးလက်၊ လုပ်ငန်းရှင်များ၊ အိမ်တွင်း စက်မှုလက်မှု လုပ်ငန်းများနှင့်ချိတ်ဆက်ရန်)	• အသေးစားလုပ်ငန်းအသင်းများဖွဲ့စည်းခြင်း • ချေးငွေနှင့်နည်းပညာများရရှိန်လုပ်ဆောင်ခြင်း • လက်လုပ်လက်စားမိသားစုများအတွက်အသေးစားလုပ်ငန်းများလုပ်ကိုင်နိုင်

ပြဿနာ	ဖြစ်ပွားရသည့်အကြောင်းအရင်း	အလားအလာ	အဟန့်အတား	စီမံကိန်း	ဖြေရှင်းနိုင်သည့်နည်းလမ်း
	သောက်ရ၍ အရင်းအမြစ်ရှားပါးချိန်တွင် အသက်မွေးမှုခက်ခဲခြင်း • အခြေခံလုပ်ငန်းကျွမ်းကျင်မှု မရှိခြင်း	(ရွှေ၊ သဲ) များရှိခြင်း • လျှပ်စစ်မီးရရှိခြင်း	သင်တန်းများလက်လှမ်းမမှီခြင်း		ရန်အရင်းအနှီးရရန်ဆောင်ရွက်ခြင်း(ခေါင်းရွက်ဗျက်ထိုး၊အိမ်ဆိုင်) • လက်သမား၊ ပန်းရံ၊ အိမ်တွင်းမှု၊ ဆံပင်ညှပ်၊ စက်ချုပ်၊ ဆိုင်ကယ်ပြုပြင်၊ စက်ပြုပြင်ရေး သင် တန်းများ ချိတ်ဆက်ပေးရန် • အခြေခံကျွမ်းကျင်မှုသင်တန်းများချိတ်ဆက်ပေးရန်(ကွန်ပြူတာ၊ အင်္ဂလိပ်စာ)
၅။ ပညာရေး ကျောင်းသားသူများပညာသင် ကြားရာတွင်ပညာရေးအခြေခံအားနည်းခြင်း	• ကျောင်းသားသူဦးရေများ၍ စာသင်ခုံမလုံလောက်ဘဲနေရာကျဉ်းကျပ်ခြင်း • ကျောင်းအိမ်သာများမကောင်းခြင်း • မိသားစုများဆင်းရဲခြင်း	• မူလတန်း၊ မူကြို ကျောင်းများ ရှိခြင်း • ဇရပ်ကွင်းကျေးရွာ (၂ မိုင်) တွင် အလယ်တန်း၊ အထက်တန်းကျောင်း များရှိခြင်း • ဆရာမ ၄ ဦး၊ ဆရာ	• မိသားစုများစီးပွားရေး အဆင်မပြေခြင်း • သားသမီးပညာ ရေးကိုဦးစားမပေးနိုင်ခြင်း။ • မိဘဆရာအသင်း	• ကျေးရွာအတွင်းကျောင်းသားသူများကျောင်းပရိဘောဂ၊ သင်ထောက်ကူပစ္စည်းများပြည့်စုံ၍ကောင်းမွန်သော ပညာသင်ကြားရေး	• သင်ထောက်ကူပစ္စည်း များ ရရန် ရန်ပညာရေးဌာနချိတ်ဆက်ရန် • စာသင်ခုံများလုံလောက်စွာရရန် ဆောင်ရွက် ခြင်း

ပြဿနာ	ဖြစ်ပွားရသည့်အကြောင်းအရင်း	အလားအလာ	အဟန့်အတား	စီမံကိန်း	ဖြေရှင်းနိုင်သည့်နည်းလမ်း
	• အထက်တန်းပညာသင်ကြားရန်မတက်နိုင်ခြင်း • အထက်တန်းပညာ ကို အခြားကျေးရွာ များသို့ သွားရောက်တက်ရ၍ စရိတ်များခြင်း • အထက်တန်းတွင် ကျောင်းထွက်နှုန်း မြင့်မားခြင်း	ဒဋ္ဌိ ရှိခြင်း • ကျောင်း ဆောင်သစ် တစ်ခု တည်ဆောက်နေခြင်း • ယင်လုံအိမ်သာဆောက်လုပ်ရန်ရံပုံငွေရရှိထားခြင်း	ချိတ်ဆက်မှု အားနည်းခြင်း	ပတ်ဝန်းကျင်ဖန်တီးပေးရန်၊အထက်တန်းပညာမြှင့်တင်ရန်၊	• ယင်လုံအိမ်သာများတည်ဆောက်ခြင်း။ • မူလတန်းဆရာမများစွမ်းဆောင်ရည်မြှင့်တင်ရန် မွမ်းမံသင်တန်းများ တက်ရောက်ရန်၊ • အထက်တန်းပညာဆက်လက်သင်ကြားနိုင်ရန် မိဘများကိုစည်းရုံးလှုံ့ဆော်ရန်။
၆။ သောက်သုံးရေ					
• ကျေးရွာအိမ်ထောင်စုများ သောက်သုံးရေသုံးစွဲရန်ခက်ခဲခြင်း၊	• ကျေးရွာတောင်ပိုင်းတွင် သောက်သုံးရေတွင်းမရှိခြင်း • ကျေးရွာတစ်ရွာလုံးလုံလောက်ရန် ရေသိုလှောင်ကန် နည်းပါးခြင်း၊ • နွေနှင့်ဆောင်းတွင် ရွာလယ်၊ မြောက်ပိုင်းကန်များတွင်သွားရောက်ရန်ခက် ခဲခြင်း။	• သောက်သုံးရေ ရေအရင်းအမြစ်လုံလောက်ခြင်း • ချောင်းရေကို လက်ယက်တွင်းသုံး၍ သုံးကြခြင်း • ကျေးရွာဆရာတော်ဦးဆောင်၍ တောင်ပိုင်းတွင်စက်ရေတွင်းတူးနေခြင်း၊	• ရေတွင်းတူးရန် ရေကြောပေးခြင်း၊	• ကျေးရွာအိမ်ထောင်စုများ သောက်သုံးရေရာသီပတ်လုံးလုံလောက်စွာ ရရှိရန်။	• သောက်သုံး ရေတွင်းများတူးဖော်လုပ်ဆောင်ရန် (ကျေးလက်၊စည်ပင်၊ လွတ်တော်) ချိတ်ဆက်ရန် • ကျေးရွာရေလှောင်ကန်များတိုးချဲ့တည်ဆောက်ရန်။ • ကျေးရွာအိမ်

ပြဿနာ	ဖြစ်ပွားရသည့်အကြောင်းအရင်း	အလားအလာ	အဟန့်အတား	စီမံကိန်း	ဖြေရှင်းနိုင်သည့်နည်းလမ်း
					ထောင်စုများရေပေးဝေနိုင်ရန် ရေပိုက်လိုင်းများတပ်ဆင်ရန်၊
၇။ လျှပ်စစ်မီး • ဆင်းရဲသားမိသားစုများ လျှပ်စစ်မီးမသွယ်တန်းနိုင်ခြင်း	• လျှပ်စစ်မီးသွယ်တန်းရန် မတည်ငွေမတက်နိုင်ခြင်း။ • ကျေးရွာအတွင်း လက်လုပ်လက်စားမြေယာမဲ့များခြင်း။	• လျှပ်စစ်မီးသွယ်တန်းရန် ရံပုံငွေစတင်ကောက်ခံနေခြင်း (မီးလင်းရေးကော်မတီမှ ဦးဆောင်၍) • အများစုသောအိမ်ထောင်စုများလက်ရှိလျှပ်စစ်မီးရရှိနေခြင်း	• ဆင်းရဲသားအိမ်ထောင်စုများဖြစ်၍ စုဆောင်းငွေ မရှိ၍ ငွေကြေးမတတ်နိုင်ခြင်း။	• အိမ်ထောင်စုများလျှပ်စစ်မီးလက်လှမ်းမှီရန်	• ကျန်အိမ်ထောင်စုများကို စည်းရုံးလှုံ့ ဆော်ရန်။ • မီးသွယ်တန်းကုန်ကျစရိတ်ကိုမီးလင်းရေးကော်မတီမှ ဆင်းရဲသားအိမ်ထောင်စုများအတွက်နှုန်းကြေးသီးသန့်ကောက်ခံရန် • ကျေးလက်ဌာနနှင့်ချိတ်ဆက်ရန်
၈။သဘာဝဘေး အန္တရာယ်၊ပတ်ဝန်းကျင်ထိန်းသိမ်းရေး • သဘာဝဘေးအန္တရာယ်လျော့ချရေး၊ သဘာဝပတ်ဝန်း	• စစ်ကိုင်းပြတ်ရွှေကြောတွင် ပါသောကြောင့် ငလျင်မကြာခဏလှုပ်ခတ်ခြင်း။ • သဘာဝဘေးအန္တရာယ်လျော့ချရေးအစီအမံများ	• ၂၀၁၂ခုနှစ် ငလျင်ဒဏ် ကြုံတွေ့ဖူး၍ ကျေးရွာသူ/ သားများရေဒီယို နားထောင်သော အလေ့အထရှိလာခြင်း။	• သဘာဝဘေးအန္တရာယ်လျော့ရေး၊ကြိုတင်ကာကွယ်ရေး မူဝါဒများအောက်ခြေသို့ရောက်ရန်ချိတ်	• သဘာဝဘေးအန္တရာယ်လျော့ချရေး၊ ကြိုတင်ကာကွယ်ရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်း	• သဘာဝဘေးအန္တရာယ်ကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းခြင်း • သဘာဝဘေး

ပြဿနာ	ဖြစ်ပွားရသည့်အကြောင်းအရင်း	အလားအလာ	အဟန့်အတား	စီမံကိန်း	ဖြေရှင်းနိုင်သည့်နည်းလမ်း
ကျင် ထိန်းသိမ်းရေးအသိနည်းပါးခြင်း။ • သစ်တောပြုန်းတီးလာခြင်း။	မရှိခြင်း။ • ကြိုတင်ကာကွယ် ရေး၊ ချိတ်ဆက် မည့် ဌာနများ၊ မသိခြင်း၊ သတင်း မရခြင်း။ • သစ်၊ဝါးများခုတ်ခြင်း၊ မီးသွေးဖုတ်လုပ်ငန်းများ လုပ်ကိုင်ခြင်း။ • ကျေးရွာလူထု သဘာဝ ဝန်းပတ်ဝန်းကို ထိန်းသိမ်းရေးအသိမရှိခြင်း။ • ချက်ရေးပြုတ်ရေး တွင်လည်းထင်းလောင်စာကိုသာ အဓိကသုံးစွဲခြင်း။	• ကျေးရွာအတွင်း အရံမီးသတ်အဖွဲ့၊ များရှိခြင်း။	ဆက်မှုနည်းပါးခြင်း။ • နိုင်ငံတော် အဆင့် DRR အစီအစဉ် ကောင်းမရှိခြင်း။ • ကျေးရွာသူသား များအဓိကသစ်ဝါး မျှစ်ချိုးခြင်း၊ မီးသွေးဖုတ်ခြင်းကို ဝင်ငွေရ လုပ်ငန်းများအဖြစ်လုပ်ကိုင်ရခြင်း။	ရေးလုပ်ငန်းသင်တန်းများလုပ်ငန်းများချိတ်ဆက်လုပ်ကိုင်ရန်။ (သစ်တော၊ သဘာဝပတ်ဝန်းကျင်ထိမ်းသိမ်းရေး၊ အခြားသဘာဝပတ် ဝန်းကျင်အရပ်ဖက်အဖွဲ့အစည်းများ)	အန္တရာယ်လျော့ချရေး၊ ကြိုတင်ကာကွယ်ရေး သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းသင်တန်းများ၊ လုပ်ငန်းများချိတ်ဆက်လုပ်ကိုင်ရန်။ (သစ်တော၊ အန်ဂျီအို) • Early Warning System ၊မိုးလေဝသ၊ ငလျင်သတင်းများရရှိရန် ချိတ်ဆက်ရန်။ (မိုးဇလ) • ကျေးရွာသဘာဝဘေး အန္တရာယ်လျော့ချရေး အစီအစဉ်များရေးဆွဲခြင်း • သစ်၊ဝါး၊ မီးသွေးဖုတ် ခြင်းသည် သစ်တော ပြုန်း

ပြဿနာ	ဖြစ်ပွားရသည့်အကြောင်းအရင်း	အလားအလာ	အဟန့်အတား	စီမံကိန်း	ဖြေရှင်းနိုင်သည့်နည်းလမ်း
					တီးခြင်းကိုဖြစ်နိုင်ကြောင်းကိုကျေးရွာသူသားများအားအသိပေးရန်။ • ကျေးရွာပိုင် ထင်းသစ်တော၊ (Community Forest) တည်ထောင်ရန်၊ ထိန်း သိမ်းရန်
၁၀။လမ်းပန်းဆက်သွယ်ရေး • ကျေးရွာတွင်းလမ်းရွာချင်းဆက် လမ်းမိုးရာသီတွင် သွားလာရ ခက်ခဲခြင်း	• ကျေးရွာချင်းဆက်လမ်းသည် မိုးရာသီတွင်ရေမြုပ်ခြင်း၊ ရေတိုက်စားမှုများ၍ သွားရေးလာရေးခက်ခဲခြင်း • ရွာတောင်ပိုင်း၊ ရွာလယ်ပိုင်းဆက်သောချောင်းကူးတံတားမရှိခြင်း။	• ကျေးလက်ဌာန နှင့် ချိတ်ဆက်နေ ခြင်း • လမ်းမိုင်မရှည်ခြင်း(၁ မိုင် ၇ဖာလုံ) • တံတားထိုးရန် ဆရာတော်ဦးဆောင်၍ ဆောင်ရွက်နေခြင်း	• လမ်းပြင်ရန်၊ တံတားထိုးရန် နည်းပညာ၊ အရင်းအနှီး မတတ်နိုင်ခြင်း	• ကျေးရွာလမ်း ၊ ကျေးရွာချင်းဆက်လမ်းကောင်းမွန်လာ၍ ကျေးရွာသူသားများအဆင် ပြေစွာသွားလာနိုင်ရန်	• လမ်းအရှည်ကိုတိုင်းတာ၍ကျေးလက်၊ စည်ပင်ဌာနသို့ လမ်းပြုပြင်ရန်တင်ပြရန် • ကျေးရွာချင်းဆက်လမ်းကျောက်ချော လမ်းပြုပြင်ရန် • ကျေးရွာအတွင်းချောင်းကူးတံတားတည်ဆောက်ရန်။

ရည်ညွှန်းချက်များ

၁။ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ကျေးလက်ဒေသဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲခြင်း လမ်းညွှန်စာအုပ်၊ ၂၀၁၅၊ မေ၊

၂။ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၏ကျေးရွာဆိုင်ရာရည်ညွှန်းမှတ်တမ်းစာအုပ်၊

အပိုင်း (ခ)စီမံချက်ဆိုင်ရာအချက်အလက်

စီမံချက်အဆိုပြုလွှာ (သို့) စီမံချက်အကြောင်းအရာ (Project profile)

ကျေးရွာ - ကျေးရွာအုပ်စု - မြို့နယ် - တိုင်းဒေသကြီး / ပြည်နယ် -	
စီမံချက်အမည် -	
စီမံချက်ဆောင်ရွက်ရန် လိုအပ်ကြောင်း ရှင်းလင်းဖော်ပြချက် (သို့) လက်ရှိအခြေအနေ	
စီမံချက်ရည်ရွယ်ချက်(လက်ရှိအခြေအနေအား ပိုကောင်းအောင်ဆောင်ရွက်လိုသည့် ဆန္ဒဖော်ပြရန်)	
မျှော်မှန်းအကျိုးရလဒ် (လက်ငင်းရည်ရွယ်ချက် ရောက်ရှိပြီးနောက် ထပ်ဆင့်ရရှိလာမည့် အကျိုးကျေးဇူး များ)	
စီမံချက်ဆိုင်ရာ အချက်အလက်ဖော်ပြခြင်း (ဘာလုပ်မည်၊ ဘယ်လောက် ပမာဏလုပ်ရမည်)	
စီမံချက် ကုန်ကျစရိတ်ထည့်ဝင်မှု	
ခန့်မှန်းကုန်ကျစရိတ် (ကျပ်)	ထည့်ဝင်မည့် အစီအစဉ်
• ……(ငွေသား) • ……..(ငွေသား) • ……(ပစ္စည်း/လုပ်အား) •	• ကျေးလက်ဦးစီး • ကျေးရွာ • ကျေးရွာ •

အကျိုးခံစားသူဦးရေ	လူဦးရေ			ဆင်းရဲချမ်းသာမှု အဆင့်အတန်း (အိမ်ခြေ)				
	ကျား	မ	ပေါင်း	၁	၂	၃	၄	ပေါင်း
ကျေးရွာအဆင့်								
အကျိုးခံစားမည့် ဦးရေ								
မှတ်ချက်။ ချောင်လည်အဆင့် –၁၊ အလယ်အလတ်အဆင့် – ၂၊ ဆင်းရဲ – ၃၊ အလွန်ဆင်းရဲ – ၄								

စီမံချက် အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

(၁) တာဝန်ယူအကောင်အထည်ဖော်မည့် အဖွဲ့အစည်း (များ)၊ အကောင်ထည်ဖော်မည့်စနစ် (ကော်မတီကိုယ်တိုင်၊ ကန်ထရိုက်ဌား)
(၂) စီမံချက်စတင်မည့် အချိန် ခန့်မှန်း
(၃) စီမံချက်ပြီးစီးမည့်အချိန်
(၄) ကျေးရွာထည့်ဝင်မှု ရရှိအောင် ဆောင်ရွက်မည့် အစီအစဉ်
(၅) လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ